# ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏
# လုပ်ငန်းအစီရင်ခံစာ

## (၂၀၂၁ - ၂၀၂၃)

**Ministry of Federal Union Affairs**
**Three Years Report**

**၂၀၂၄၊ ဧပြီလ (၄) ရက်မှ (၆) ရက်နေ့အထိ ကျင်းပသော ပြည်သူ့ညီလာခံတွင် တင်သွင်းသည်။**

**[ပြည်သူ့ညီလာခံတွင် အချိန်အကန့်အသတ်ကြောင့် Power Point ဖြင့် တင်ပြပြီး၊ ဤနေရာတွင် အပြည့်အစုံဖော်ပြထားပါသည်။
TCPC မှ ပြင်ဆင်ထားသော "အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ"
(ကြိုတင်ပြင်ဆင်ရေးမူကြမ်း) ကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။]**

# ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာန

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရတွင် ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတခုဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) သည် ပြည်ထောင်စုအတွင်း နှစ်ပေါင်း (၇၀) ကျော် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ အပါအဝင် နိုင်ငံရေးအကျပ်အတည်းများ၏ အရင်းခံ ပြဿနာများ ချုပ်ငြိမ်းရေး၊ ပင်လုံစာချုပ်တွင် အာမခံချက်ပေးထားသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများကို အာမခံချက်ပေး ထားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အပြန်အလှန် အသိ အမှတ်ပြုခြင်း၊ ချစ်ကြည်ရိုင်းပင်းခြင်းနှင့် သွေးစည်းညီညွတ်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူတရပ်လုံး လူမျိုးမခွဲ၊ ဘာသာမခွဲ၊ ဂျန်ဒါ မခွဲခြားဘဲ၊ လူသားတိုင်း၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံအခွင့်အရေးများ အာမခံချက်ရရှိရေး၊ စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ဖယ်ရှားရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စနစ် တည်ဆောက်ရေးတို့အတွက် ပြည်သူလူထုတရပ်လုံးက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှ တဆင့် အပ်နှင်းထားသော နိုင်ငံရေးလုပ်ပိုင်ခွင့် (De Jure Mandate) နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများနှင့် နွေဦးတော်လှန်ရေးတွင်ပါဝင်နေကြသော တော်လှန်ရေးအင်အားစု အသီးသီး၏ နိုင်ငံရေး လုပ်ပိုင်ခွင့် (De Facto Mandate) တို့ကို ပေါင်းစပ်၍ ဖွဲ့စည်းထားသော ပြည်သူ့အစိုးရတရပ် ဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်တည်ဆောက်ရေးအတွက် စစ်တပ်၏ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ဖျက်သိမ်းပြီးဖြစ်ကြောင်း ၂၀၂၁၊ မတ်လ (၃၁) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်သောနိုင်ငံတနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ် သော ကြားကာလ (တော်လှန်ရေးကာလ) နှင့် အသွင်ကူးပြောင်းရေးကာလသာမက အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးအတွက် လိုအပ်သောလုပ်ငန်း များကို ဖြည့်ဆည်းဆောင်ရွက်ရန် ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ ဦးဆောင်မှုဖြင့် ၂၀၂၂၊ ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင် ကျင်းပခဲ့သော "ပြည်သူ့ညီလာခံ" ကအတည်ပြုပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) နှင့် အစိတ်အပိုင်း (၂) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မျှော်မှန်းချက်**

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှကို အပြီးတိုင်ဖယ်ရှားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတည်း ဟူသော လောကပါလတရားများကို အခြေခံ၍ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတို့ကို အပြည့်အဝအာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး။

**ရည်ရွယ်ချက်**

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သော ပြည်ထောင်စု၏ မျှော်ရည်ချက်နှင့် စံတန်ဖိုးများ၊ လမ်းညွှန်အခြေခံမူများနှင့် အခြေခံမူဝါဒများ ဖော်ထုတ်ပြီး၊ ကြားကာလ (တော်လှန်ရေးကာလ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများ၊ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဒီမိုကရေစီကာလတွင် အမြဲတမ်းကျင့်သုံးရမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကိုရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ရေးနှင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဖော်ဆောင်ရန်။

**လုပ်ငန်းစဉ်များ**

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အခြား ဝန်ကြီးဌာနများ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အခြားတော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း၍ အောက်ပါလုပ်ငန်းစဉ်များကို လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

(၁) ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ပြည်ထောင်စု၏ မျှော်ရည်ချက်များနှင့် စံတန်ဖိုးများ၊ လမ်းညွှန်အခြေခံမူများနှင့် အခြေခံမူဝါဒများကို ဖော်ထုတ်ခြင်းလုပ်ငန်းစဉ် (ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း (၁) နှင့် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာအစီအမံများ (ဖက်ဒရယ် ဒီမိုကရေစီအစိတ် အပိုင်း-၂) တို့ကို ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်။

(၂) အသွင်ကူးပြောင်းရေးကာလအစီအမံများ ရေးဆွဲဖော်ဆောင်ခြင်းလုပ်ငန်းစဉ်။

(၃) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်။

(၄) ဖက်ဒရယ်ဒီမိုကရေစီကာလတွင် အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် လိုအပ်သော ပြင်ဆင်ခြင်းလုပ်ငန်းစဉ်။

(၅) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ကြားကာလအစိုးရအဖွဲ့များ ပေါ်ပေါက်နိုင်ရေးအတွက် လိုအပ်သော အထောက်အကူပြုလုပ်ငန်းများနှင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်။

# ဝန်ကြီးဌာန

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနတွင် အောက်ပါလုပ်ငန်းဌာနများဖွဲ့စည်းပါဝင်၍ စစ်အာဏာရှင်စနစ်ကို အပြီးသတ်ဖယ်ရှားပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းဌာနများမှာ-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာန

(၂) ဖက်ဒရယ်ပညာပေးရေးရာဌာန

(၃) သုတေသနနှင့် ပုံနှိပ်ထုတ်ဝေရေးဌာန

(၄) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးဌာန

(၅) ရုံးအဖွဲ့

## ဝန်ကြီးဌာန ဖွဲ့စည်းပုံ



[၁]

# ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာန

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတို့ကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

## ၁။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်

### (က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် [၂၀၂၁၊ မတ်လ - ၃၁]

ပြည်ထောင်စုစံတန်ဖိုးများ၊ လမ်းညွှန်အခြေခံမူများနှင့် အခြေခံမူဝါဒများသာမက၊ နိုင်ငံလမ်းပြမြေပုံအဆင့် (၁၂) ဆင့်ကို ရေးသားဖော်ထုတ်သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) နှင့် ကြားကာလ (တော်လှန်ရေးကာလ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံဖြစ်သောဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ကို ၂၀၂၁၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (မူကြမ်း) ရေးဆွဲရေးအတွက် ဖွဲ့စည်းခဲ့သော မူကြမ်းရေးဆွဲရေး (၉) ဦးကော်မတီတွင် ဖက်ဒရယ် ပြည်ထောင်စုရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်း ပါဝင်ခဲ့ပါသည်။

### (ခ) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် [၂၀၂၂၊ ဇန်နဝါရီလ ၂၇-၂၉ ရက်]

၂၀၂၁၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) နှင့် အစိတ်အပိုင်း (၂) တို့ကို ၂၀၂၁၊ မေလမှ ၂၀၂၂၊ ဇန်နဝါရီလအထိ ပြန်လည်မွမ်းမံပြင်ဆင်ပြီး ၂၀၂၂၊ ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင်ကျင်းပခဲ့သော ပြည်သူ့ညီလာခံတွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ ဦးဆောင်ခဲ့သော ထိုလုပ်ငန်းစဉ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုယ်စား ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်တို့ ပါဝင်ခဲ့ပါသည်။ (နောက်ပိုင်းတွင် ဦးလွင်ကိုလတ်နေရာတွင် နိုင်ငံရေးခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမိုးဇော်ဦးက အစားထိုးပြောင်းလဲ တာဝန်ယူခဲ့ပါသည်)။

## ၂။ အသွင်ကူးပြောင်းရေးကာလအစီအမံများ ရေးဆွဲဖော်ဆောင်ခြင်းလုပ်ငန်းစဉ်

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနအနေဖြင့် အသွင်ကူးပြောင်းရေးကာလအစီအမံများ ရေးဆွဲဖော်ဆောင်ခြင်းလုပ်ငန်းကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က ဖွဲ့စည်းပေးထားသော ''ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ'' (JCC-Federal) တွင် ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိသည်။

**(က) JCC- Federal ၏ လုပ်ငန်းလမ်းညွှန် (ToR)**

(၁) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများအား အထောက်အကူပြုသည့် လုပ်ငန်းစဉ်များကို ကြိုတင်ဆွေးနွေးဖော်ထုတ်၍ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့ တင်ပြရန်။

(၂) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်ကို ပဏာမအားဖြင့် ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရရှိလာသော မူကြမ်းကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) သို့ တင်ပြရန်။

(၃) ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို ပဏာမအားဖြင့် ဆွေးနွေးဖော်ထုတ် ပြင်ဆင်၍ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့ တင်ပြရန်။

(၄) ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူထားသော ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကို ပံ့ပိုးကူညီရန်။

**မှတ်ချက်။** ၂၀၂၃၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် ကျင်းပခဲ့သော NUCC အစည်းအဝေးတွင် JCC-Federal ၏ရည်ရွယ်ချက်နံပါတ် (၁) နှင့် နံပါတ် (၂) တို့ကို ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးလုပ်ငန်းအဖွဲ့ (TCWG) က ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**(ခ) ပြည်သူ့ညီလာခံက ချမှတ်ပေးထားသော အသွင်ကူးပြောင်းရေးကာလအစီအမံများ**

JCC-Federal က ဆောင်ရွက်ရမည့် အသွင်ကူးပြောင်းရေးကာလအစီအမံများဆိုင်ရာလုပ်ငန်းစဉ် (၁၂) ရပ်ကို ၂၀၂၂၊ ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင် ကျင်းပခဲ့သော ပြည်သူ့ညီလာခံက အတည်ပြုပေးနိုင်ခဲ့ပါသည်။ ထိုလုပ်ငန်းစဉ် (၁၂) ခုအနက် အောက်ပါအကြောင်းအရာ (၆) ခုကို ဆွေးနွေးနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စု ရေးရာဝန်ကြီးဌာန (MoFUA) မှ စာတမ်းများ ရေးသားတင်သွင်းနိုင်ခဲ့သည်။ ယင်းတို့မှာ-

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများကို စနစ်တကျ ဖော်ဆောင်ခြင်း

(၂) အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များကို ဖော်ထုတ်တင်ပြခြင်း

(၃) ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာစာတမ်း

(၄) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဖွဲ့စည်းမှုပုံသဏ္ဍာန်ဆိုင်ရာစာတမ်း

(၅) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေရေးဆိုင်ရာစာတမ်း

(၆) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပခြင်းဆိုင်ရာစာတမ်းတို့ ဖြစ်သည်။

**(ဂ) ဖက်ဒရယ် ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ပြင်ဆင်ထားသော အသွင်ကူးပြောင်းရေးကာလ အစီအမံများ [TCPC ၏ ပြင်ဆင်ရေးမူကြမ်းတွင် ဖော်ပြသော အဆိုပြုချက်]**

(၁) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း [ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ အခန်း (၃)၊ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်- ၈]

(၂) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ (အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ- TNUG) ကို ဖွဲ့စည်းခြင်း [ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ အခန်း (၃)၊ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်- ၉]

(၃) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အသွင်ကူးပြောင်းရေးကာလအစိုးရများကို ဖွဲ့စည်းခြင်း [ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၈)၊ ပုဒ်မ - ၅၂]

(၄) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပ၍ အမြဲတမ်းကျင့်သုံးမည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း [ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် - ၁၀]

(၅) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်အသီးသီးက ရေးဆွဲပြဋ္ဌာန်းခြင်း [ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ အခန်း (၄)၊ အပိုင်း (၂) ပုဒ်မ - ၃]

(၆) အသွင်ကူးပြောင်းရေးကာလ လွတ်လပ်သောကော်မရှင်များ ဖွဲ့စည်းခြင်း

 (က) အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်

 (ခ) ခွဲခြားမှု ပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်

 (ဂ) သတင်းအချက်အလက်များ သိရှိပိုင်ခွင့်ကော်မရှင်

 (ဃ) ဂျန်ဒါတန်းတူရေးနှင့် ဂျန်ဒါအခြေခံပြု အကြမ်းဖက်မှုဆန့်ကျင်ရေးကော်မရှင်

 (င) အခြားလိုအပ်သောကော်မရှင်များ

(၇) အသွင်ကူးပြောင်းရေးကာလတွင် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေး

(၈) အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံသားများ ပြန်လည်စိစစ်လက်ခံခြင်း

(၉) အသွင်ကူးပြောင်းရေးကာလ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးအစီအစဉ်

(၁၀) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ခြင်း (Transitional Justice)

(၁၁) အသွင်ကူးပြောင်းရေးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်များ

(၁၂) အသွင်ကူးပြောင်းရေးကာလ နိုင်ငံတကာအကူအညီ ရယူရေးအစီအစဉ်

## အသွင်ကူးပြောင်းရေးကာလအစီအမံများကို အကောင်အထည် ဖော်ဆောင်ရေး ပြင်ဆင်မှု

[၂၀၂၃ အောက်တိုဘာ (၂၀) ရက်နေ့တွင် Inter- Ministrial Meeting ၌ တင်ပြဆွေးနွေးခဲ့ပါသည်။]

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ကြိုတင်ပြင်ဆင်ရေးဆွဲ၍ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ထံသို့ တင်ပြထားသော ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ'' (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) အခန်း (၃) နှင့် အခန်း (၄) တို့တွင် ''အသွင်ကူးပြောင်းရေးကာလ အစီအမံများ'' နှင့် အသွင်ကူးပြောင်းရေးကာလတွင် မရှိမဖြစ် ဆောင်ရွက်ရမည့် ''တိုင်းပြုပြည်ပြုညီလာခံ'' အကြောင်းတို့ကို ဖော်ပြထားပါသည်။

### (က) တော်လှန်ရေးပန်းတိုင်

နွေဦးတော်လှန်ရေး၏ အန္တိမပန်းတိုင်သည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှကို ချေမှုန်းတိုက်ထုတ်ပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးပင် ဖြစ်ပါသည်။

### (ခ) တိုက်ပွဲပုံသဏ္ဌာန်များ

စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် အာဏာရှင်စနစ်ကို တိုက်ထုတ်ချေမှုန်းရပေမည်။ ထိုသို့ချေမှုန်းရေးတိုက်ပွဲကို ဆင်နွှဲရာတွင် လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ နှစ်မျိုးစလုံးကိုပေါင်းစပ်ထားသည့် စစ်မျက်နှာများနှင့် တိုက်ပွဲပုံသဏ္ဌာန်များစွာတို့ကို ဖော်ထုတ်ရပေမည်။

ယင်းတို့အနက် အရေးကြီးသော တော်လှန်ရေးစစ်မျက်နှာများမှာ- (၁) နိုင်ငံရေး၊ (၂) စစ်ရေး၊ (၃)သံတမန်ရေး၊ (၄) စီးပွားရေး၊ (၅)အုပ်ချုပ်ရေး (၆) လူထုတိုက်ပွဲတို့ဖြစ်သည်။ ထိုတော်လှန်ရေးစစ်မျက်နှာများကို အခြေခံ၍ ဖော်ဆောင်ထားသော တိုက်ပွဲပုံသဏ္ဌာန်များမှာ-

(၁) လူထုဆန္ဒပြပွဲ

(၂) CDM လှုပ်ရှားမှုများ

(၃) သံတမန်ရေးရာ

(၄) ဘဏ္ဍာရေးတိုက်ပွဲ

(၅) လက်နက်ကိုင်တိုက်ပွဲ

(၆) လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲတို့ကို ပေါင်းစပ်ခြင်း စသည်တို့ပါဝင်ပေသည်။

**(ဂ) စစ်ကောင်စီ၏ နိုင်ငံရေးထွက်ပေါက်**

၂၀၂၁၊ ဖေဖော်ဝါရီ (၁) ရက်နေ့တွင် အာဏာသိမ်းရန် စတင်ကြိုးပမ်းသည့်အချိန်မှစ၍ အကြမ်းဖက် စစ်ကောင်စီ သည် သူတို့၏နိုင်ငံရေးထွက်ပေါက်များကို ကြိုတင်စီစဉ်ချမှတ်ထားပြီးဖြစ်ပါသည်။ ယင်းတို့မှာ-

(၁) ရွေးကောက်ပွဲအသစ် ကျင်းပပေးမည်ဟု ကြေညာခြင်း

(၂) NCA လမ်းကြောင်းကိုအခြေခံသော ငြိမ်းချမ်းရေးဆွေးနွေးရန်ဟု အကြောင်းပြကာ ''အမျိုးသားစည်း လုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ''ကို ဖွဲ့စည်းခြင်း

(၃) ငြိမ်းချမ်းစွာ ဆန္ဒပြနေသောလူထုကို ၎င်းတို့၏ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် လက်နက်ကိုင် သောင်းကျန်း၍ ဖမ်းဆီး၊ ထောင်ချ၊ သေဒဏ်ပေးခြင်းတို့သာမက တနိုင်ငံလုံးတွင် ရွာမီးရှို့၊ မုဒိမ်းကျင့်၊ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်ပြီး ပြည်သူတရပ်လုံးကို ရန်သူဟု ပစ်မှတ်ထားကာ စစ်ရာဇဝတ်မှုများကို ကျူးလွန်သည့်စစ်ပွဲများ ဖော်ဆောင်ခြင်းတို့ ပါဝင်သည်။

**(ဃ) စနစ်သစ်ကို ဖော်ဆောင်မည့်တော်လှန်ရေး**

အကြမ်းဖက်စစ်ကောင်စီ၏နိုင်ငံရေးထွက်ပေါက်များကို ဘက်ပေါင်းစုံမှပိတ်ဆို့၍ အပြီးသတ် တိုက်ပွဲ ဆင်နွှဲရန် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပါသည်။ ယင်းတို့မှာ-

(၁) အကြမ်းဖက်စစ်ကောင်စီ၏ သွေးစွန်းသောလက်ဖြင့် မဲပုံးထောင်ရန် ပြင်ဆင်သည့် တရားမဝင် ရွေး ကောက်ပွဲဆန့်ကျင်ရေးကော်မတီ (An-ti Sham Election Committee) ကို ဖွဲ့စည်း၍ လိုအပ်သည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်း

(၂) လူထုလှုပ်ရှားမှုအစိတ်အပိုင်းတခုဖြစ်သည့် CDM လှုပ်ရှားမှုအောင်မြင်ရေးအတွက် CDM Success Committee ဖွဲ့စည်း၍လှုပ်ရှားဆောင်ရွက်ခြင်း

(၃) မဟာမိတ်ဆက်ဆံရေးကော်မတီ (Alliance Relations Committee) ဖွဲ့စည်း၍ တိုင်းရင်းသားတော် လှန်ရေးအဖွဲ့အစည်းများ ခေါင်းဆောင်မှုပေးသော တော်လှန်ရေးတွင် ထဲထဲဝင်ဝင်ပါဝင်လာရေးကို တစိုက်မတ်မတ်ဆောင် ရွက်ခြင်း

[သို့ရာတွင် NCA စာချုပ်လက်မှတ်ရေးထိုးထားသော EAO တချို့နှင့် ဆက်ဆံရေး ပိုမိုအားကောင်းရေး အတွက် အားစိုက်ပြီး ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။ NCA စာချုပ်ချုပ်ဆိုခြင်း (၈) နှစ် မြောက်အခမ်းအနားတက်ရောက်ရန် EAO ခေါင်းဆောင်များ နေပြည်တော်သို့သွားကြခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ပါ။ NUG က NCA စာချုပ်နှင့်ပတ်သက်သောသဘောထားကို ၂၀၂၁၊ ဒီဇင်ဘာလ (၂၁) ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။]

(၄) အကြမ်းဖက်စစ်ကောင်စီကို လူထုအားနှင့် လက်နက်ကိုင်တိုက်ပွဲနှစ်ရပ် ပေါင်းစပ်၍ တိုက်ပွဲပုံစံမျိုးစုံကို ဖော်ဆောင်ခြင်းတို့ ပါဝင်ပေသည်။

သို့ရာတွင် အကြမ်းဖက်စစ်ကောင်စီ၏ နိုင်ငံရေးထွက်ပေါက်အားလုံးကို ပိတ်ဆို့ပြီး၊ စစ်ကောင်စီ ကိုဖြုတ်ချရုံ၊ စစ်အစိုးရကို အပြောင်းအလဲလုပ်ရုံမျှဖြင့် ဤတော်လှန်ရေးကို အဆုံးသတ်မည် မဟုတ်

ပေ။ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသစ်တွင် ''စစ်တပ်သည် နိုင်ငံရေးတွင် ပါဝင်ခြင်း အလျှင်းမရှိစေရ'' ဟူသောပေါ်လစီကို အခိုင်အမာကိုင်စွဲထားပြီး ယင်းကို တိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာပြဋ္ဌာန်းထားရမည် ဖြစ်ပါသည်။ [NUG ၏ TCPC အခန်း (၁) ပုဒ်မ ၁၅ (ဂ) ကို ကြည့်ရန်]

### (င) အပြီးသတ်တိုက်ပွဲ၏ ကြီးမားသောခြေလှမ်းတရပ် (သို့မဟုတ်) မြေပြင်ကိုထိန်းချုပ်ခြင်း

အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူလူထုတရပ်လုံး၏ဆန့်ကျင်တော်လှန်ခြင်းကို တနိုင်ငံလုံးတွင် ရင်ဆိုင်နေရပြီး နေ့စဉ်နှင့်အမျှ တိုက်ပွဲတိုင်းတွင် အရှုံးနှင့်ရင်ဆိုင်နေကြရပါသည်။ လူထု၏ ထောက်ခံမှုကို မရရှိနိုင်သော စစ်တပ်သည် မည်သည့်စစ်ပွဲကိုမျှ နိုင်ရိုးမရှိပါ။ လူထုထောက်ခံမှု အပြည့်အဝရရှိထားသော ပြည်သူ့ဘက်တော်သားများသာ အနိုင်ရစမြဲဖြစ်ပါသည်။

ယခုအခါ လူထုထဲက ပေါက်ဖွားလာသော လူထုဘက်တော်သားများက အောင်ပွဲတဆင့်ပြီး တဆင့်ရရှိပြီး မြေပြင်ကို တနေ့တခြား ပို၍ပို၍ ထိန်းချုပ်နိုင်လာကြပါသည်။ မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၏ဒေသဖြစ်သော ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ချင်းပြည်နယ်များသာမက စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်းနှင့် အခြားတိုင်းဒေသကြီးများတွင်လည်း ''တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (ERO)'' နှင့် ''ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)'' တို့ ပူးပေါင်း၍ လက်နက်ကိုင်တော်လှန်ရေးအောင်ပွဲများနှင့်အတူ မြေပြင်ထိန်းချုပ်မှုများကို တနေ့တခြား ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ကြပါသည်။ ထိုကဲ့သို့သော မြေပြင်ထိန်းချုပ်မှု အားကောင်းစေရန် ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုကိုလည်း NUG တွင် ကော်မတီအသီးသီး ဖွဲ့စည်း၍ ဆောင်ရွက်နေပါသည်။ ယင်းတို့အနက်-

(၁) မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသော နယ်မြေတွင် ''ကြားကာလပြည်နယ်အတိုင်ပင်ခံကောင်စီ'' များ ပေါ်ပေါက်ခြင်းမှတဆင့် ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးကောင်စီများ ပေါ်ပေါက်ရေးကို အားပေးခြင်း

(၂) ပြည်ထောင်စုအစိုးရဖြစ်သော NUG နှင့် အသစ်ပေါ်ပေါက်နေသော (ပေါ်ပေါက်လာလတ္တံ့သော) ပြည်နယ်/ ဖက်ဒရယ်ယူနစ်အစိုးရများနှင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကို စနစ်တကျဖော်ဆောင်နိုင်ရေးအတွက် ''ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (FSCC)'' ကို ဖွဲ့စည်း၍ ကြိုးပမ်းဆောင်ရွက်ခြင်း

(၃) ကြားကာလဒေသန္တရအုပ်ချုပ်မှုဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း၍ အထူးသဖြင့် တိုင်းဒေသကြီးများတွင် ပေါ်ပေါက်လာနေသော ဒေသန္တရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

(၄) ကြားကာလတရားစီရင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း၍ မိမိတို့ထိန်းချုပ်ထားသောနယ်မြေများတွင် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

## အသွင်ကူးပြောင်းရေးကာလအစီအမံများနှင့် လုပ်ငန်းစဉ်များ

**(၂၀၂၃၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် Inter-Ministerial Meeting - IMM တွင် တင်ပြသော အဆိုပြုချက်)**

ကြားကာလ (တော်လှန်ရေးကာလ) အဆင့်မှ အသွင်ကူးပြောင်းရေးကာလအဆင့်သို့ မည်သို့မည်ပုံ တက်လှမ်းကြရမည်ဟု မည်သူမျှ မခန့်မှန်းနိုင်ပါ။ မအလသည် သူ၏ဘန်ကာထဲတွင် ဘဝကို အဆုံးသတ်၍ ဖြစ်နိုင်သည်။ (ဥပမာ နာဇီဟစ်တလာ၏နောက်ဆုံးနေ့) သို့မဟုတ်၊ သူ့ဘန်ကာမှ ထွက်ပြေးရင်း လမ်းတဝက်မှာလည်းဖြစ်နိုင်သည်။ (ဥပမာ အီရတ်မှ ဆဒမ်ဟူစိန်နှင့် လစ်ဗျားမှ ကဒါဖီ)၊ သို့မဟုတ်၊ ဖိအားမျိုးစုံကြောင့် သူ့ဘန်ကာမှ ထုတ်လာပြီး ပြည်သူ့ခုံရုံးနှင့် ကမ္ဘာ့ခုံရုံးတို့ကြောင့်လည်းဖြစ်နိုင်သည်။ (ဥပမာ ယူဂိုဆလားဗီယားမှ မီလိုစဗစ်) နည်းမျိုးစုံဖြင့် ဖြစ်နိုင်ပါသည်။ သို့သော် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဆိုသည့် တောင်အာဖရိကပုံစံတော့ ဖြစ်နိုင်ခြေ နည်းနေပါသေးသည်။ အသွင်ကူးပြောင်းရေးကာလ ဖြစ်ပေါ်နိုင်ခြေများ ကို ''Theory of Change'' အရ အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်ပါသည်။

(၁) လက်ရှိစစ်တပ်အား စစ်ရေးအရ အနိုင်ယူခြင်း (Total Military Defeat)

(၂) လက်ရှိစစ်တပ်အား အသာစီးရယူခြင်း (Reacting to Tipping Point)

(၃) သူမနိုင်၊ ကိုယ်မနိုင်အခြေအနေတွင် စေ့စပ်ညှိနှိုင်းခြင်း (Negotiation)

(၄) ပဋိပက္ခ (ပြည်တွင်းစစ်) အဆုံးမသတ်နိုင်ဘဲ ကြာမြင့်ခြင်း (Prolonged Conflict)

(၅) စစ်တပ်က အသာစီးပြန်ရခြင်း (Military's Upper hand)

အထက်ဖော်ပြပါ ဖြစ်နိုင်ခြေအခင်းအကျင်းများအနက် နွေဦးတော်လှန် ရေးတွင် ပြည်သူလူထုဘက်က မုချအောင်ပွဲဆင်ရမည်ဟူသောအခင်းအကျင်းဖြင့် ဤစာတမ်းငယ်တွင် ဆွေးနွေးလိုပါသည်။ လူထုဘက်က နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး စစ်မျက်နှာပေါင်းများစွာမှ တိုက်ပွဲပုံသဏ္ဍာန်မျိုးစုံကို အသုံးချ၍ နွေဦးတော်လှန်ရေးအဆုံးသတ်တိုက်ပွဲကိုဆင်နွှဲကြရပါလိမ့်မည်။ လက်ရှိကာလတွင် မိမိတို့သည် လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ နှစ်မျိုးစလုံးကို ပေါင်းစပ်ထားသောတိုက်ပွဲပုံစံကို ရွေးချယ်ထားကြပါသည်။ သို့သော် အသွင်ကူးပြောင်းရေးကာလအဆင့်သို့ မည်သည့်နည်းလမ်းဖြင့် မည်သည့်အချိန်တွင် တက်လှမ်းကြမည်ဟု တရားသေပြော၍မရသေးပါ။ အခြေအနေနှင့် အချိန်အခါ၏တောင်းဆိုချက်အတိုင်း မိမိတို့ဘက်မှ အကောင်းဆုံးတုံ့ပြန်နိုင်ရေးကို ရွေးချယ်သွားကြရမည်။

အသွင်ကူးပြောင်းရေးကာလအဆင့်သို့ မည်သို့တက်လှမ်းကြရမည် ဟု အသေအချာမခန့်မှန်းနိုင်သော်လည်း တကယ်ဖြစ်သင့်ဖြစ်ထိုက်သောအချက်တခုမှာ တော်လှန်ရေးအင်အားစုများအနေဖြင့် တိုက်ပွဲအားလုံး အဆုံးသတ်သည်အထိ အသွင်ကူးပြောင်းရေးကာလအစီအမံများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် မစောင့်ဆိုင်းသင့်ပါ။ မိမိတို့ထိန်းချုပ်နိုင်သောနယ်မြေအားလုံးတွင် အသွင်ကူးပြောင်းရေးကာလ အစီအမံများနှင့် လုပ်ငန်းစဉ်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ပါအချက်များ အလေးအနက်ထည့်သွင်း စဉ်းစားသင့်ပါသည်။

(၁) **အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း**

အသွင်ကူးပြောင်းရေးကာလ အစီအမံများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သောအရာသည် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးပင် ဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းကို NUCC က တာဝန်ယူဆောင်ရွက်ရန်ဖြစ်ပါသည်။ NUG အနေဖြင့် အဖွဲ့ဝင်အနေဖြင့်သာ ပါဝင်ခွင့်ရရှိပါသည်။ သို့ရာတွင် NUCC ဘက်တွင် လုပ်ငန်းစဉ် တစ်ဆို့နေသောကြောင့် NUG အနေဖြင့် ကြိုတင်ပြင်ဆင်ရေးမူကြမ်းကို အပြည့်အစုံရေးဆွဲပြီး NUCC ထံသို့ တင်ပြထားပြီးဖြစ်သည်။ အချိန်တန်သောအခါ NUCC ၏ ပြည်သူ့ညီလာခံက လိုအပ်သောဆောင်ရွက်မှုများကို ပြုလုပ်ပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

(၂) **အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ (အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ) ကို ဖွဲ့စည်းခြင်း**

အသွင်ကူးပြောင်းရေးကာလတွင် အချုပ်အခြာအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၊ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအဆင့် တရားစီရင်ရေးတို့ကို စနစ်တကျဆောင်ရွက်ရမည်။ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရာတွင် တော်လှန်ရေးလိုအပ်ချက်အရ နွေဦးတော်လှန်ရေးတွင် ထဲထဲဝင်ဝင်ပါဝင်နေကြသောအဖွဲ့များ (Key Stakeholders) များဖြင့်သာ ဖွဲ့စည်းကြရမည်ဖြစ်ပါသည်။ အားလုံးပါဝင်ရေးမူကို အပြည့်အဝကျင့်သုံး၍ ရမည်မဟုတ်သေးပါ။

(၃) **အသွင်ကူးပြောင်းရေးကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်အစိုးရများ ဖွဲ့စည်းခြင်း**

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံး၍ အသွင်ကူးပြောင်းရေးကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဥပဒေပြုလွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများကို ဖွဲ့စည်းထူထောင်ရမည်။ ပြည်နယ်/ ဖက်ဒရယ်ယူနစ် များအနေဖြင့် ဖက်ဒရယ်စနစ်အရ ကျင့်သုံးအပ်သော ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ''အာဏာခွဲဝေကျင့်သုံးခြင်း'' မူအရ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များက ကျင့်သုံးပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝ ကျင့်သုံးရန် အာမခံချက်ရှိစေရမည်။ ထို့အပြင် အမြဲတမ်းကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်နယ်/ ဖက်ဒရယ်ယူနစ်အသီးသီးက ရေးဆွဲပြဋ္ဌာန်းကြရမည်။

(၄) **တိုင်းပြုပြည်ပြုညီလာခံ ကျင်းပ၍ အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း**

အသွင်ကူးပြောင်းရေးကာလတွင် မရှိမဖြစ် ဆောင်ရွက်ရမည့် အရေးကြီးသောလုပ်ငန်းစဉ်တရပ်မှာ အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် NUG မှ ကြိုတင်ပြင်ဆင် ရေးဆွဲထားသော အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) အခန်း (၄) တွင် တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရေးကိစ္စကို အပြည့်အစုံ ရေးဆွဲဖော်ပြထားပါသည်။

(၅) **ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း**

အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဖက်ဒရယ်ဒီမိုကရေစီကာလတွင် အမြဲတမ်းကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကြရပေမည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ပြဋ္ဌာန်းချက်နှင့်အညီ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရမည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားခြင်းဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်ဆိုသည်မှာ ထိုပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသွင်ကူးပြောင်းရေးကာလအတွင်း သက်ဆိုင်ရာပြည်နယ်/ ဖက်ဒရယ်ယူနစ်များက ရေးဆွဲပြဋ္ဌာန်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

(၆) **အသွင်ကူးပြောင်းရေးကာလ လွတ်လပ်သောကော်မရှင်များ**

အသွင်ကူးပြောင်းရေးကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုတရပ်လုံး၏ ဘဝလုံခြုံရေးနှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သောယန္တရားများကို စနစ်တကျ ထူထောင်ဖန်တီးနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရကို အထောက်အကူဖြစ်စေခြင်းငှာသော်လည်းကောင်း၊ တိုင်းပြုပြည်ပြုညီလာခံတွင် ဆောင်ရွက်မည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို အထောက်အကူဖြစ်စေခြင်းငှာသော်လည်းကောင်း အောက်ပါကော်မရှင်များကို အနည်းဆုံး ဖွဲ့စည်းထားရမည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်
(Anti-Corruption Commission)

(ခ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်
(Anti-Discrimination and Human Rights Commission)

(ဂ) သတင်းအချက်အလက်များ သိရှိပိုင်ခွင့်ကော်မရှင်
(Right to Information)

(ဃ) ဂျန်ဒါတန်းတူရေးနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုဆန့်ကျင်တားဆီးရေး ကော်မရှင်
(Gender Equality and Gender-based Violence Commission)

(င) အခြားလိုအပ်သောကော်မရှင်များ

(၇) **ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားခြင်း**

အနှစ် (၇၀) ကျော် ပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ နွေဦးတော်လှန်ရေးကာလ စစ်ကောင်စီ၏ ရက်စက်သောင်းကျန်းမှုများကြောင့်သော်လည်းကောင်း နှစ်ပေါင်းများစွာဒုက္ခသည် ဘဝရောက်ရှိခဲ့ကြရသူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို စနစ်တကျပြန်လည်နေရာချထားပေးရေးနှင့် လူမှုဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ကော်မတီများနှင့်ကော်မရှင်များကို ပြည်ထောင်စုအတိုင်းအတာဖြင့်သော်လည်းကောင်း၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်အလိုက်သော်လည်းကောင်း လိုအပ်သလိုဖွဲ့စည်းရမည်။ ထိုပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ကို အသွင်ကူးပြောင်းရေးကာလအတွင်း အပြီးအစီး ဆောင်ရွက်နိုင်ခြင်း မရှိပါက အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရကျင်းပသော ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော အစိုးရသစ်က ဆက်လက်ဆောင်ရွက်ရမည်။

(၈) **နိုင်ငံသားအဖြစ် ပြန်လည်စိစစ်လက်ခံခြင်း**

အနှစ် (၇၀) ကျော် ပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ ၁၉၈၂ နိုင်ငံ သားဥပဒေနှင့် အခြားသော မတရားခွဲခြား ဆက်ဆံသည့်ဥပဒေ အမျိုးမျိုးကြောင့် နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး လက်လွတ်ဆုံးရှုံးနေရသူများကို ပြန်လည်စိစစ်၍ နိုင်ငံသားများဖြစ်ခွင့် ပြန်လည်ရရှိနိုင်ရေးအတွက် နိုင်ငံသားများအဖြစ်ပြန်လည်စိစစ်ရေးကော်မရှင်တရပ်ကို ဖွဲ့စည်းထူထောင်ရမည်။

(၉) **အသွင်ကူးပြောင်းရေးကာလ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်းကို ဖော်ဆောင်ခြင်း (Security Sector Refrom)**

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ပြဋ္ဌာန်းချက်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု၏လုံခြုံရေးဆိုင်ရာတပ်ဖွဲ့အားလုံးသည် အရပ်သားအစိုးရလက်အောက်တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းတရပ်သာဖြစ်သောကြောင့် နိုင်ငံရေးတွင် ပါဝင်ခြင်း အလျှင်းမရှိစေရဟူသော ‘မူ’ ကို အခိုင်အမာကိုင်စွဲပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ဖက်ဒရယ်တပ်မတော် ပေါ်ထွန်းရေးကို ရှေးရှု၍ ‘‘လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းအစီအစဉ်’’ (Security Sector Reform) ကို အသွင်ကူးပြောင်းရေးကာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၁၀) **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ကို ဖော်ဆောင်ခြင်း**

အသွင်ကူးပြောင်းရေးကာလတွင် မရှိမဖြစ်ဆောင်ရွက်ရမည့် အရေးကြီးသော အခြားလုပ်ငန်းစဉ်တရပ်မှာ ‘‘အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ခြင်း’’ ပင်ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလအဆင့် ရောက်သောအခါ ‘‘အသွင်ကူးပြောင်းရေးကာလတရားမျှတမှုကို စနစ်တကျပုံဖော်ဆောင်ရွက်နိုင်ရေး’’ အတွက် NUG နှင့် NUCC တို့ပူးပေါင်း၍ ‘‘JCC- Transitional Justice’’ ကို ဖွဲ့စည်းပြီး လိုအပ်သောလုပ်ငန်းများ ရေးဆွဲနေပါသည်။

(၁၁) **အသွင်ကူးပြောင်းရေးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်း**

နှစ်ပေါင်း (၇၀) ကျော်ကြာမြင့်နေပြီဖြစ်သောပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မတရားအာဏာသိမ်းရန် ကြိုးပမ်းခဲ့သောစစ်ကောင်စီ၏ သောင်းကျန်းဖျက်ဆီး

မှုကြောင့်သော်လည်းကောင်း၊ ယိုယွင်းပျက်စီးနေသော တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအတိုင်းအတာဖြင့်သော်လည်းကောင်း၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအနေဖြင့်သော်လည်းကောင်း စီမံဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကော်မတီနှင့် ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရပါမည်။

**(၁၂) အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတကာ၏အကူအညီများရယူခြင်း**

အသွင်ကူးပြောင်းရေးကာလအတွင်း လိုအပ်သည့် လူသားချင်း စာနာထောက်ထားရေးအစီအစဉ်များ အတွက်သော်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထား ရေးအစီအစဉ်အတွက်သော်လည်းကောင်း၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တရပ်လုံး အတွက်သော်လည်းကောင်း လိုအပ်လျက်ရှိသော ငွေကြေးနှင့်နည်းပညာအထောက်အကူများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများ ထံမှ လုံလောက်စွာ ရရှိနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရကို ကူညီ ထောက်ပံ့နိုင်မည့်လိုအပ်သော ကော်မတီ၊ ကော်မရှင်များနှင့် ယန္တရားများကို ဖန်တီးထူထောင်ရမည်။

## ရှေ့လုပ်ငန်းစဉ်များ

စစ်အာဏာရှင်စနစ်ကို အပြီးသတ်တိုက်ဖျက်ချေမှုန်းပြီး စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလတွင် အထက်ဖော်ပြပါ “အသွင်ကူးပြောင်းရေးကာလ အစီအမံများ” ကို အပြည့်အဝအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။ NUG ၏ TCPC က ကြိုတင် ပြင်ဆင်ရေးဆွဲထားသော “အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ” (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) အခန်း (၃) တွင် ထိုအစီအမံများကို ဖော်ပြထားသော်လည်း လုပ်ငန်းစဉ်အသေးစိတ်ကို ပါဝင်သင့်ပါဝင်ထိုက် သော အဖွဲ့အစည်းများပါဝင်၍ ထပ်မံဆွေးနွေးတိုင်ပင်ဖော်ထုတ်ရန်လိုအပ်ပါသည်။ အထက်ဖော်ပြပါ အစီအမံ များအနက် “အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု” (Transitional Justice) ကို NUG နှင့် NUCC တို့ပူး ပေါင်း၍ JCC-TJ က ရေးဆွဲပြင်ဆင်ထားပြီးဖြစ်ပါသည်။ ကျန်ရှိနေသေးသောအစီအမံများကို အပြည့်အစုံ ပြင်ဆင်ရေးဆွဲရန် ထပ်မံကြိုးပမ်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အသွင်ကူးပြောင်းရေးကာလအစီအမံများကို လက်တွေ့ဆောင်ရွက်အကောင်အထည် ဖော်နိုင်ရေး အတွက် ပထမလိုအပ်သည်မှာ အကြမ်းဖက်စစ်ကောင်စီကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်ချေမှုန်းရန် လိုအပ် ပါသည်။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီကို အနိုင်ယူတိုက်ပွဲဝင်ရေးနှင့် အသွင်ကူးပြောင်းရေးကာလ အစီ အမံများ ဖော်ဆောင်ရေးဆက်စပ်မှုကို တဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

| How to win?<br>(Winning Strategy for Day 1) | How to Rule?<br>(Ruling Strategy for Day 2) |
|---|---|
| (လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲကို ပေါင်းစပ်ထားသည့် မဟာဗျူဟာ)<br>**တော်လှန်ရေးစစ်မျက်နှာများ**<br>၁။ နိုင်ငံရေး<br>၂။ စစ်ရေး<br>၃။ သံတမန်ရေး<br>၄။ စီးပွားရေး<br>၅။ အုပ်ချုပ်ရေး<br>၆။ လူထုတိုက်ပွဲ<br>**တိုက်ပွဲပုံသဏ္ဍာန်များ**<br>၁။ လူထုဆန္ဒပြပွဲ<br>၂။ CDM လှုပ်ရှားမှုများ<br>၃။ သံတမန်ရေးရာ<br>၄။ ဘဏ္ဍာရေးတိုက်ပွဲ<br>၅။ လက်နက်ကိုင်တိုက်ပွဲ<br>၆။ လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲတို့ ပေါင်းစပ်ခြင်း | (၁) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း<br>(၂) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုအစိုးရ (TNUG) ကို ဖွဲ့စည်းခြင်း<br>(၃) အသွင်ကူးပြောင်းရေးကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏အစိုးရများကို ဖွဲ့စည်းခြင်း<br>(၄) တိုင်းပြုပြည်ပြုညီလာခံ ခေါ်ယူကျင်းပ၍ အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း<br>(၅) အမြဲတမ်းကျင့်သုံးမည့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း<br>(၆) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ဖော်ဆောင်ခြင်း<br>(၇) လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ခြင်း<br>(၈) ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားခြင်း<br>(၉) နိုင်ငံသားအဖြစ် ပြန်လည်စိစစ်လက်ခံခြင်း<br>(၁၀) အသွင်ကူးပြောင်းရေးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖော်ဆောင်ခြင်း<br>(၁၁) အသွင်ကူးပြောင်းရေးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သော နိုင်ငံတကာအကူအညီများ ရယူခြင်း<br>(၁၂) အသွင်ကူးပြောင်းရေးကာလ လွတ်လပ်သော ကော်မရှင်များ ဖွဲ့စည်းခြင်း |

## တိုင်းပြုပြည်ပြုညီလာခံ

[ ၂၀၂၂၊ ဇွန်လ (၂၁) ရက်နေ့တွင် JCC-Federal ထံသို့ တင်ပြထားသော
အဆိုပြုချက် ]

### (၁) ရည်ရွယ်ချက်

တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရခြင်း၏ရည်ရွယ်ချက်သည် အမြဲတမ်းကျင့်သုံးမည့် ''ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ'' အသစ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဖြစ်သည်။

### (၂) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရန် လိုအပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်းရန် နည်းလမ်းများစွာရှိပါသည်။ သို့ရာတွင် မိမိတို့ ဆင်နွှဲနေသော တော်လှန်ရေး၏ လိုအပ်ချက်အရ ၂၀၂၂၊ ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင် ကျင်းပခဲ့သည့် ''ပြည်သူ့ညီလာခံ'' တွင် အတည်ပြုပြဋ္ဌာန်းထားသော ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)'' တွင် ပါရှိသည့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၁၀) တွင် ''တိုင်းပြုပြည်ပြုညီလာခံ'' (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း'' ကို ဆောင်ရွက်ရမည်ဟု အတိအလင်း ဖော်ပြထားပါသည်။ ထို့ကြောင့် တိုင်းပြုပြည်ပြုညီလာခံ ကျင်းပခြင်းသည် မိမိတို့ရွေးချယ်ထားသော နိုင်ငံရေးဖြစ်စဉ်တရပ်ပင် ဖြစ်ပါသည်။

### (၃) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပပိုင်ခွင့်အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ

(က) ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲကြီးတွင် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးက အပ်နှင်းထားသည့် တရားဝင်လုပ်ပိုင်ခွင့်အာဏာ (De Jury Mandate)

(ခ) နွေဦးတော်လှန်ရေးနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာ (De Facto Mandate)

(ဂ) အထက်ဖော်ပြပါ De Jury Mandate နှင့် De Facto Mandate တို့ကိုပေါင်းစပ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် Mandate များ အပြည့်အစုံ ရှိပါသည်။

(ဃ) ထို့ကြောင့် တိုင်းပြုပြည်ပြုညီလာခံတရပ်ကျင်းပရန် ရွေးကောက်ပွဲအသစ်ထပ်မံကျင်းပရန် မလိုပါ။

### (၄) ပါဝင်တက်ရောက်ကြမည့်သူများ

(က) ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော လွှတ်တော်ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ (ယခုကြားကာလတွင် ပါဝင်နိုင်ခြင်းမရှိသေးသော နိုင်ငံရေးပါတီများလည်း) ပါဝင်ရမည်။

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(ဃ) နွေဦးတော်လှန်ရေးတွင်ပါဝင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများ (ယခု နွေဦးတော်လှန်ရေးတွင် မပါဝင်နိုင်ကြသေးသော CBO-CSO များလည်း ပါဝင်စေရမည်။)

(င) ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကောင်စီများ (ယခုကြားကာလတွင် မပါဝင်နိုင်ကြသေးသော အဖွဲ့အစည်းများနှင့် ကြားကာလအလွန်တွင် ထပ်မံဖွဲ့စည်းကြသည့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များလည်း ပါဝင်စေရမည်။)

**မှတ်ချက်။** အစုအဖွဲ့များ၏ ပါဝင်နှုန်းအချိုးအစားကို ဆက်လက်ညှိနှိုင်းဆွေးနွေးမည်။

## (၅) တိုင်းပြုပြည်ပြုညီလာခံ မကျင်းပမီ ပြင်ဆင်ရန် လိုအပ်သောအချက်များ

(က) အသွင်ကူးပြောင်းရေးကာလမတိုင်မီ ကြားကာလတွင် အသွင်ကူးပြောင်းရေးအစီအမံများကို စနစ် တကျဆောင်ရွက်သင့်သည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းပြုပြည်ပြုညီလာခံ ကျင်းပခြင်းကို သီးသန့်အခန်းတခုအဖြစ် စနစ်တကျ ရေးသားပြဋ္ဌာန်းသင့်သည်။

(ဂ) တိုင်းပြုပြည်ပြုညီလာခံကို တည်ငြိမ်အေးချမ်းသောအခြေအနေအောက်တွင် ကျင်းပနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလကို တည်ငြိမ်စွာ ထိန်းသိမ်းမည့် ''အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ'' ကိုဖွဲ့စည်းသည်။ ယင်းအစိုးရဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များကို အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စနစ်တကျ ရေးဆွဲပြဋ္ဌာန်းသင့်သည်။ [FDC Roadmap အဆင့် (၉)]

(ဃ) အသွင်ကူးပြောင်းရေးကာလအတွင်း ဥပဒေပြုရေးအာဏာကို ၂၀၂၀ ရွေးကောက်ပွဲတွင် လူထုတရပ်လုံးက လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝအပ်နှင်းထားသည့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ကျင့်သုံးပိုင်ခွင့်ရှိကြောင်း အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းရှင်းလင်းလင်း ရေးသားပြဋ္ဌာန်းပါမည်။

(င) အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုသက်ဆိုင်ရာပြည်နယ်/ ဖက်ဒယ်ယူနစ်များက ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိကြောင်း အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းရှင်းလင်းလင်း ရေးသားပြဋ္ဌာန်းပါမည်။

(စ) တိုင်းပြုပြည်ပြုညီလာခံကျင်းပခြင်းသည် ပြည်ထောင်စု၏အတိတ်ပြဿနာများကိုဖြေရှင်းခြင်း၊ ပစ္စုပ္ပန်ကာလ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းနှင့် အနာဂတ်ဘဝကို နိုင်ငံရေးအရ အာမခံချက်ပေးနိုင်သော တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သည့်ညီလာခံကြီးဖြစ်သောကြောင့် ပြည်ထောင်စု၏ အနာဂတ်ကို စုပေါင်းပိုင်ဆိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊

အလွှာပေါင်းစုံနှင့် ဒေသပေါင်းစုံမှ လူထုတရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် ''အားလုံးပါဝင်ရေးမှု'' ကို အလေးထားဆောင်ရွက်သင့်သည်။

**မှတ်ချက်။** ။ တိုင်းပြုပြည်ပြုညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်မှုသည် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေကို အခိုင်အမာ ရေးဆွဲပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။

## (၆) တိုင်းပြုပြည်ပြုညီလာခံကျင်းပရေးအတွက် လိုအပ်သောယန္တရားများကို ဖန်တီးခြင်းနှင့်ပြင်ဆင်ခြင်း

တိုင်းပြုပြည်ပြုညီလာခံတရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သောယန္တရားများ ဖွဲ့စည်းမှုပုံစံသည် ပုံမှန်လွှတ်တော်တရပ်ဖွဲ့စည်းမှုပုံစံနှင့် သာမန်အားဖြင့်တူညီပါသည်။ သို့ရာတွင် တိုင်းပြုပြည်ပြုညီလာခံ၏ အဓိကတာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင် လျင်မြန်ချောမွေ့နိုင်ရေးအတွက် အောက်ပါယန္တရားများကို မရှိမဖြစ်ဖွဲ့စည်းရပေမည်။

(က) လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း (Thematic Committee)

(ခ) အုပ်ချုပ်စီမံရေးလုပ်ငန်းကော်မတီများ (Administratic Committee)

(ဂ) နည်းပညာအထောက်အကူအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့များ

(ဃ) ပြည်တွင်းပြည်ပမှ ပညာရှင်အစုအဖွဲ့များ (လိုအပ်သလို အကြံဉာဏ်များ ရယူနိုင်ရေးအတွက် ပညာရှင်အဖွဲ့များကို အဆင်သင့်ထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။)

(င) ဆုံးဖြတ်ချက် ချမည့်ပုံစံကို ကြိုတင်သဘောတူညီမှု ရယူထားရမည်။ (Decision making)

(စ) တစ်ဆို့မှုများကိုကျော်လွှားနိုင်ရန် ယန္တရားများဖန်တီးခြင်း (Deadlock-breaking Mechanism)

## (၇) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်များ

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ နိုင်ငံရေးမျှော်မှန်းချက်များ၊ စံတန်ဖိုးများ၊ လမ်းညွှန်အခြေခံမှုများနှင့် ဖက်ဒရယ်ဒီမိုကရေစီ အခြေခံမူဝါဒများကို သဘောတူညီမှုရယူခြင်း [ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) တွင်ပါရှိသော အခြေခံမူများကို ကြားကာလ (တော်လှန်ရေးကာလ) တွင် ပါဝင်နိုင်ခြင်းမရှိသေးသော အစုအဖွဲ့များနှင့် ဆက်လက်ညှိနှိုင်း၍ သဘောတူညီမှုရယူခြင်း]

(ခ) တိုင်းပြုပြည်ပြုညီလာခံကျင်းပခြင်း အခင်းအကျင်းများ၊ ယန္တရားများနှင့် လုပ်ငန်းစဉ်များကို သဘော တူညီခြင်း (Agreeing on institution and procedure for making constitution)

(ဂ) တိုင်းရင်းသားလူထုတရပ်လုံးနှင့် နှီးနှောတိုင်ပင်ခြင်း (Prepairing consultation by providing civic education on process, constitutional history and constitutional options)

(ဃ) ပညာရှင်များ၊ နည်းပညာပိုင်းဆိုင်ရာ တတ်ကျွမ်းသူများနှင့် တိုင်ပင်ခြင်း

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို စတင်ရေးဆွဲခြင်း၊ ထိုသို့ရေးဆွဲနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို တိုင်းရင်းသားလူထုတရပ်လုံးနှင့် နီးနှောတိုင်ပင်ဆွေးနွေးခြင်း

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အချောသတ်ခြင်း

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အချောသတ်၍ အတည်ပြုမူကြမ်းအဖြစ် တိုင်းပြုပြည်ပြုညီလာခံတွင် လက်ခံအတည်ပြုခြင်း

(ဈ) တိုင်းပြုပြည်ပြုညီလာခံက လက်ခံအတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုမူကြမ်းကို အတည်ပြုပြဋ္ဌာန်းခြင်း (Ratification)

**မှတ်ချက်**။ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းကို ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုမည်ဟု လမ်းပြမြေပုံ အဆင့် (၁၁) တွင် ဖော်ပြထားပါသည်။ သို့ရာတွင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ကို ဖော်ထုတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁)၊ အခန်း (၄)၊ အပိုင်း (၂) တွင်ဖော်ပြထားသည့်အတိုင်း ''ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်အတွင်းရှိပြည်သူများသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။'' ဟု ပါရှိသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းကဏ္ဍတွင်လည်း ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ကဏ္ဍကို ချန်ထား၍ ရမည်မဟုတ်ပါ။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းတွင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ အလိုက်ဆန္ဒခံယူပွဲများကျင်းပ၍ အတည်ပြုပြဋ္ဌာန်းရန် လိုအပ်ကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။

(ည) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြင့် ရွေးကောက်ပွဲအသစ်ကျင်းပခြင်း

(ဋ) ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော နိုင်ငံရေးပါတီက ဖွဲ့စည်းလိုက်သည့် အစိုးရသစ်ထံတွင် အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရက တာဝန်လွှဲအပ်ပေးခြင်းနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာခြင်း

(ဌ) အတည်ပြုပြဋ္ဌာန်းထားသော ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutional- ism) ကို ကျင့်သုံးခြင်း (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်-၁၂) တို့ ဖြစ်ပါသည်။

# ၃။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း လုပ်ငန်းစဉ်

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) မှ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၈) ပါ ပြဋ္ဌာန်းချက်နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ ပုဒ်မ ၁၇ (ဆ) ပါပြဋ္ဌာန်းချက်တို့နှင့်အညီ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ''အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ'' (NUCC) ၏လုပ်ငန်းလမ်းညွှန် (TOR) အပိုဒ် (၈၃) အရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းလမ်းညွှန်တွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့်အတူ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စား ''ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန'' က တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် ဆောင်ရွက်ပြီး အခြားဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း အားဖြည့်ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။

**(က) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ (TCWG)**

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၈) ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ (TCWG) ကို ၂၀၂၂၊ ဇူလိုင်လ (၂၈) ရက်တွင် NUCC က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

TCWG တွင် NUCC အဖွဲ့ဝင်အဖွဲ့အစည်းများအပြင် NUG နှင့် NLD၊ Kpict တို့လည်း ပါဝင်ခဲ့ပါသည်။ NUG ကိုယ်စား ဖက်ဒရယ်ပြည်ထောင်စုရေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမိုးဇော်ဦးတို့ ပါဝင်ခဲ့ပါသည်။

TCWG ကို ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းလမ်းညွှန် (ToR) ကို ရေးဆွဲနေစဉ်တွင် တစ်ဆို့မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းတစ်ဆို့မှုများကို ကျော်လွှားနိုင်ခြင်းမရှိဘဲ ၂၀၂၂၊ နိုဝင်ဘာမှစ၍ လုပ်ငန်းများ ရပ်တန့်ခဲ့သည်မှာ ယနေ့အချိန်အထိပင်ဖြစ်ပါသည်။

**(ခ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအထောက်အကူပြုကော်မတီ (TCPC)**

အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အထောက်အကူပြုကော်မတီ (TCPC) ကို ၂၀၂၂၊ ဇူလိုင်လ (၂) ရက်နေ့တွင် ကျင်းပခဲ့သော ''ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီ'' အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးချုပ်၏တာဝန်ပေးချက်ဖြင့် ဇူလိုင်လ (၅) ရက်နေ့တွင် ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့'' အဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်တွင် ကျင်းပခဲ့သော NUG ၏ အစိုးရအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ယင်းလုပ်ငန်းအဖွဲ့ကို ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အထောက်အကူပြုကော်မတီ (TCPC) အဖြစ် ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

## (က) ရည်ရွယ်ချက်

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအထောက်အကူပြုကော်မတီ (TCPC) ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရအတွင်း ပွင့်လင်းမြင်သာမှု၊ စုပေါင်းတာဝန်ယူမှုနှင့် စုပေါင်းတာဝန်ခံမှုဖြင့် ဆောင်ရွက်ရန်

(၂) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုကို ဆောင်ရွက်ခြင်းနှင့် လိုအပ်သော အချက်အလက်များ စုဆောင်းခြင်းတို့ ကို ဆောင်ရွက်ရန်

(၃) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ ဖွဲ့စည်းတာဝန်ပေးအပ်သော ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးအဖွဲ့'' (TCWG) တွင် ပါဝင်ကြသည့် အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စားလှယ်များကို အထောက်အကူပြုရန်

## (ခ) မာတိကာ

အမျိုးသားညီညွတ်ရေးအစိုးရ၏ TCPC မှ ပြင်ဆင်ရေးဆွဲထားသော အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) တွင် အောက်ပါ အခန်း (၁၅) ခန်း ပါဝင်သည်။


အခန်း (၁) ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများ

အခန်း (၂) အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

အခန်း (၃) အသွင်ကူးပြောင်းရေးကာလ အစီအမံများ

အခန်း (၄) တိုင်းပြုပြည်ပြုညီလာခံ

အခန်း (၅) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်

အခန်း (၆) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး

အခန်း (၇) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေး

အခန်း (၈) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး

အခန်း (၉) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာ ခွဲဝေခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း

အခန်း (၁၀) နိုင်ငံသားဖြစ်ခြင်း

အခန်း (၁၁) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး

အခန်း (၁၂) အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ

အခန်း (၁၃) အထွေထွေပြဋ္ဌာန်းချက်များ

အခန်း (၁၄) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

အခန်း (၁၅) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

## (ဂ) TCPC ၏ လုပ်ငန်းအစီရင်ခံစာ

TCPC မှ ကြိုတင်ပြင်ဆင်ရေးမူကြမ်းကို ရေးဆွဲပြီး အမျိုးသားညီညွတ်ရေးအစိုးရ၏ အစိုးရအဖွဲ့အစည်း အဝေးတွင် (၂) ကြိမ် မှတ်တမ်းတင်ပြီးနောက် ၂၀၂၃၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ထိုကြိုတင်ပြင်ဆင်ရေး မူကြမ်းကို တင်ပြနိုင်ခဲ့ပါသည်။ ထိုကာလလုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါအတိုင်း NUCC ထံသို့ တင်ပြခဲ့ပါသည်။

(၁) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းလမ်းညွှန် (TOR) အပိုဒ် (၈၃) အရ အသွင်ကူး ပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသောအခါ အမျိုးသားညီညွတ်ရေးအစိုးရ ပါဝင်ခွင့်ရှိရ မည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်နှင့်အညီ NUCC မှ ဖွဲ့စည်းပေးလိုက်သော ''အသွင်ကူး ပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့'' (TCWG) တွင် NUG ကိုယ်စားလှယ် (၂) ဦး ပါဝင်ခွင့်ရရှိထားပါသည်။

(၂) NUG ကိုယ်စား TCWG တွင် ပါဝင်နေကြသည့် ကိုယ်စားလှယ် (၂) ဦးကို အထောက်အကူပြုနိုင်ရေး အတွက်သော်လည်းကောင်း၊ ထိုကိုယ်စားလှယ် (၂) ဦး၏ လုပ်ငန်းဆောင်ရွက်ချက်များသည် NUG အစိုးရတရပ်လုံးကို ကိုယ်စားပြုသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးအတွက်သော်လည်းကောင်း ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့'' (TCPT) ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့တွင် ဖွဲ့စည်းပြီး ယင်းကို ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကော်မတီ'' (TCPC) အဖြစ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ကျင်းပခဲ့သော NUG ၏ အစိုးရအဖွဲ့ အစည်းအဝေးတွင် အဆင့်မြှင့်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(၃) TCPC ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်သည် TCWG တွင် ပါဝင်ကြမည့် ကိုယ်စားလှယ် (၂) ဦးက NUG ကိုယ်စားတင်ပြမည့်အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ပြီး ထိုကဲ့သို့ပြင်ဆင်ထားသော ''ကြိုတင်ပြင်ဆင်ရေး မူကြမ်း'' ကို TCWG ထံသို့ တင်ပြဆွေးနွေးရန်ဖြစ်ပါသည်။

(၄) သို့ရာတွင် TCWG တွင် တစ်ဆို့မှုများ ဖြစ်ပေါ်လာပြီး လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့သည်။ ထိုကဲ့သို့ TCWG ရပ်တန့်နေချိန်တွင် TCPC က ပုံမှန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် TCPC မှ လိုအပ်သောပြင်ဆင်မှုများကို အပတ်စဉ် ပုံမှန်ပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ရေး မူကြမ်းအပြည့်အစုံကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် NUG အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြကာ တရားဝင်မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်ခဲ့သည်။

(၅) NUG အစိုးရအဖွဲ့တွင် မှတ်တမ်းတင်ထားသော TCPC ၏ ကြိုတင်ပြင်ဆင်ရေးမူကြမ်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့မှာ ဇွန်လ (၂၆) ရက်နေ့အထိ NUG ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလုံး ပါဝင်တက်ရောက်သော ''ဝန်ကြီးများအစည်းအဝေး'' (Ministerial Meeting) တွင် ထပ်မံတင်ပြပြီး အပတ်စဉ်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါသည်။ ထိုဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေးချက်ရလဒ်ပေါ် အခြေခံ၍ လိုအပ်သော ပြင်ဆင်မှုများ ထပ်မံပြုလုပ်ပြီး ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် ကျင်းပသော NUG အစိုးရအဖွဲ့အစည်းအဝေးတွင် ဒုတိယအကြိမ်မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်ခဲ့ပါသည်။

(၆) NUG ၏ TCPC က အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) ကပြင်ဆင်ခဲ့သော ''ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) တို့ကို အခြေခံကျောရိုးအဖြစ်အသုံးပြုပြီး ကိုးကားသင့်ကိုးကားထိုက်သောစာရွက်စာတမ်းများ၊ မူကြမ်းများနှင့်အဆိုပြုချက်များ (ဥပမာ- PPST ၏အခြေခံမူ (၂၂) ချက်၊ ERO ၁၂ ဖွဲ့ အခြေခံမူ (၂၄) ချက်… စသည်များ) ကို ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ ကိုးကားမှီငြမ်းထားပါသည်။

(၇) NUG ၏ TCPC ကြိုတင်ပြင်ဆင်ရေးမူကြမ်းတွင် နည်းပညာနှင့် ဥပဒေရှုထောင့်မှ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ နိုင်ငံရေးအရ သဘောတူညီချက်ရယူပြီးမှ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းသင့်သော ပုဒ်မများကို ကွက်လပ်ဖြင့် ချန်လှပ်ထားပါသည်။ တချို့နေရာများတွင် အဆိုပြုချက်များဖော်ပြထားသော်လည်း၊ ယတိပြတ်ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း သိသာထင်ရှားစေရန် ''ဆက်လက်ဆွေးနွေးရန်'' စသည် ဖြင့် မှတ်ချက်များ ဖော်ပြထားပါသည်။

(၈) ဤတိုင်းပြည်တွင် သုံးကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သော စစ်တပ်၏မတရားအာဏာသိမ်းပိုက်မှုနှင့် နှစ်ပေါင်း (၇၅) နှစ်ကျော်ကြာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအားလုံး၏အခြေခံ နိုင်ငံရေးပြဿနာသည် ''ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း'' (Constitutional Crisis) ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းသည် နှစ်ပေါင်း (၇၅) နှစ်ကျော်ကြာပြီဖြစ်သည့် တိုင်းပြည်၏ပြဿနာအရင်းအမြစ်ကို ဖြေရှင်းခြင်းဖြစ်၍ လွယ်လွယ်ကူကူဆောင်ရွက်နိုင်မည်မဟုတ်ပါ။ လူမျိုးတမျိုး၊ ဒေသတခု၊ အစုအဖွဲ့တခုတည်းက ဆောင်ရွက်နိုင်ကောင်းသောအရာ မဟုတ်ပါ။ ပြည်ထောင်စုဘွား တိုင်းရင်းသားလူမျိုးအားလုံး၊ ဒေသအားလုံး၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပူးပေါင်းပါဝင်၍ စုပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။ ထိုမျှကြီးမားသော တိုင်းပြည်၏

သမိုင်းပေးတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် NUG အစိုးရမှ တတ်နိုင်သမျှ အားထုတ်၍ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေခြင်းငှာ လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ပြီး NUCC ၏ TCWG ထံသို့ တင်ပြပြင်ဆင်ထားခဲ့ပါသည်။

(၉) သို့ရာတွင် NUCC ၏ TCWG ယနေ့အထိ တစ်ဆို့နေပါသဖြင့်၊ NUG- TCPC မှ ပြင်ဆင်ထား သော (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) ကို NUG နှင့် NUCC ၏ လစဉ်ပုံမှန်အစည်းအဝေးသို့ တိုက်ရိုက်တင်ပြရန် ၂၀၂၃၊ ဩဂုတ်လ (၂၂) ရက်တွင် ကျင်းပသော NUG အစိုးရအဖွဲ့ အစည်းအဝေး (Cabinet Meeting) တွင် ဆုံးဖြတ်ထားပါသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ ဩဂုတ်လ (၂၅) ရက်တွင် ကျင်းပမည့် NUG-NUCC လစဉ်အစည်းအဝေးသို့ တင်ပြရန် ဆုံးဖြတ်ထားခြင်းဖြစ်ပါသည်။

(၁၀) အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ ဩဂုတ် (၂၅) ရက်နေ့တွင်ကျင်းပသော NUG -NUCC လစဉ်ပုံမှန်အစည်းအဝေးသို့ တင်ပြပြီး ထိုအစည်းအဝေးတွင် NUG-TCPC ၏ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) ကို တရားဝင်မှတ်တမ်းတင်ကြောင်း။ ထိုဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကျင်းပသော NUCC အစည်းအဝေးသို့ ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) အပြည့်အစုံကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တရားဝင်တင်ပြခဲ့ပါသည်။

**(ဃ) TCPC ကော်မတီဝင်များစာရင်း**

(၁) ဒေါက်တာလျန်မှုန်းဆာခေါင်း (အဖွဲ့ခေါင်းဆောင်)

ပြည်ထောင်စုဝန်ကြီး၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၂) ဦးလွင်ကိုလတ် (အဖွဲ့ဝင်)

ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

(၃) ဦးရည်မွန် (အဖွဲ့ဝင်)

ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

(၄) နော်ဆူစန်နာလှလှစိုး (အဖွဲ့ဝင်)

ပြည်ထောင်စုဝန်ကြီး၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

(၅) ဦးသိန်းဦး (အဖွဲ့ဝင်)

ပြည်ထောင်စုဝန်ကြီး၊ တရားရေးဝန်ကြီးဌာန

(၆) ဒေါက်တာတူးခေါင်

ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၇) ဒေါ်ခင်မမမျိုး (အဖွဲ့ဝင်)

ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၈) ဦးမိုးဇော်ဦး (အဖွဲ့ဝင်)

ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

(၉) ဦးချစ်ထွန်း (အဖွဲ့ဝင်)

ဒုတိယဝန်ကြီး၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၁၀) မိုင်းဝင်းထူး (အဖွဲ့ဝင်)

ဒုတိယဝန်ကြီး၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၁၁) မင်းဇေယျာဦး (အဖွဲ့ဝင်)

ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

(၁၂) ဒေါက်တာစိုင်းခိုင်မျိုးထွန်း (အဖွဲ့ဝင်)

ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

# ၄။ အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်

အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ရန် MoFUA က JCC- Federal ထံသို့ ၂၀၂၂၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် အောက်ပါအခန်းများပါဝင်၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အဆိုပြုခဲ့ပါသည်။ ယင်းမာတိကာမှာ အောက်ပါအတိုင်းဖြစ်သည်။

အခန်း (၁) ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများ

အခန်း (၂) အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

အခန်း (၃) ဖက်ဒရယ်ပြည်ထောင်စုဝင်ပြည်နယ်များ

အခန်း (၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်

အခန်း (၅) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုခြင်း

အခန်း (၆) ဖက်ဒရယ်ပြည်ထောင်စု သမ္မတ

အခန်း (၇) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ

အခန်း (၈) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး

အခန်း (၉) နိုင်ငံသားဖြစ်ခြင်း

အခန်း (၁၀) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး

အခန်း (၁၁) အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ

အခန်း (၁၂) အထွေထွေပြဋ္ဌာန်းချက်များ

အခန်း (၁၃) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

အခန်း (၁၄) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

Jcc- Federal က လက်ရှိဆောင်ရွက်နေသော အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေ အတွက်ပြင်ဆင်ခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကျင်းပခဲ့သော JCC- Federal အစည်းအဝေးတွင် အောက်ဖော်ပြပါအကြောင်းအရာများကို ဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။

(၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၊ ပြည်နယ်သစ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေးသတ်မှတ်ခြင်း

(၂) ပြည်ထောင်စု ဥပဒေပြုရေး

(၃) ပြည်ထောင်စု အုပ်ချုပ်ရေး

(၄) ပြည်ထောင်စု တရားစီရင်ရေး

(၅) လုံခြုံရေးနှင့်ကာကွယ်ရေး

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

(၇) နိုင်ငံတော်အမည်၊ အလံနှင့် သီချင်း

(၈) တိုင်းပြုပြည်ပြုညီလာခံကျင်းပခြင်း (ရေးဆွဲရေးနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်)

(၉) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း

MoFUA က နောက်ဆုံးတင်ပြထားသော အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သင့်သည့်အချက်များ

(၁) ဖက်ဒရယ်ပြည်ထောင်စု၏အခြေခံမူများ

(၂) အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

(၃) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဍာန်

(၄) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုရေး

(၅) ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေး

(၆) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး

(၇) ဖက်ဒရယ်ပြည်ထောင်စုနှင့် အဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေ ခြင်းနှင့် အရင်းအမြစ်ခွဲဝေခြင်း

(၈) နိုင်ငံသားဖြစ်ခြင်း

(၉) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေး

(၁၀) လွတ်လပ်သောကော်မရှင်များ

(၁၁) အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ

(၁၂) အထွေထွေပြဋ္ဌာန်းချက်များ

(၁၃) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

(၁၄) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

# [၂]

# ဖက်ဒရယ်ပညာပေးရေးရာဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုသော ပင်လုံစာချုပ်အရ ဖွဲ့စည်းထူထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့တိုင် ပင်လုံစာချုပ်တွင် သဘောတူချုပ်ဆိုခဲ့သော ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် "ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု" ကြီးကို ထူထောင်နိုင်ခြင်း မရှိသေးပေ။

စစ်အာဏာရှင်စနစ်သည် "ဖက်ဒရယ်ပြည်ထောင်စု" တည်ဆောက်ရေးအတွက် အဓိကအဟန့်အတားဖြစ်ရုံသာမက ဒီမိုကရေစီစနစ်၏ အဓိကရန်သူ ဖြစ်သည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖယ်ရှားပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ် တည်ဆောက်ရေးသည် မိမိတို့၏ အန္တိမပန်းတိုင်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ရောက်ရှိနိုင်ရေးအတွက် မိမိတို့တော်လှန်ရေးအင်အားစုအားလုံးသည် မမှိတ်မသုန် ကြိုးပမ်းလျက်ရှိကြသည်။ အထူးသဖြင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော ဖက်ဒရယ်ပညာပေးလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနတွင်ဖက်ဒရယ်ပညာပေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ မှစ၍ ယခုလက်ရှိအချိန်အထိ အောက်ပါအတိုင်း ကဏ္ဍခွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့မှာ-

(က) Federal Dialogue (ဖက်ဒရယ်ဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲများ ကျင်းပခြင်း)

(ခ) Federal Training (ဖက်ဒရယ်ဆိုင်ရာသင်တန်းများ ကျင်းပခြင်း)

(ဂ) Federal Consultation (ဖက်ဒရယ်နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ လူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း)

(ဃ) Federal Democracy Charter Promotion (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ဆိုင်ရာ အသိပညာ ဆွေးနွေးဖလှယ်မှုများ လှုပ်ရှားဆောင်ရွက်ခြင်း)

**မှတ်ချက်။** ဤဖက်ဒရယ်ပညာပေးလုပ်ငန်းများနှင့် အနီးကပ်ပူးတွဲဆောင်ရွက်သော လုပ်ငန်းတခုမှာ ဖက်ဒရယ်ပညာပေးဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ စာ၊ စာတမ်းများ ထုတ်ဝေခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကဏ္ဍကို သီးခြားခေါင်းစဉ်အောက်တွင် ဖော်ပြထားပါသည်။

**(က) Federal Dialogue (ဖက်ဒရယ်ဆိုင်ရာဆွေးနွေးဖလှယ်ပွဲများ ကျင်းပခြင်း)**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ စတင်၍ NUCC, CRPH, NUG နှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ် အတိုင်ပင်ခံကောင်စီများမှ ကိုယ်စားလှယ်များပါဝင်၍ Federal Dialogue Series များကို အွန်လိုင်းမှတဆင့် ကျင်းပလာခဲ့ပါသည်။ ယနေ့အထိ Federal Dialogue Series စုစုပေါင်း (၄၉) ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

**(ခ) Federal Training (ဖက်ဒရယ်ဆိုင်ရာသင်တန်းများ ကျင်းပခြင်း)**

CDM နိုင်ငံ့ဝန်ထမ်းများ၊ ပအဖ၊ ပကဖနှင့် ပလဖများအတွက် တကြိမ်လျှင် (၄) ရက် ကြာမြင့်သည့် ဖက်ဒရယ်ဆိုင်ရာသင်တန်းများကိုလည်း အွန်လိုင်းမှတဆင့် ကျင်းပခဲ့ပါသည်။ ယနေ့အထိ ဖက်ဒရယ်သင်တန်း စုစုပေါင်း (၃၅) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကာ လူဦးရေ (၁,၇၀၀) ကျော်ကို သင်တန်း ပို့ချနိုင်ခဲ့ပါသည်။

**(ဂ) Federal Consultation (ဖက်ဒရယ်နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ လူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း)**

ဥရောပ (ဆွီဒင်၊ နော်ဝေး၊ ဒိန်းမတ်၊ အင်္ဂလန်၊ ချက်)၊ ထိုင်း၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် တီမောနိုင်ငံ တို့တွင် ပြည်ထောင်စုဝန်ကြီးမှ ခရီးစဉ်များ သွားရောက်ခဲ့ပါသည်။ ယင်းခရီးစဉ်များတွင် နိုင်ငံအကြီးအကဲများ၊ သံတမန်များ၊ တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့်တော်လှန်ရေးအင်အားစုများကို တွေ့ဆုံ၍ နှီးနှော ဖလှယ်ပွဲများကို လူချင်းတွေ့ဆုံ၍ ကျင်းပခဲ့ပါသည်။ လူချင်းတွေ့ဆုံသည့် နှီးနှောဖလှယ်ပွဲများ စုစုပေါင်း (၈၀) ကြိမ်ကျော် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

**(ဃ) ဖက်ဒရယ်ရေးရာလူငယ် စကားဝိုင်း**

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၂၃ ဖေဖော်ဝါရီလမှ စတင် ကာ ဖက်ဒရယ်ရေးရာလူငယ်စကားဝိုင်းကို နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော အစုအဖွဲ့အသီးသီးမှ လူငယ်များဖြင့် (၅) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

**(င) Federal Democracy Charter Promotion (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ဆိုင်ရာ အသိပညာ ဆွေးနွေးဖလှယ်မှုများ ဆောင်ရွက်ခြင်း)**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန (MOIC) နှင့် ပူးပေါင်း၍ FDC Promotion Event များကို ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ စတင်၍ ကျင်းပလာခဲ့ပါသည်။ ပြည်တွင်းအင်အားစုများဖြစ်သော တိုင်း (၇) တိုင်းမှ ပအဖများ၊ သပိတ်အင်အားစုများ၊ ချင်း၊ တအာင်း၊ ပအိုဝ်းမှ အစုအဖွဲ့များအပြင် နိုင်ငံတကာ အသိုင်းအဝိုင်းများဖြစ်ကြသော ASEAN, US, EU တို့နှင့် FDC Promotion Events (၁၄) ကြိမ် ကျင်းပနိုင် ခဲ့ပါသည်။

# [ ၃ ]

# သုတေသနနှင့် ပုံနှိပ်ထုတ်ဝေရေးဌာန

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်၊ ဖက်ဒရယ်ပညာပေးလုပ်ငန်းစဉ်နှင့် ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ အကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့်အညီ ပြည်ထောင်စုကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များဖြစ်ကြပါသည်။ မိမိတို့တိုင်းပြည်တွင် ကျင့်သုံးခြင်း မရှိဖူးသေးသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခြင်းဖြစ်သောကြောင့် မိမိတို့တိုင်းပြည်အခြေအနေအရပ်ရပ်နှင့် ကိုက်ညီသင့်လျော်သော ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်များကို စနစ်တကျဖော်ဆောင်ရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနတွင် သုတေသနနှင့် ပုံနှိပ်ထုတ်ဝေရေးဌာနကို ဖွဲ့စည်းတာဝန်ပေးခြင်းဖြစ်ပါသည်။

**(က) Federal Paper : Volume one (ဖက်ဒရယ်စာစောင် အတွဲ- ၁)**

(၁) ဖက်ဒရယ်စနစ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

(၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်များ

(၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ အခြေခံမူများ

(၄) ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု၏ လွတ်လပ်မှုအခြေခံသဘောတရားများ

(၅) ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင်ပြည်ထောင်စုနှင့်ပြည်နယ်များ(ဖက်ဒရယ်ယူနစ်များ) အာဏာခွဲဝေကျင့်သုံးခြင်း။

**(ခ) Federal Paper : Volume two (ဖက်ဒရယ်စာစောင် အတွဲ- ၂)**

(၁) ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်သူနှင့်ပတ်ဝန်းကျင်ကို ကာကွယ်မည့်ဒိုင်း

(၂) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်

(၃) ဖက်ဒရယ်စနစ်တွင် တာဝန်ခံမှုအပြည့်အဝရှိသော ပြည်နယ်များ

(၄) ဖက်ဒရယ်ဘဏ္ဍာရေးစနစ် - အခြေခံမူများနှင့် ကျင့်သုံးပုံများ

(၅) စုံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့

(၆) ဖက်ဒရယ်စနစ်အတွင်းရှိ အစိုးရအလွှာများအကြား ဆက်ဆံရေး

(၇) ဖက်ဒရယ်စနစ်အတွင်းရှိ ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ

**(ဂ) စာအုပ်ထုတ်ဝေခြင်း**

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ “ဖက်ဒရယ်ပြည်ထောင်စုစနစ်” (ဖက်ဒရယ်ရေးရာပညာပေး စာစဉ် အမှတ်- ၁) ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယမြန်မာနယ်စပ်တွင်သော်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထိုင်း-မြန်မာနယ်စပ်တွင်သော်လည်းကောင်း ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

**(ဃ) ကိုးကားရမည့်စာအုပ်များ**

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) [FCDCC]

(ခ) ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး ကြိုးပမ်းမှု မှတ်တမ်းများ

(ဂ) ဒီမိုကရေစီကျင့်စဉ်တရားများ

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးအခြေခံမူများ

(င) ဖက်ဒရယ်စနစ်၏အင်္ဂါရပ်များ

[ ၄ ]

# ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးဌာန

## ၁။ နိဒါန်း

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ကို ၂၀၂၃ ခုနှစ် မေလ (၃၀) ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးတွင် ဖွဲ့စည်းသည်။ ဤကော်မရှင်ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း (၃) ပုဒ်မ (၆၃) နှင့် ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂) အခန်း (၆) ပုဒ်မ (၄၂) တို့အရ ဖွဲ့စည်းခြင်းဖြစ်ပြီး ကော်မရှင်၏ လုပ်ငန်း များကို ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း (၃) ပုဒ်မ (၆၃)၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း(၂) အခန်း(၈) ပုဒ်မ (၅၂) နှင့် (၅၃) တို့ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ရမည်။

## ၂။ ရည်ရွယ်ချက်

(က) ကြားကာလတွင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြားတွင် ကဏ္ဍ အလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ် ပေါက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များရှိ Stakeholders များနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သည့် ပံ့ပိုးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရန်။

(ဂ) ဖက်ဒရယ်စနစ်အရ ဖော်ဆောင်ကျင့်သုံးရမည့် အစိုးရအချင်းချင်းအကြား ဆက်ဆံရေးဆိုင်ရာ (Inter-Governmental Relations) မဟာဗျူဟာလုပ်ငန်းစဉ်နှင့် မူဝါဒများကို သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ညှိနှိုင်းဖော်ထုတ်ရန်။

## ၃။ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

(က) အမျိုးသားညီညွတ်ရေးအစိုးရနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြားတွင် ကဏ္ဍ အလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ဆွေးနွေးညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက် လာစေရေးအတွက် သက်ဆိုင်ရာပြည်နယ်/ဖက်ဒရယ်ယူနစ်များနှင့် စပ်ဆိုင်သည့် အတိုင်ပင်ခံကောင်စီ များ၊ လွှတ်တော်ကိုယ်စားပြုကော်မတီများ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေး

ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများအား တိုက်တွန်းသွားပြီး ၎င်းတို့၏ သဘောတူညီချက်အရ ၎င်းတို့နှင့် လိုအပ်သလို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ဆွေးနွေးညှိနှိုင်း၍ ဖက်ဒရယ်စနစ်အရ ဖော်ဆောင်ကျင့်သုံးရမည့် အစိုးရအချင်းချင်းအကြား ဆက်ဆံရေးဆိုင်ရာ (Inter-Governmental Relations) မဟာဗျူဟာ လုပ်ငန်းစဉ်နှင့် မူဝါဒများကို ပြင်ဆင်ဖော်ထုတ်ရမည်။

(ဃ) မဟာဗျူဟာနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးအတည်ပြုရန် လိုအပ်သည့်ကိစ္စရပ်များတွင် ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း(၂) အခန်း(၈) ပုဒ်မ (၅၃) နှင့်အညီ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်လာစေရေးလုပ်ငန်းအဆင့်ဆင့်တွင် လိုအပ်သော နည်းပညာအထောက်အကူပြုလုပ်ငန်းများကို တဖွဲ့ချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း သက်ဆိုင်ရာပြည်နယ်/ ဖက်ဒရယ်ယူနစ်များရှိ Stakeholders များ၏ သဘောတူညီချက်နှင့်အညီ ပံ့ပိုးကူညီရမည်။

(စ) ကော်မရှင်၏လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် သုတေသနအဖွဲ့၊ နည်းပညာ အထောက်အကူပြုအဖွဲ့နှင့် အကြံပေးအဖွဲ့တို့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄။ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံရမည့် လမ်းညွှန်မှုများ

(က) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များရှိ အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တန်းတူပူးပေါင်းဆောင်ရွက်ခြင်း အခြေခံမူဖြင့် ပူးပေါင်းဆောင်ရွက်မည်။

(ခ) ကြားကာလတွင် ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်နိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၈)၊ ပုဒ်မ (၅၂) အတိုင်း ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ လုပ်ပိုင်ခွင့်ကို မထိခိုက်စေဘဲ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ရမည်။

(ဂ) ကြားကာလတွင် ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ အစိတ်အပိုင်း (၂) တို့နှင့် မကွဲလွဲစေဘဲ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ အချင်းချင်းအကြားတွင်သော်လည်းကောင်း အစိုးရအချင်းချင်းဆက်ဆံရေး (Intergovernmental Relations) မူဝါဒများကို ညှိနှိုင်းဖော်ဆောင်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း(၃) ပုဒ်မ (၆၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်ရေးနှင့် အစိုးရချင်းချင်းအကြားဆက်ဆံရေးကို စီမံဆောင်ရွက်နိုင်ရေးအတွက် ကိုးကားရန် လိုအပ်သော ဥပဒေနှင့် အထောက်အကူပြုစာရွက်စာတမ်းများ ရရှိရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) အခန်း (၆) ပုဒ်မ (၄၃) အတိုင်း ဆောင်ရွက်ရမည်။

(စ) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များအား ဖွဲ့စည်းရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း (၁) တွင်ဖော်ပြထားသည့် ပြည်ထောင်စု စံတန်ဖိုးများကို လေးစားလိုက်နာပြီး သက်ဆိုင်ရာပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အခြေအနေနှင့် ကိုက်ညီမှုရှိသည့် Stakeholders များ တတ်နိုင်သမျှ အားလုံးပါဝင်၍ ဖွဲ့စည်းသင့်ကြောင်း အကြံပြုရမည်။

(ဆ) ပြည်နယ်နယ်နိမိတ်ပြင်ဆင်ရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များကို ကြားကာလတွင် ဆောင်ရွက်မည်မဟုတ်ပါ။ အသွင်ကူးပြောင်းရေးကာလရောက်မှ တိုင်းပြုပြည်ပြုညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မည်။

(ဇ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကိစ္စကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း (၃) ပုဒ်မ (၆) နှင့်အညီ ကြားကာလတွင် စတင်ကျင့်သုံးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဈ) ကြားကာလတွင် ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်နယ်/ ဖက်ဒရယ်ယူနစ်များအတွင်းရှိ စစ်အာဏာရှင်ဆန့်ကျင်ရေး ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများအကြား ညီညွတ်ရေးကို မထိခိုက်စေရန် အလေးပေးပြီး ဆောင်ရွက်ရမည်။

(ည) ကော်မရှင်သည် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအတွင်းရှိ stakeholders များ၏ စုပေါင်းဆုံးဖြတ်ချက်ကို အခြေခံ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ပြီး၊ FSCC မှ လွှမ်းမိုးစွက်ဖက်ခြင်း ပြုလုပ်ရမည် မဟုတ်ပါ။

(ဋ) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များရှိ Stakeholders များနှင့် တွေ့ဆုံညှိနှိုင်းပြင်ဆင်မှုများကို ကော်မရှင်အတွင်းရေးမှူးအဖွဲ့မှ ဆောင်ရွက်ရမည်။ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီးသည့်အခါမှ ကော်မရှင်နှင့် တွေ့ဆုံရေးကို ဆောင်ရွက်မည်။

## ၄။ ကော်မရှင်ဖွဲ့စည်းပုံ

(၁) ဒူဝါလရှီးလ (ဥက္ကဋ္ဌ)
ယာယီသမ္မတ

(၂) မန်းဝင်းခိုင်သန်း (ဒုတိယဥက္ကဋ္ဌ)
ပြည်ထောင်စုဝန်ကြီးချုပ်

(၃) ဒေါ်ဇင်မာအောင် (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၄) ဦးရည်မွန် (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(၅) ဦးတင်ထွန်းနိုင် (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

(၆) ဒေါက်တာဝင်းမြတ်အေး (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

(၇) ဒေါက်တာဆာဆာ (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(၈) ဒေါက်တာဇော်ဝေစိုး (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

(၉) ဒေါက်တာတူးခေါင် (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၀) နော်ဆူစန်နာလှလှစိုး (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

(၁၁) ဦးအောင်မျိုးမင်း (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
လူ့အခွင့်ရေးဆိုင်ရာဝန်ကြီးဌာန

(၁၂) နိုင်သုဝဏ္ဏ (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန

(၁၃) ဦးသိန်းဦး (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
တရားရေးဝန်ကြီးဌာန

(၁၄) ဦးထင်လင်းအောင် (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

(၁၅) ဦးစိုးသူရထွန်း (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၆) ဒေါ်ခင်မမျိုး (အဖွဲ့ဝင်)
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၇) ဒေါက်တာလျန်မှုန်းဆာခေါင်း (အတွင်းရေးမှူး)
ပြည်ထောင်စုဝန်ကြီး
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၁၈) ဦးလွင်ကိုလတ် (တွဲဖက်အတွင်းရေးမှူး)
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

(၁၉) နိုင်ကောင်းရွက် (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(၂၀) ချစ်ထွန်း (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၂၁) မိုင်းဝင်းထူး (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၂၂) မင်းဇေယျာဦး (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

(၂၃) ဒေါက်တာစိုင်းခိုင်မျိုးထွန်း (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၂၄) ဦးကျော်နီ (အတွင်းရေးမှူးအဖွဲ့ဝင်)
ဒုတိယပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန

(၂၅)	ဦးကွမ်မင်း (အတွင်းရေးမှူးအဖွဲ့ဝင်)
အမြဲတမ်းအတွင်းဝန်
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

(၂၆)	အေရွှန် (အတွင်းရေးမှူးအဖွဲ့ဝင်)
အမြဲတမ်းအတွင်းဝန်
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

(၂၇)	ဦးအောင်မင်း (အတွင်းရေးမှူးအဖွဲ့ဝင်)
အမြဲတမ်းအတွင်းဝန်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

(၂၈)	ဒေါ်ဇူလိုင် (အတွင်းရေးမှူးအဖွဲ့ဝင်)
ညွှန်ကြားရေးမှူးချုပ်
မဟာဗျူဟာလေ့လာရေးနှင့် ဖက်ဒရယ်တပ်မတော်ရေးရာ
ဦးစီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(၂၉)	ဦးတိုးကျော်လှိုင် (အကြံပေး)

(၃၀)	ဦးကျော်စွာ (အကြံပေး)

(၃၁)	ဦးသူရိန် (အကြံပေး)

## ၅. FSCC ၏လုပ်ငန်းဆောင်ရွက်ချက်များ

အပတ်စဉ် တနင်္ဂနွေနေ့ မနက် (၁၀း၀၀) နာရီတွင် FSCC အတွင်းရေးမှူးအဖွဲ့ ပုံမှန်အစည်းအဝေးကို ကျင်းပပါသည်။ အတွင်းရေးမှူးအဖွဲ့အစည်းအဝေး (၃၁) ကြိမ် ကျင်းပပြီးဖြစ်ပါသည်။ ကော်မရှင်အစည်းအဝေး ကိုမူ အခါအားလျော်စွာ ကျင်းပပါသည်။ ကော်မရှင်အစည်းအဝေး (၄) ကြိမ် ကျင်းပပြီးဖြစ်ပါသည်။

FSCC လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်အကောင်အထည် ဖော်လျက်ရှိပါသည်။

(က)	ကရင်နီပြည် IEC နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(ခ)	FSCC ဖွဲ့စည်းမှုကို NUCC တွင် ညှိနှိုင်းခြင်း

(ဂ)	စစ်ကိုင်းရှိ အင်အားစုများနှင့် တွေ့ဆုံခြင်း

(ဃ)	ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်ရေး အတွက် ပြင်ဆင်ခြင်း

(င)	သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း

**(က) ကရင်နီပြည် IEC နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

လက်ရှိတွင် ကရင်နီပြည် IEC နှင့် ပုံစံ (၃) မျိုးဖြင့် ချိတ်ဆက်ဆောင်ရွက်နေပါသည်။

(၁) FSCC, IEC, KSCC ဦးဆောင်အစည်းအဝေး (အစည်းဝေး နှစ်ကြိမ် ကျင်းပပြီး)

(၂) FSCC, IEC, KSCC အတွင်းရေးမှူးများပူးတွဲကော်မတီ (အစည်းအဝေး နှစ်ကြိမ် ကျင်းပပြီး)

(၃) NUG - IEC ကဏ္ဍအလိုက်ပူးတွဲကော်မတီများ

(က) ပြည်ထဲရေး

(ခ) ပညာရေး

(ဂ) ကျန်းမာရေး

(ဃ) လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေး

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်

**(ခ) FSCC ဖွဲ့စည်းမှုကို NUCC တွင် ညှိနှိုင်းခြင်း**

၂၀-၀၉-၂၀၂၃ တွင်ကျင်းပခဲ့သော ကော်မရှင်အစည်းအဝေး (၃/၂၀၂၃) တွင် FSCC ဖွဲ့စည်းမှုကို NUCC သို့ တင်ပြရန် ရှေ့လုပ်ငန်းစဉ် ချမှတ်ခဲ့ပါသည်။

၂၀၂၃ စက်တင်ဘာလ (၂၅) ရက် - FSCC အတွင်းရေးမှူးအဖွဲ့မှ FSCC ၏ လုပ်ငန်းလမ်းညွှန်နှင့် အခြေခံ ရမည့် လမ်းညွှန်မှုများကို NUCC အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ FSCC ၏ လုပ်ငန်းလမ်းညွှန်နှင့် အခြေခံရမည့် လမ်းညွှန်မှုများနှင့်ပတ်သက်၍ NUCC အတွင်း ဆက်လက်ဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၂၃ အောက်တိုဘာလ (၁၂) ရက် - NUCC အစည်းအဝေးသို့ FSCC အတွင်းရေးမှူးအဖွဲ့ တက်ရောက်ခဲ့ပြီး FSCC ၏ လုပ်ငန်းလမ်းညွှန်နှင့် အခြေခံရမည့်လမ်းညွှန်မှုတို့အပေါ် NUCC ၏ အကြံပြုချက်များကို နားထောင်ခဲ့ကြပါသည်။

၂၀၂၃ နိုဝင်ဘာလ (၁၂) ရက်နေ့ - NUCC အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို FSCC အတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွင် ပေါင်းစပ်ပြင်ဆင်ပြီးနောက် FSCC ၏ လုပ်ငန်းလမ်းညွှန်ကို NUCC သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

**(ဂ) စစ်ကိုင်းရှိ အင်အားစုများနှင့် တွေ့ဆုံခြင်း**

FSCC အတွင်းရေးမှူးအဖွဲ့မှ စစ်ကိုင်းရှိ အဖွဲ့အစည်းများနှင့် အောက်ပါအတိုင်း တွေ့ဆုံမှု သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။

(က) ၂၀၂၃ နိုဝင်ဘာလ (၅) ရက် - ပအဖများ

(ခ) ၂၀၂၃ နိုဝင်ဘာလ (၇) ရက် - CRSH

(ဂ) ၂၀၂၃ နိုဝင်ဘာလ (၉) ရက် - စစ်ကိုင်းဖိုရမ်

အထက်ပါ တွေ့ဆုံမှုများတွင် FSCC ၏ လုပ်ငန်းလမ်းညွှန်နှင့် အခြေခံရမည့်လမ်းညွှန်မှုတို့ကို ရှင်းလင်းတင်ပြပြီး အားလုံးပါဝင်ရေးကို အလေးထားဆောင်ရွက်ကြရန် မိမိတို့က ဆွေးနွေးခဲ့ကြပါသည်။

**(ဃ) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်ရေးအတွက် ပြင်ဆင်ခြင်း**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယအပတ်တွင် ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်ရေးနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးမှုများ ကျင်းပခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးမှုရလဒ်ကို အတွင်းရေးမှူးအဖွဲ့အတွင်း ဆွေးနွေးပြီးနောက် ၂၉-၁၁-၂၀၂၃ တွင် ကျင်းပခဲ့သော ကော်မရှင်အစည်းအဝေး (၄/၂၀၂၃) သို့ တင်ပြခဲ့ပါသည်။ ကော်မရှင်အစည်းအဝေးမှ လက်ရှိပြည်သူ့အုပ်ချုပ်ရေး ယန္တရားများကို ပြုပြင်ပြောင်းလဲရမည့် အချက် (၁၀) အား အတည်ပြုပေးခဲ့ပါသည်။

၃၁-၁၂-၂၀၂၃ တွင် ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီမှ တာဝန်ရှိသူများနှင့် FSCC အတွင်းရေးမှူးအဖွဲ့အကြား တွေ့ဆုံအစည်းအဝေးကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် - ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီမှ တိုင်းပအဖ (ဗျူရိုကရေစီယန္တရား) ဖွဲ့စည်းရန်နှင့် FSCC မှ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ (သို့) အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို ဆောင်ရွက်ရန်ကြရန် ဆွေးနွေးသဘောတူညီမှု ရရှိခဲ့ကြပါသည်။

**(င) သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း**

FSCC အတွင်းရေးမှူးအဖွဲ့ကို အထောက်အကူပြုနိုင်ရန်အတွက် သုတေသနအဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်။ သုတေသနအဖွဲ့အနေဖြင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို အခြေခံ၍ Actor Based Analysis ဆောင်ရွက်လျက်ရှိပါသည်။ သုတေသနအဖွဲ့ကို ဒုတိယဝန်ကြီး ဒေါက်တာစိုင်းခိုင်မျိုးထွန်းမှ ကြီးကြပ်ပေးကာ သုတေသနအဖွဲ့ဝင် (၂၃) ဦး ရှိပါသည်။

## [ ၅ ]

## ရုံးအဖွဲ့

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနတွင် ရုံးလုပ်ငန်း၊ ဝန်ထမ်းရေးရာများနှင့် IT လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ရုံးအဖွဲ့ဌာနအဖြစ် ၂၀၂၁ ခုနှစ်၊ ဧပြီလမှစ၍ ယခုလက်ရှိအချိန်အထိ အောက်ပါအတိုင်း ကဏ္ဍများခွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့မှာ-

(က) စီမံအုပ်ချုပ်မှု နှင့် ဝန်ထမ်းရေးရာဌာနခွဲ

(ခ) ဘဏ္ဍာရေးဌာနခွဲ

(ဂ) CDM ထောက်ပံ့ရေးဌာနခွဲ

(ဃ) ပြည်သူ့ဆက်ဆံရေးနှင့် IT ရေးရာဌာနခွဲ

# [ ၆ ]

# ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေသည့် ကော်မရှင်နှင့် ကော်မတီများ

အမျိုးသားညီညွတ်ရေးအစိုးရမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကော်မတီများအနက် အောက်ပါ ကောင်စီ၊ ကော်မရှင်နှင့် ကော်မတီများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁။ ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ

၂။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အထောက်အကူပြုကော်မတီ (TCPC)

၃။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် (FSCC)

၄။ တိုင်းရင်းသားမဟာမိတ်ဆက်ဆံရေးကော်မတီ (ARC)

၅။ ကြားကာလ ဒေသန္တရပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ

၆။ ကြားကာလ ပြည်သူ့တရားစီရင်ရေး ဖော်ဆောင်မှု ကောင်မတီ

၇။ CDM အောင်မြင်ရေးကော်မတီ

၈။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ

၉။ တရားမဝင် အတုအယောင်ရွေးကောက်ပွဲဆိုင်ရာ ဆန့်ကျင်ရေးလှုပ်ရှားရေးအဖွဲ့

၁၀။ ဘဏ္ဍာရေးကော်မရှင်

၁၁။ နိုင်ငံတကာကူညီထောက်ပံ့မှုများဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကော်မရှင်

[၇]

၊နောက်ဆက်တွဲ၊

# အသွင်ကူးပြောင်းရေးကာလ
# ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ
# (ကြိုတင်ပြင်ဆင်ရေးမူကြမ်း)
# ၂၀၂၃၊ စက်တင်ဘာ (၈) ရက်

**Transitional Federal Union Constitution**

**(Preparatory Draft)**

**8 September 2023**

**[Myanmar & English]**

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ**

**အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ထံသို့**

**အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ တင်ပြခြင်း**

၁။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းလမ်းညွှန် (TOR) အပိုဒ် (၈၃) အရ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသောအခါ အမျိုးသားညီညွတ်ရေးအစိုးရ ပါဝင်ခွင့်ရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်း ချက်နှင့်အညီ NUCC မှ ဖွဲ့စည်းပေးလိုက်သော ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်း အဖွဲ့'' (TCWG) တွင် NUG ကိုယ်စားလှယ် (၂) ဦး ပါဝင်ခွင့်ရရှိထားပါသည်။

၂။ NUG ကိုယ်စား TCWG တွင် ပါဝင်နေကြသည့် ကိုယ်စားလှယ် (၂) ဦးကို အထောက်အကူပြုနိုင်ရေးအတွက်သော် လည်းကောင်း၊ ထိုကိုယ်စားလှယ် (၂) ဦး၏ လုပ်ငန်းဆောင်ရွက်ချက်များသည် NUG အစိုးရတရပ်လုံးကို ကိုယ်စားပြုသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးအတွက်သော်လည်းကောင်း ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့'' (TCPT) ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့တွင် ဖွဲ့စည်းပြီး ယင်းကို ''အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကော်မတီ'' (TCPC) အဖြစ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ကျင်းပခဲ့သော NUG ၏ အစိုးရအဖွဲ့အစည်းအဝေးတွင် အဆင့်မြှင့်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ TCPC ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်သည် TCWG တွင် ပါဝင်ကြမည့် ကိုယ်စားလှယ် (၂) ဦးက NUG ကိုယ်စား တင်ပြမည့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ပြီး ထိုကဲ့သို့ပြင်ဆင်ထားသော ''ကြိုတင်ပြင်ဆင်ရေးမူကြမ်း'' ကို TCWG ထံသို့ တင်ပြဆွေးနွေးရန် ဖြစ်ပါသည်။

၄။ သို့ရာတွင် TCWG တွင် တစ်ဆို့မှုများ ဖြစ်ပေါ်လာပြီး လုပ်ငန်းဆောင်ရွက်မှုများ ရပ်တံ့သွားခဲ့သည်။ ထိုကဲ့သို့ TCWG ရပ်တံ့နေချိန်တွင် TCPC က ပုံမှန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် TCPC မှ လိုအပ်သော ပြင်ဆင်မှုများကို အပတ်စဉ် ပုံမှန်ပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ရေးမူကြမ်းအပြည့်အစုံကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် NUG အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြကာ တရားဝင်မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်ခဲ့သည်။

၅။ NUG အစိုးရအဖွဲ့တွင် မှတ်တမ်းတင်ထားသော TCPC ၏ ကြိုတင်ပြင်ဆင်ရေးမူကြမ်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့မှ ဇွန်လ (၂၆) ရက်နေ့အထိ NUG ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလုံး ပါဝင်တက်ရောက်သော ''ဝန်ကြီးများ အစည်းအဝေး'' (Ministerial Meeting) တွင် ထပ်မံတင်ပြပြီး အပတ်စဉ်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါသည်။ ထိုဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေးချက်ရလဒ်ပေါ် အခြေခံ၍ လိုအပ်သောပြင်ဆင်မှုများ ထပ်မံပြုလုပ်ပြီး ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် ကျင်းပသော NUG အစိုးရအဖွဲ့အစည်းအဝေးတွင် ဒုတိယအကြိမ်မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်ခဲ့ပါသည်။

၆။ NUG ၏ TCPC က အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) က ပြင်ဆင်ခဲ့သော ''ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) တို့ကို အခြေခံကျောရိုးအဖြစ် အသုံးပြုပြီး ကိုးကားသင့်ကိုးကားထိုက်သော စာရွက်စာတမ်းများ၊ မူကြမ်းများနှင့် အဆိုပြုချက်များ (ဥပမာ- PPST ၏အခြေခံမူ (၂၂) ချက်၊ ERO ၁၂ ဖွဲ့ အခြေခံမူ (၂၄) ချက်... စသည်များ) ကို ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ ကိုးကားမှီငြမ်းထားပါသည်။

၇။ NUG ၏ TCPC ကြိုတင်ပြင်ဆင်ရေးမူကြမ်းတွင် နည်းပညာနှင့် ဥပဒေရှုထောင့်မှ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ နိုင်ငံရေးအရ သဘောတူညီချက်ရယူပြီးမှ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းသင့်သော ပုဒ်မများကို ကွက်လပ်ဖြင့် ချန်လှပ်ထားပါသည်။ တချို့နေရာများတွင် အဆိုပြုချက်များ ဖော်ပြထားသော်လည်း၊ ယတိပြတ်ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း သိသာထင်ရှားစေရန် ''ဆက်လက်ဆွေးနွေးရန်'' စသည်ဖြင့် မှတ်ချက်များ ဖော်ပြထားပါသည်။

၈။ ဤတိုင်းပြည်တွင် သုံးကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သော စစ်တပ်၏ မတရားအာဏာသိမ်းပိုက်မှုနှင့် နှစ်ပေါင်း (၇၅) နှစ်ကျော်ကြာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအားလုံး၏ အခြေခံနိုင်ငံရေးပြဿနာသည် ''ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း'' **(Constitutional Crisis)** ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း လုပ်ငန်းသည် နှစ်ပေါင်း (၇၅) နှစ်ကျော်ကြာပြီဖြစ်သည့် တိုင်းပြည်၏ပြဿနာအရင်းအမြစ်ကို ဖြေရှင်းခြင်းဖြစ်၍ လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ လူမျိုးတမျိုး၊ ဒေသတခု၊ အစုအဖွဲ့တခုတည်းက ဆောင်ရွက်နိုင်ကောင်းသောအရာ မဟုတ်ပါ။ ပြည်ထောင်စုဘွားတိုင်းရင်းသားလူမျိုးအားလုံး၊ ဒေသအားလုံး၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပူးပေါင်းပါဝင်၍ စုပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။ ထိုမျှကြီးမားသော တိုင်းပြည်၏ သမိုင်းပေးတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် NUG အစိုးရမှ တတ်နိုင်သမျှ အားထုတ်၍ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေခြင်းငှာ လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ပြီး NUCC ၏ TCWG ထံသို့ တင်ပြပြင်ဆင်ထားခဲ့ပါသည်။

၉။ သို့ရာတွင် NUCC ၏ TCWG ယနေ့အထိ တစ်ဆို့နေပါသဖြင့်၊ NUG- TCPC မှ ပြင်ဆင်ထားသော (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) ကို NUG နှင့် NUCC ၏ လစဉ်ပုံမှန်အစည်းအဝေးသို့ တိုက်ရိုက်တင်ပြရန် ၂၀၂၃၊ ဩဂုတ်လ (၂၂) ရက်တွင် ကျင်းပသော NUG အစိုးရအဖွဲ့အစည်းအဝေး (Cabinet Meeting) တွင် ဆုံးဖြတ်ထားပါသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ ဩဂုတ်လ (၂၅) ရက်တွင် ကျင်းပမည့် NUG- NUCC လစဉ်အစည်းအဝေးသို့ တင်ပြရန် ဆုံးဖြတ်ထားခြင်းဖြစ်ပါသည်။

၁၀။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ ဩဂုတ် (၂၅) ရက်နေ့တွင် ကျင်းပသော NUG-NUCC လစဉ်ပုံမှန်အစည်းအဝေးသို့တင်ပြပြီး ထိုအစည်းအဝေးတွင် NUG-TCPC ၏ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) ကို တရားဝင်မှတ်တမ်းတင်ကြောင်း။ ထိုဆုံးဖြတ်ချက်နှင့်အညီ ၂၀၂၃၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ကျင်းပသော NUCC အစည်းအဝေးသို့ ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (ကြိုတင်ပြင်ဆင်ရေးမူကြမ်း) အပြည့်အစုံကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တရားဝင်တင်ပြအပ်ပါသည်။

**၂၀၂၃၊ စက်တင်ဘာ (၈) ရက်**

အမျိုးသားညီညွတ်ရေးအစိုးရ

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြင်ဆင်ရေးကော်မတီ (TCPC) က ပြင်ထားသော

# အသွင်ကူးပြောင်းရေးကာလ
# ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ

(ကြိုတင်ပြင်ဆင်ရေးမူကြမ်း)

၂၀၂၃၊ စက်တင်ဘာ (၈) ရက်

**မာတိကာ**


| | |
|---|---|
| အခန်း (၁) | ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများ |
| အခန်း (၂) | အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ |
| အခန်း (၃) | အသွင်ကူးပြောင်းရေးကာလ အစီအမံများ |
| အခန်း (၄) | တိုင်းပြုပြည်ပြုညီလာခံ |
| အခန်း (၅) | အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန် |
| အခန်း (၆) | အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး |
| အခန်း (၇) | အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး |
| အခန်း (၈) | အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး |
| အခန်း (၉) | ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာခွဲဝေခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း |
| အခန်း (၁၀) | နိုင်ငံသားဖြစ်ခြင်း |
| အခန်း (၁၁) | ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး |
| အခန်း (၁၂) | အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ |
| အခန်း (၁၃) | အထွေထွေပြဋ္ဌာန်းချက်များ |
| အခန်း (၁၄) | အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ |
| အခန်း (၁၅) | အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း |

## အခန်း (၁)

## ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများ

**ပုဒ်မ (၁) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံ**

ဖက်ဒရယ်ပြည်ထောင်စုသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုထားသော ပင်လုံစာချုပ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ပူးပေါင်းဖွဲ့စည်းထူထောင်ထားသော လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံဖြစ်သည်။ ယင်းကို “ဖက်ဒရယ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ” (Republic of Federal Union of Burma” ဟု ခေါ်တွင်စေရမည်။ (FCDCC ပုဒ်မ (၁))

အဆိုပြုချက်။ ယင်းကို “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံ” (Repblic of Federal Democratic Pyidaungsu) ဟု ခေါ်တွင်စေရမည်။ (JCC Federal တွင် KNU, GSC နဲ့ GSCN တို့၏ အဆိုပြုချက်)

**ပုဒ်မ (၂) ဖက်ဒရယ်ပြည်ထောင်စု၏ စံတန်ဖိုးများ (Federal Union Values)**

[FDC အစိတ်အပိုင်း (၁)၊ အခန်း (၅)၊ အပိုင်း (၁)]

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံသည် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ပေါင်းစပ်ထားသော ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ရေးအတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

(က) အခြေခံလူ့အခွင့်အရေးများ (Fundamental Human Rights)

(ခ) ဒီမိုကရေစီကျင့်စဉ်များနှင့် အခွင့်အရေးများ (Democratic Principles and Rights)

(ဂ) တိုင်းရင်းသားလူနည်းစုအခွင့်အရေးများ (Ethnic Minority Rights)

(ဃ) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self-Determination)

(င) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအချင်းချင်း ပူးပေါင်းမှုအားကောင်းသည့် စုပေါင်းခေါင်းဆောင်မှု (Collective Leadership)

(စ) စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစားအသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)

(ဆ) သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)

(ဇ) ဂျဲန်ဒါ တန်းတူရေး (Gender Equality)

(ဈ) ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်မှုယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non-Discrimination)

(ည) ဘာသာရေးကိုအခြေမခံသော နိုင်ငံရေးစနစ် (Secular State)

**ပုဒ်မ (၃) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူသောနိုင်ငံရေးအာဏာများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပ်နှင်းခြင်းခံရသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ [FCDCC ပုဒ်မ ၂]

(ခ) တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ရှိစေရန် သမိုင်းကြောင်းအရ တည်ရှိပြီးဖြစ်သော လူမျိုးအမည်ကို အခြေခံသည့်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဆက်လက်ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ [12 EROs နှင့် PPST -အခြေခံမူ ၇]

(ဂ) လူမျိုးပေါင်းစုံ ရောနှောနေထိုင်သောဒေသများတွင် ပထဝီအမည်ကို အခြေခံသည့် ပြည်နယ်များ ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ [Cf FDC- ၂]

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ [FDC အစိတ်အပိုင်း ၁၊ ၃ (ဂ) ]

(င) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ရန် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများကို ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ [PPST အခြေခံမူ (၇)]

(စ) လူမျိုးအမည်ကိုအခြေခံ၍သော်လည်းကောင်း၊ ပထဝီအမည်ကိုအခြေခံ၍သော်လည်းကောင်း၊ ပြည်နယ်သစ်များ ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ [12 EROs ၏ အခြေခံမူ]

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလတွင် ပြည်နယ်သစ်များ ဖွဲ့စည်းရေးနှင့် ပြည်နယ် နယ်နိမိတ်များ ပြောင်းလဲသတ်မှတ်ရေးကိစ္စရပ်များကို နိုင်ငံရေးအရ ဆုံးဖြတ်ရန်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်အပေါ် မူတည်၍ ပုဒ်မ (၃ - စ) ကို ပြင်ဆင်ရေးသားရမည်။

**ပုဒ်မ (၄) ဖက်ဒရယ်ပြည်ထောင်စု အချုပ်အခြာအာဏာ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း နေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ပြည်နယ်သားတို့ထံမှ ဆင်းသက်၍ ပြည်ထောင်စုတဝန်းလုံး၌ တည်သည်။ [FDC အစိတ်အပိုင်း ၁၊ အပိုင်း (၃)၊ ပုဒ်မ (၄)]

**မှတ်ချက်။** ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။ [မူရင်းစာသား]

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတနိုင်ငံအချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) နှင့် အပြန်အလှန်ထိန်းကျောင်းခြင်း (Check-and-Balance) ရှိသည်။ [FDC- အစိတ်အပိုင်း (၁)၊ အပိုင်း (၃)၊ ပုဒ်မ (၅)]

(ဂ) ဖက်ဒရယ်ပြည်ထောင်စု အချုပ်အခြာအာဏာကို ကျင့်သုံးရာတွင် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိသည်။ [FDC- အစိတ်အပိုင်း (၁)၊ အပိုင်း (၃)၊ ပုဒ်မ (၆)]

**ပုဒ်မ (၅) ဖက်ဒရယ်ပြည်ထောင်စု အချုပ်အခြာအာဏာ ခံယူကျင့်သုံးခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု အချုပ်အခြာအာဏာကို ပုံမှန်ကျင့်သုံးမြဲဖြစ်သော လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများမှတဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် နိုင်ငံသားတို့က ရွေးချယ်ခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု အဆင့်တွင်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်သားများက ရွေးချယ်ခန့်အပ်ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ်အဆင့်တွင်သော်လည်းကောင်း ခံယူကျင့်သုံးခွင့်ရှိသည်။ [FCDCC ပုဒ်မ (၄)]

(ခ) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထူထောင်ထားသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးတို့က ပြည်ထောင်စုအဆင့်တွင်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများအရ ဖွဲ့စည်းထူထောင်ထားသော ပြည်နယ်လွှတ်တော်များ၊ ပြည်နယ်အစိုးရများနှင့် ပြည်နယ်တရားရုံးများက ပြည်နယ်အဆင့်တွင်သော်လည်းကောင်း ပိုင်းခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့ ရှိသည်။ [FDC၊ ပုဒ်မ (၆)]

**ပုဒ်မ (၆) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း [FDC၊ အစိတ်အပိုင်း (၁)၊ အခန်း (၄)၊ ပုဒ်မ (၆)]**

(၁) ဖက်ဒရယ်ပြည်ထောင်စုနှင့်ပြည်နယ်များအကြားတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးစေရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုနှင့်ပြည်နယ်များအကြားတွင် အာဏာများကို ခွဲဝေကျင့်သုံးခြင်းမှုအရ ပြည်ထောင်စုအာဏာ၊ ထပ်တူဥပဒေပြုအာဏာ၊ ပြည်နယ်အာဏာများကို ပြဋ္ဌာန်းထားပြီး ကြွင်းကျန်အာဏာများကို ပြည်နယ်များတွင် အပ်နှင်းထားရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ တခုချင်း ကျင့်သုံး၍မရသည့် အခွင့်အာဏာများကို ပြည်ထောင်စုသို့ အပ်နှင်းသည်။

**ပုဒ်မ (၇) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်**

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။ [FCDCC- ပုဒ်မ (၈)]

**ပုဒ်မ (၈) အမြင့်ဆုံးဥပဒေ**

ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသွင်ကူးပြောင်း ရေးကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။ [FCDCC- ပုဒ်မ (၁၀)]

**ပုဒ်မ (၉) ဖက်ဒရယ်ပြည်ထောင်စု၏အကြီးအကဲများ [FDC- ပုဒ်မ (၅)]**

(က) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု၏ ဦးသျှောင်ဖြစ်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ အကြီးအကဲဖြစ်သည်။

**ပုဒ်မ (၁၀) ပြည်နယ်အကြီးအကဲများ [FDC- ပုဒ်မ (၆၄)]**

ပြည်နယ်အကြီးအကဲများသည်ပြည်ထောင်စုအင်္ဂါစဉ်အရ ပြည်ထောင်စုဝန်ကြီးများ၏အထက်တွင် ရှိသည်။

**ပုဒ်မ (၁၁) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုရေး [FDC- ပုဒ်မ (၇)]**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၌ တည်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) နှင့် အမျိုးသား လွှတ်တော် (အထက်လွှတ်တော်) နှစ်ရပ်ဖြင့် ဖွဲ့စည်းသည်။ ယင်းလွှတ်တော်နှစ်ရပ်သည် ဥပဒေပြု ရေးတွင် အာဏာတန်းတူရှိကြသည်။

(ဂ) အမျိုးသားလွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက အရေအတွက် တူညီစွာ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

(ဃ) ပြည်သူ့လွှတ်တော်ကို လူဦးရေအပေါ်အခြေခံ၍သော်လည်းကောင်း၊ မြို့နယ်အပေါ်တွင် အခြေခံ ၍သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက် လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

(င) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရာတွင် အထက်လွှတ်တော်နှင့် အောက် လွှတ်တော်တို့သည် ဥပဒေကြမ်းများကို သီးခြားစီဆွေးနွေး၍ သီးခြားစီမဲပေးဆုံးဖြတ်ရမည်။ လွှတ်တော်နှစ်ရပ်လုံး၏ သဘောတူဆုံးဖြတ်ချက် ရရှိမှသာ ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေ ရမည်။ လွှတ်တော်တရပ်ရပ်က ထိုဥပဒေကြမ်းကိုပယ်ချပါက ဥပဒေမဖြစ်စေရ။ ထိုသို့ ပယ်ချခြင်း ခံရသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပုဒ်မ (၁၀၅) ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက် နိုင်သည်။

**ပုဒ်မ (၁၂) ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး [FDC- ပုဒ်မ (၈)]**

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်စနစ် (Parliamentary System) တွင် ပြည်ထောင်စုဦးသျှောင်အဖြစ် ပြည်ထောင်စုသမ္မတကိုထားရှိသော စနစ်ဖြစ်သည်။

**ပုဒ်မ (၁၃) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး [FDC- ပုဒ်မ (၉)]**

ဖက်ဒရယ်ပြည်ထောင်စု၏ တရားစီရင်ရေးစနစ်သည် တရားဥပဒေစိုးမိုးရေးကို ရှေးရှုသော လွတ်လပ်၍ တရား မျှတသည့် တရားစီရင်ရေးစနစ်ဖြစ်သည်။ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်ရှိပြီး၊ ဥပဒေ ကန့်သတ်ချက်များမှအပ အများပြည်သူရှေ့မှောက်တွင် လွတ်လပ်စွာ တရားစီရင်ရမည်။

**ပုဒ်မ (၁၄) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး [FDC- ပုဒ်မ (၁၀)]**

ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင် သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန် အတွက် ''လွတ်လပ်သောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး '' ကို ဖွဲ့စည်းထူထောင်ရမည်။ (FDC- ၁၀)

**ပုဒ်မ (၁၅) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး [FDC- ပုဒ်မ (၅၅) မှ (၆၀)]**

(က) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမူသည် ဖက်ဒရယ်ပြည် ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ''အရပ်ဘက်အာဏာပိုင်စိုးမှု'' (Civilian Supremacy) စနစ်ဖြစ်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံသော မူဝါဒများ ဖြစ်စေရမည်။

(ဂ) ပြည်သူ့ဝန်ထမ်းတရပ်ဖြစ်သော တပ်မတော်သည် နိုင်ငံရေးတွင် ပါဝင်ခြင်း အလျှင်း မရှိစေရ။

**ပုဒ်မ (၁၆) ဘာသာရေးနှင့် နိုင်ငံရေး ရောစပ်ခြင်းမရှိသည့် ပြည်ထောင်စု [FDC- ပုဒ်မ (၁၇)]**

(က) ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်စေရမည်။ (FCDCC ပုဒ်မ - ၇၊ က)

(ခ) မည်သည့်ဘာသာအယူဝါဒကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မရှိစေရ။ (FCDCC ပုဒ်မ - ၇၊ ခ)

(ဂ) ဘာသာသာသနာအတွက် ပြည်ထောင်စုအုပ်ချုပ်ရေးအာဏာနှင့် အခွန်ဘဏ္ဍာငွေကို အသုံးမပြုရ။

(ဃ) ဘာသာရေးလွတ်လပ်ခွင့်ရှိသည်။

**ပုဒ်မ (၁၇) ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် (Fiscal Federalism) [FDC- ပုဒ်မ (၁၈) နှင့် (၁၉)]**

(က) ပြည်ထောင်စုအဆင့်အစိုးရနှင့် ပြည်နယ်အဆင့်အစိုးရများအကြား တိကျစည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို တိကျစွာ ဥပဒေပြုပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စု

အခွန်ဘဏ္ဍာ ကောက်ခံသောယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာ ကောက်ခံသောယန္တရားတို့ သီးခြားစီ ရှိရမည်။ (FDC - ၁၈)

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့် အာဏာများကို ခွဲဝေကျင့်သုံးခွင့်ရှိရမည်။ (12 EROs - ၁၇)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။ (FDC- ၁၉)

**ပုဒ်မ (၁၈) မြေနှင့် သဘာဝသယံဇာတ [FDC- ပုဒ်မ (၂၀) မှ (၂၃)]**

(က) မြေနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာပြည်နယ်များက ရေးဆွဲ ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ (Cf: FDC - ၂၀)

(ခ) ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များအားလုံး၏မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ (Cf: FDC - ၂၁)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က စီမံခန့်ခွဲ ပိုင်ခွင့်နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။ (FDC - ၂၂)

(ဃ) သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှုရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့် လူထုနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့်ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသောဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ ကောက်ခံပြီး ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

**ပုဒ်မ (၁၉) အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်း [FDC- ပုဒ်မ (၆) နှင့် (၆၂)]**

(က) ပြည်ထောင်စုဝန်ထမ်းနှင့် ပြည်နယ်ဝန်ထမ်းများကို သီးခြားစီထားရှိရမည်။ ပြည်ထောင်စုဝန်ထမ်းများကို ပြည်ထောင်စုအစိုးရက ရွေးချယ်ခန့်အပ်၍ စီမံခန့်ခွဲရမည်။ ပြည်နယ်ဝန်ထမ်းများကို ပြည်နယ်အစိုးရက ရွေးချယ်ခန့်အပ်၍ စီမံခန့်ခွဲရမည်။ (Cf: FDC – 61)

(ခ) အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်းကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းရွေးချယ်ရေးနှင့် လေ့ကျင့်သင်ကြားရေးတို့ကို တိကျသောမူဝါဒများ ရေးဆွဲပြဋ္ဌာန်းရမည်။ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ အခြေခံစံနှုန်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက သက်ဆိုင်ရာပြည်နယ်နှင့် လိုက်လျောညီထွေစွာ ဖြည့်စွက်ခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်ခွင့်ရှိသည်။ (Cf: FDC - ၆၁)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေး ကျောင်းများ သီးခြားဖွင့်လှစ်ခွင့်ရှိသည်။ (Cf: FDC - ၆၂)

## ပုဒ်မ (၂၀) အစိုးရအချင်းချင်းဆက်ဆံရေး [FDC- ပုဒ်မ (၆၃)]

(က) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား၌သော်လည်းကောင်း၊ ပြည်နယ်အစိုးရများ အချင်းချင်းအကြား၌သော်လည်းကောင်း၊ အပြန်အလှန် ဩဇာလွှမ်းမိုးမှုကင်းသော ညှိနှိုင်း ဆောင်ရွက်မှုစနစ် ဖော်ဆောင်ရမည်။ (12 EROs - ၂၄)

(ခ) အစိုးရအချင်းချင်းအကြား အငြင်းပွားမှုများ ပေါ်ပေါက်ပါက အပြန်အလှန် ဩဇာလွှမ်းမိုးမှု ကင်းသော ညှိနှိုင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာအစိုးရအကြီးအကဲများ ပါဝင်သည့် ပူးတွဲကော်မတီကိုသော်လည်းကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အတွက် ကဏ္ဍအလိုက် ဝန်ကြီးများပူးတွဲကော်မတီကိုသော်လည်းကောင်း၊ မျှဝေသုံးစွဲရန် သတ် မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေးပူးတွဲကော်မတီကိုသော်လည်း ကောင်းစသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီသက်တမ်းကို သတ်မှတ်ထားရှိရမည်။

## ပုဒ်မ (၂၁) နိုင်ငံရေးစနစ်

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ (FCDCC ပုဒ်မ - ၉၊ က)

(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီအခြေခံမူများ၊ ကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းထူ ထောင်နိုင်သည်။ (FCDCC ပုဒ်မ - ၉၊ ခ)

(ဂ) ပြည်ထောင်စုအဆင့်တွင် မှတ်ပုံတင်သော နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် မှတ်ပုံတင်သော နိုင်ငံရေးပါတီများအတွက် နိုင်ငံရေး ပါတီများဆိုင်ရာဥပဒေကို သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းရမည်။

## ပုဒ်မ (၂၂) စီးပွားရေးစနစ်

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်။ [EAO-12, PPST- အခြေခံမူ]

## ပုဒ်မ (၂၃) ရွေးကောက်ပွဲကော်မရှင်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များကို သီးခြားစီ ဖွဲ့စည်းရ မည်။ [FDC- ပုဒ်မ (၁၆-ခ)]

## အခန်း (၂)

## အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

**ပုဒ်မ (၂၄) အခြေခံအခွင့်အရေးများ**

(က) ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးကို အပြည့်အဝ ခံစားခွင့်ရှိစေရမည်။ (FDC-၂၄)

(ခ) ပြည်ထောင်စု၏ နိုင်ငံသားအဖြစ် ခံယူထားသော ပြည်ထောင်စုနိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များ၊ တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) ရှိစေ ရမည်။ (FDC - ၂၆)

(ဂ) တိုင်းရင်းသားလူမျိုးတိုင်းသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများသာမက လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာစုပေါင်းအခွင့်အရေးများ (Collective Rights) နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self-determination) ကို အပြည့်အဝ ခံစားခွင့်ရှိစေရမည်။ (FDC - ၂၅ နှင့် ၂၆)

(ဃ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။ (FDC - ၄၅)

(င) နိုင်ငံသားတိုင်းသည် အခြေခံအကျဆုံးဖြစ်သည့် တသီးပုဂ္ဂလအခွင့်အရေးများကို လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ ကျား၊မ၊ ခြားနားစွမ်းမှု၊ လိင်စိတ်ခံယူမှုတို့ကို အခြေမခံဘဲ အပြည့်အဝ ခံစားပိုင်ခွင့်ရှိစေရမည်။ (FDC - ၂၇)

**ပုဒ်မ (၂၅) လူပုဂ္ဂိုလ်တဦးချင်းဆိုင်ရာ အခွင့်အရေးများ** (FCDCC - ၁၁၊ ၁၂)

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် -

(၁) အသက်ရှင် ရပ်တည်ပိုင်ခွင့် ရှိစေရမည်။

(၂) ဘဝရှင်သန်ရေးအတွက် လွတ်လပ်စွာ ဝမ်းစာရှာဖွေခွင့်၊ အလုပ်လုပ်ပိုင်ခွင့်နှင့် မိမိ၏လုပ်ခနှင့်အညီ ထိုက်တန်သော အကျိုးခံစားပိုင်ခွင့်ရှိစေရမည်။

(၃) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ အသားအရောင်၊ သန်စွမ်းမှု၊ အဆင့်အတန်း၊ အသက်အရွယ်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုများကြောင့် ခွဲခြားမှုမရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိစေရမည်။

(၄) လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့် ရှိစေရမည်။

(၅) လူပုဂ္ဂိုလ်တဦးအဖြစ် တရားဝင် အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရယူပိုင်ခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူ မည်သူမဆို -

(၁) ကျွန်ပြုခြင်း မခံစေရ။

(၂) အတင်းအဓမ္မစေခိုင်းခံခြင်း မရှိစေရ။

(၃) နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုခြင်း၊ လူမဆန်သော ရက်စက်စွာပြုမူဆက်ဆံခြင်း မခံစေရ။

**ပုဒ်မ (၂၆) ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများ** (FCDCC - ၁၂)

အထက် ပုဒ်မ (၂၄) နှင့် ပုဒ်မ (၂၅) ပါ အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မျှ ရုပ်သိမ်းပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၂၇) အခြေခံရပိုင်ခွင့်** (FCDCC - ၁၃)

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် -

(က) လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချိခွင့် ရှိစေရမည်။

(ခ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ဘာသာရေးထုံးတမ်းစဉ်လာများကို ကျင့်သုံးခွင့်ရှိစေရမည်။

(ဂ) လွတ်လပ်စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရမည်။

(ဃ) တရားဥပဒေရှေ့တွင် တန်းတူညီမျှရှိပြီး၊ တရားရေးဆိုင်ရာ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်။

(င) နိုင်ငံသားများပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ဥပဒေနှင့်ဆန့်ကျင်၍ မည်သူမျှ သိမ်းပိုက်ခြင်း မရှိစေရ။

**ပုဒ်မ (၂၈) ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေး** (FCDCC - ၁၄)

ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူ မည်သူမဆို ဥပဒေနှင့်အညီ အထောက်အထား ခိုင်လုံမှုမရှိဘဲ -

(က) လူပုဂ္ဂိုလ်ကို ရှာဖွေခံရခြင်း၊ နေအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေခံရခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ရှာဖွေသိမ်းဆည်းခံရခြင်း မရှိစေရ။

(ခ) စာပေးစာယူ၊ ဖုန်း၊ အီးမေးလ်၊ ဖက်(စ်)၊ ကြေးနန်းစာနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လွတ်လပ်မှုတို့ကို ချိုးဖောက်ခံရခြင်းတို့မှ ကာကွယ်ခွင့်နှင့် အကာအကွယ် ရယူပိုင်ခွင့်ရှိရမည်။

(ဂ) သိက္ခာနှင့် ဂုဏ်သတင်းကို ထိခိုက်ခြင်း မခံထိုက်စေရ။

**ပုဒ်မ (၂၉) ကျား-မ တန်းတူအခွင့်အရေး** (FCDCC - ၁၆)

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစု အစရှိသည့် နယ်ပယ်အသီးသီး၌ ကျား-မ တန်းတူအခွင့်အရေး ရှိစေရမည်။

**ပုဒ်မ (၃၀) နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး** (FCDCC - ၁၇)

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၃၁) ဖမ်းဆီးချုပ်နှောင်ခံရသူ၏အခွင့်အရေး** (FCDCC - ၁၈)

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူမည်သူမျှ ပြစ်မှုကျူးလွန်သည်ဟု ထင်မြင်ယူဆနိုင်ဖွယ်ရာ ခိုင်လုံသော အကြောင်းမရှိဘဲ သံသယဖြင့် ချုပ်နှောင်ခံရခြင်း၊ ထောင်သွင်း အကျဉ်းချခံရခြင်း မရှိစေရ။

(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ် ဆက်ဆံရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှု ခံထိုက်စေရမည်။

(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူ့ကိုမဆို ဝရမ်းအရ မဟုတ်လျှင် (၂၄) နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ (၂၄) နာရီထက်ကျော်လွန်၍ ချုပ်နှောင်ရန် လိုလောက်သော အကြောင်းရှိလျှင် အာဏာရှိသည့် သက်ဆိုင်ရာတရားရုံးသို့ အစီရင်ခံတင်ပြပြီး တရားသူကြီး တဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၂) ပြစ်မှုဆိုင်ရာစွဲဆိုခြင်း** (FCDCC - ၁၉)

(က) မည်သူမဆို ပြစ်မှုတခုခုနှင့် တရားစွဲဆိုခြင်းခံရပါက-

(၁) အဆိုပါပြစ်မှုနှင့် စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိစေဘဲ ကြားသိစေရမည်။

(၂) အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်။

(၃) တရားစွဲဆိုခြင်း ခံရသူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်းအကျပ်ပြုခြင်း မခံစေရ။

(၄) ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝ ရှိစေရမည်။

(၅) တရားစွဲဆိုခြင်းခံရသူ၏ကိုယ်စား ဥပဒေအကျိုးဆောင် ငှားရမ်းထုချေပိုင်ခွင့် ရှိစေရမည်။ အကယ်၍ ငှားရမ်းနိုင်ခြင်းမရှိပါက ကြီးလေးသောအမှုများတွင် ပြည်ထောင်စုအစိုးရ (သို့မဟုတ်) သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ မှုခင်းဆိုင်ရာအလိုက် စီစဉ်ဆောင်ရွက်ပေးရမည်။

(၆) တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သောဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့် ရှိစေရမည်။ ယင်းသို့ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏ အကူအညီကို ရယူပိုင်ခွင့်ရှိစေရမည်။

(ခ) ကြားနာသော တရားခွင်အားလုံးသည် အများပြည်သူတက်ရောက်နိုင်သော တရားစီရင်ရေးဖြစ်ရမည်။ ကလေးသူငယ်များနှင့်သက်ဆိုင်သောမှုခင်းများအား ချွင်းချက်ထားရှိနိုင်သည်။

**ပုဒ်မ (၃၃) တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်** (FCDCC - ၂၀)

(က) ပြစ်မှုဖြစ်ပွားစဉ် အချိန်ကာလ၌ အတည်ဖြစ်နေသော တရားဥပဒေအရသာ စီရင်ရမည်။

(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များ မချမှတ်ရ။

(ဂ) တရားသေလွှတ်ခြင်း ခံရပြီးသူ မည်သူတဦးတယောက်ကိုမျှ အဆိုပါပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင် ခြင်း မပြုရ။

(ဃ) မည်သူမဆို ပြစ်မှုတခုအတွက် တကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်း မခံစေရ။

(င) မည်သည့်ဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်း မရှိစေရ။

## ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ

## (Civil and Political Rights)

**ပုဒ်မ (၃၄) လွတ်လပ်စွာသွားလာခွင့်** (FCDCC - ၂၁)

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိ စေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တခုမှတခုသို့ ပြောင်းရွှေ့နေထိုင်ခွင့်ကို ပုဒ်မ (၁၄၈) နှင့်အညီ ဖြစ်စေရမည်။

**ပုဒ်မ (၃၅) ပြည်ပသို့ ထွက်ခွာခွင့်၊ ပြန်လည်ဝင်ရောက်ခွင့်** (FCDCC - ၂၂)

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမှ ပြည်ပသို့ ထွက်ခွာခွင့်၊ ပြည်ပမှ ပြည်ထောင်စုသို့ ပြန်လည်ဝင်ရောက်ခွင့်ရှိစေရမည်။

**ပုဒ်မ (၃၆) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအခွင့်အရေး** (FCDCC - ၂၃)

(က) အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သော အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့် အတန်း၊ လိင်စိတ်ခံယူမှု မခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လက်ထပ်ပိုင်ခွင့် ရှိစေရမည်။

(ခ) လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ဘာသာတရားနှင့် လူမျိုးသဏ္ဌာန် ရွေးချယ်မှုအခွင့်အရေးကို အလိုအလျောက်ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏ လွတ်လပ်သော ဆန္ဒသဘောထားအရသာလျှင် ဖြစ်စေရမည်။

(ဂ) အရွယ်ရောက်သူ၏ အသက်သည် (၁၈) နှစ် ဖြစ်သည်။

**မှတ်ချက်။** အရွယ်ရောက်သူ၏ အသက်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၃၇) နိုင်ငံရေးအခွင့်အရေး** (FCDCC - ၂၄)

အရွယ်ရောက်သူနိုင်ငံသားတိုင်းသည် -

(က) တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှ တဆင့်သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) လွတ်လပ်၍ တရားမျှတစွာဖြင့် ကျင်းပသော အထွေထွေရွေးကောက်ပွဲများနှင့် အခါအားလျော်စွာ ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်များ ရှိစေရမည်။

**ပုဒ်မ (၃၈) အသင်းအဖွဲ့များ၊ သမဂ္ဂများ တည်ထောင်ခွင့်** (FCDCC - ၂၅)

(က) ဖက်ဒရယ်ပြည်ထောင်စုတွင်နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ လွတ်လပ်စွာ အသင်းအဖွဲ့များ၊ သမဂ္ဂများ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိစေရမည်။

(ခ) မည်သူမျှ အသင်းအဖွဲ့တခုခုသို့ ဝင်ရောက်ရန် သို့မဟုတ် ထွက်ခွာရန် အတင်းအကျပ် ပြုမူခြင်း မခံစေရ။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ**

**ပုဒ်မ (၃၉) စီးပွားရေးဆိုင်ရာအခွင့်အရေးများ**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် တရားသဖြင့်ရှာဖွေရရှိထားသောပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်ရှိရမည်။ (FDC - ၂၈၊ FCDCC - ၂၆-က)

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် အများပြည်သူ၏ အကျိုးအလို့ငှာ သက်ဆိုင်ရာ အစိုးရများမှ မိမိ၏ ခြံ၊ မြေ၊ လယ်ယာနှင့် ပစ္စည်းများကို ဥပဒေနှင့်အညီသိမ်းပိုက်သည့်ရှိသော် သိမ်းဆည်းခံရသူအနေဖြင့် ဈေးကွက်ကာလတန်ဖိုးနှင့်လျော်ညီသော နစ်နာကြေး၊ လျော်ကြေးများကို တလုံးတခဲတည်း တောင်းဆိုရယူပိုင်ခွင့်ရှိသည်။ (Cf: FDC - ၂၉၊ FCDCC - ၂၆-ခ)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ကျား-မ၊ လိင်စိတ်ခံယူမှု၊ ခြားနားသန်စွမ်းမှု၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ်အပေါ် မူတည်၍ ခွဲခြားခံရခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။ (FDC - ၃၀၊ FCDCC - ၂၇)

(ဃ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။ (FDC - ၃၁၊ FCDCC - ၂၈-က)

(င) အထက်အပိုဒ်ခွဲ (ဃ) ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် ဖက်ဒရယ်ပြည်ထောင်စုက ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။ (FDC - ၃၂၊ FCDCC - ၂၈-ခ)

(စ) ဖက်ဒရယ်ပြည်ထောင်စုအဆင့် စီမံကိန်းများသည် သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပြည်သူလူထု၏ အများသဘောတူညီချက်များနှင့်အညီ ဖော်ဆောင်ရမည်ဖြစ်ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်ခြင်း မဖြစ်ပေါ်စေရန် ဖော်ဆောင်ရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့်ရှိစေရမည်။ (FDC - ၃၃၊ FCDCC - ၂၉)

(ဇ) မိရိုးဖလာသဘာဝ အမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက်ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့်ရှိစေရမည်။ (FDC- ၃၄၊ FCDCC- ၃၀)

(ဈ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တရပ်ရပ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သာလျှင် ဖြစ်စေရမည်။ (FDC - ၃၅၊ FCDCC - ၃၁)

(ည) နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုလုပ်ပိုင်ခွင့်၊ ပြည်နယ်လုပ်ပိုင်ခွင့်၊ ထပ်တူပြု လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရှိရမည်။ ကြွင်းကျန်လုပ်ပိုင်ခွင့်များသည် ပြည်နယ်များ၌ တည်ရမည်။ (FDC - ၃၆)

**ပုဒ်မ (၄၀) ပညာရေးဆိုင်ရာအခွင့်အရေးများ**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(၁) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(၂) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(၃) ခြားနားစွမ်းသူများအတွက် အထူးပညာရေး ရရှိပိုင်ခွင့်ရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့ သင်ကြားခွင့် ရရှိစေရမည်။ (FDC- ၃၇၊ FCDCC- ၃၂)

(ဂ) တိုင်းရင်းသားများ၏ မိခင်ဘာသာစကားအခြေပြု သင်ကြားရေးစနစ်ကို ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရမည်။ ဖယ်ဒရယ်ဒီမိုကရေစီပညာရေးကို အကောင်အထည် ဖော်ကျင့်သုံးမည်။ (FDC- ၃၈)

(ဃ) ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့် ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသော ပညာရေးဆိုင်ရာဥပဒေနှင့် အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။ (FDC - ၃၉၊ FCDCC - ၃၃)

(င) ပညာရေးစနစ်သည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တန်းတူညီမျှရေးတို့ကို အားပေးသောစနစ် ဖြစ်ရမည်။

**ပုဒ်မ (၄၁) ကျန်းမာရေးဆိုင်ရာအခွင့်အရေး** (FCDCC - ၃၄)

(က) ဖက်ဒရယ် ပြည်ထောင်စုတွင်နေထိုင်သူတိုင်းသည် အခြေခံကျန်းမာရေးအဆင့်တွင် ကာကွယ် စောင့်ရှောက်မှုနှင့် ကုသမှုကို အခမဲ့ရယူခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အသက် နှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံထားရှိမှုနှင့် လူမှုဖူလုံရေးအတွက် စီမံထားရှိမှုတို့ကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် မိမိ၏မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက် ၍ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ပိုင်ခွင့် ရှိစေရမည်။

(ဃ) ပုဒ်မ (၄၁) (ဂ) ပါ မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့်ဥပဒေကို ဖက်ဒရယ်ပြည် ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၄၂) သတင်းမီဒီယာအခွင့်အရေးများ**

သတင်းမီဒီယာများ၏ လွတ်လပ်စွာရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ သတင်း ပေးပို့ တင်ပြပိုင်ခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေဖြန့်ချိခွင့်တို့အား အကာအကွယ်ပေးရမည်။ (FDC - ၄၂)

**ပုဒ်မ (၄၃) ယဉ်ကျေးမှုအခွင့်အရေးများ**

(က) ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးအားလုံးသည် ယဉ်ကျေးမှု ဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self-determination) ကို ကျင့်သုံးခွင့်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သူတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုခွင့်၊ သင်ကြားပိုင်ခွင့်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင် ခွင့်ရှိစေရမည်။ (FDC - ၄၄)

(ဂ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ဆန့်ကျင်ခြင်းမရှိပါက မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ တိုင်းရင်းသား ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို စောင့်ထိန်းရန်နှင့် တိုးတက်ပြန့်ပွားရန်အတွက် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။ (FCDCC - ၃၅)

**ပုဒ်မ (၄၄) အထူးစီမံဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ**

(က) တိုင်းရင်းသားများသည် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သာတူညီမျှ စွာခံစားခွင့် ရှိရမည်ဖြစ်ပြီး တိုးတက်မြှင့်တင်ပေးသည့် ဆောင်ရွက်ချက်များ (Progressive Actions/ Affirmative Actions) များကိုလည်း ခံစားခွင့်ရှိစေရမည်။ (FDC - ၄၆)

(ခ) လူမျိုး၊ ဘာသာ၊ ကျား၊မ၊ ခြားနားစွမ်းမှု (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ)၊ လိင်စိတ်ခံယူမှု (protected characteristics)၊ အသားအရောင်ကိုအခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ ခွဲခြားဆက်ဆံမှုများနှင့် အခြားသော ခွဲခြားဆက်ဆံမှုမှန်သမျှကို လုံးဝပိတ်ပင်ဟန့်တားရမည့် အပြင် ထိုအခွင့်အရေးများကို မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။ (FDC - ၄၇)

(ဂ) ကျား-မ တန်းတူညီမျှမှုအခွင့်အရေးကိုဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ် ပြည်ထောင်စု၏ အဆင့်ဆင့်သောဥပဒေပြုခြင်းနှင့်တန်းတူရေး အကောင်အထည်ဖော်မှုဆိုင်ရာ ပေါ်လစီများချ မှတ်ရာတွင် အနည်းဆုံး အမျိုးသမီး (၃၀) ရာခိုင်နှုန်း ပါဝင်စေရန် စီမံဆောင်ရွက်ရမည်။ (FCDCC - ၃၇, FDC - ၄၈)

**ပုဒ်မ (၄၅) ကလေးသူငယ်များဆိုင်ရာအခွင့်အရေး** (FDC - ၄၉၊ FCDCC - ၃၈)

(က) ကလေးသူငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစား ပိုင်ခွင့်ရှိသည်။ ကလေးသူငယ်တိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ အဆင့်ဆင့်သော အစိုးရများနှင့် ပြည်သူလူထုတရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ကလေးသူငယ်များအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် မပြုလုပ်ရ။ ကလေးသူငယ်တို့ကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့ သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလ သမဂ္ဂညီလာခံ သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထား သော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လိုက်နာကျင့်သုံးရ မည်။ အကယ်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင်သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးသူငယ်များ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင် သော်လည်းကောင်း၊ ကလေးသူငယ်များအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင် ရွက်ရမည်။

(ဂ) ကလေးသူငယ်များကို ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာ ကြီးထွား ဖွံ့ဖြိုးမှု၊ ပညာရေးသင်ကြားခွင့် တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများ အပါ အဝင် စီးပွားရေး၊ လူမှုရေးနှင့်လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြု ရမည်။

(ဃ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်နှင့်အညီ ကလေး သူငယ် အခွင့်အရေးဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၄၆) အလုပ်သမားအခွင့်အရေး** (FDC - ၅၀၊ FCDCC - ၃၉)

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက်-

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများ ရရှိခွင့်

(၂) လူမှုဖူလုံရေး ခံစားခွင့်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ခံစားခွင့်

(၃) မျှတသော အလုပ်ချိန် သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရက်နှင့် ခွင့်ရက်များ ခံစားခွင့်

(၅) လုပ်အားနှင့် လျော်ညီသော အခြေခံလုပ်ခ၊ လစာခံစားခွင့်

(၆) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ တည်ထောင်ဖွဲ့စည်းခွင့် (ILO Convention 87) နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် (ILO Convention 98) များရရှိစေရမည်။

(ခ) အလုပ်သမားအခွင့်အရေးဆိုင်ရာဥပဒေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စု လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များက ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၄၇) တောင်သူလယ်သမားအခွင့်အရေး** (FDC - ၅၁၊ FCDCC - ၄၀)

(က) တောင်သူလယ်သမားတိုင်းသည် -

(၁) သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(၃) တောင်သူလယ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) တောင်သူလယ်သမား အခွင့်အရေးဆိုင်ရာဥပဒေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ် လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တို့က ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၄၈) တန်းတူအခွင့်အရေး ဖော်ဆောင်ခြင်း** (FDC - ၅၂၊ FCDCC - ၄၁)

အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းနှင့် အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကို ခံစားနေရသော တိုင်းရင်းသားလူမျိုးများနှင့် အစုအဖွဲ့များအတွက်ဖြစ်စေ၊ စွမ်းဆောင်နိုင်မှုအခြေအနေ နိမ့်ပါးလျက်ရှိသော နိုင်ငံသား အစုအဖွဲ့များအတွက်ဖြစ်စေ၊ အချို့သော ထုံးတမ်းစဉ်လာများအရ နိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူး စီမံဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူ အခွင့်အရေး ရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

**ပုဒ်မ (၄၉) ပြည်နယ်များအတွင်းရှိ လူနည်းစုများအခွင့်အရေးကို ကာကွယ်ခြင်း**

ပြည်နယ်များအတွင်းရှိ လူနည်းစုများ (Minority within Minority) နိုင်ငံရေးဆုံးဖြတ်ချက် အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်စေရန် အဆင့်ဆင့်သော နိုင်ငံရေးကဏ္ဍတို့တွင်ပါဝင်နိုင်ခွင့် အခွင့်အလမ်းများကို ဖန်တီး ပေးရမည်။ ထို့အပြင် အခြားသောကဏ္ဍအသီးသီးတွင် အထူးစီမံဆောင်ရွက်ချက် (affirmative action) များ ကိုလည်း မူဝါဒချမှတ်ဖော်ဆောင်ပေးရမည်။ (FDC - ၅၃)

**ပုဒ်မ (၅၀) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး** (FDC - ၅၄၊ FCDCC - ၄၂)

(က) ဖက်ဒရယ်ပြည်ထောင်စုတွင်နေထိုင်သူတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့်အပြင် သဘာဝတရားနှင့်ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိရန် အခွင့်အရေးရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့ အခြေချ နေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုဖြစ်စေနိုင်သည့် သဘာဝ သယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကို တားမြစ်ရန် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စုနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရများကလည်း အသိအမှတ်ပြုရမည်။

**ပုဒ်မ (၅၁) လူ့အခွင့်အရေးကော်မရှင်ထံတိုင်ကြားခွင့်** (FCDCC - ၄၃)

လူ့အခွင့်အရေး ဖောက်ဖျက်ခံရသူ မည်သူမဆို ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့်ရှိစေရန်အတွက် လူ့အခွင့်အရေးကော်မရှင်နှင့် အခြားသက်ဆိုင်ရာကော်မရှင်များထံသို့ တိုင်ကြားခွင့် ရှိစေရမည်။

**ပုဒ်မ (၅၂) အခြေခံဥပဒေ၏ အကာအကွယ်ရယူခြင်း** (FCDCC - ၄၄)

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အကာအကွယ်ကို ရယူရန် လိုအပ်သောအခါ၌ စာချွန်လွှာကို တင်သွင်း၍ ဖက်ဒရယ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့်ရှိစေရမည်။

(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မှ ရပ်ဆိုင်းထားခြင်း မရှိစေရ။

**ပုဒ်မ (၅၃) ဖက်ဒရယ်ပြည်ထောင်စု၏ အကာအကွယ်ရယူခြင်း** (FCDCC - ၄၅)

နိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုပြင်ပ၌ဖြစ်စေ ဖက်ဒရယ် ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းဆိုပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၅၄) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအား တိုက်ရိုက်ကိုးကား ကျင့်သုံးခွင့်** (FCDCC - ၄၆)

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်း များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို တရားရုံးများက တိုက်ရိုက်ကိုးကားကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၅၅) တာဝန်များ** (FCDCC - ၄၇)

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရန် တာဝန်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်နှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသည်။

## အခန်း (၃)

## အသွင်ကူးပြောင်းရေးကာလ အစီအမံများ

**ပုဒ်မ (၅၆) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း**

(က) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်တည်ဆောက်ရေးတို့အတွက် ၂၀၂၀ နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲရလဒ်ဖြစ်သော De Jure Mandate နှင့် နွေဦးတော်လှန်ရေးနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ De Facto Mandate တို့ကို ပေါင်းစပ်၍ ဤ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ''ဖက်ဒရယ်ဒီမို ကရေစီပဋိညာဉ်'' အစိတ်အပိုင်း (၁)၊ အခန်း (၃) ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၈) ပြဋ္ဌာန်းချက် နှင့်အညီ ရေးဆွဲပြီး ''ပြည်သူ့ညီလာခံ'' က အတည်ပြုသည်။

(ခ) ပြည်သူ့ညီလာခံက အတည်ပြုထားသော ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ သည် ပြည်ထောင်စုတဝှမ်းလုံး၌ အာဏာတည်ကြောင်း ပြည်ထောင်စုလွှတ်တော်က (၇) ရက် အတွင်း ပြဋ္ဌာန်းပေးရမည်။ ထိုကဲ့သို့ ပြဋ္ဌာန်းရာတွင် ပြည်သူ့ညီလာခံက အတည်ပြုထားသော အချက်အလက်များနှင့် ပုဒ်မများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း မပြုရ။

**မှတ်ချက်။** ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရန် လို- မလို ဟူသောအချက်သည် ဆွေးနွေးနေကြဆဲဖြစ်သည်။

(ဂ) ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ကျင့် သုံးသည့် အချိန်မှစ၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ၂၀၂၁၊ မတ်လ (၃၁) ရက်နေ့ ထုတ်ပြန်ကြေညာချက်ဖြင့် ဖျက်သိမ်းထားပြီးဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အာဏာသက်ရောက်မှုအားလုံး ပြည်ထောင်စုတဝန်းလုံး၌ ကုန်ဆုံးသွားပြီးဖြစ်သည်ဟု မှတ်ယူစေရမည်။

(ဃ) ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ကျင့် သုံးသည့် အချိန်မှစ၍ ၂၀၂၂၊ ဇန်နဝါရီ (၂၇-၂၉) ရက်များတွင် ကျင်းပခဲ့သော ပြည်သူ့ညီလာခံမှ အတည်ပြုပြဋ္ဌာန်းသည့် ''ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်'' အစိတ်အပိုင်း (၂) ''ကြားကာလဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ'' သက်တမ်းကုန်ဆုံးသွားပြီဟု မှတ်ယူစေရမည်။

**ပုဒ်မ (၅၇) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးခြင်း**

(က) ပြည်ထောင်စုမြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အဆုံးသတ်ရေး၊ နှစ်ပေါင်း (၇၅) နှစ်ကျော်ကြာ ပြီဖြစ်သည့် ပြည်တွင်းစစ်အဆုံးသတ်ရေးနှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) ပါ ပြဋ္ဌာန်းချက်နှင့်

အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုအခြေခံမူများ (အခန်း- ၁)၊ အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ (အခန်း- ၂) တို့ကို ကြားကာလ (တော်လှန်ရေးကာလ) တွင် ကျင့်သုံးနေသည့်နည်းတူ အသွင်ကူးပြောင်းရေးကာလနှင့် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းကျင့်သုံးသည့်ကာလများတွင် အမြဲတမ်းကျင့်သုံးစေရမည်။

(ခ) ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ဖက်ဒရယ်ပြည်ထောင်စု အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို အခန်း (၆) ပါ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို အခန်း (၇) ပါ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများကို အခန်း (၈) ပါ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ် De Jure Mandate နှင့် နွေဦးတော်လှန်ရေးနှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ De Facto Mandate တို့ကိုပေါင်းစပ်၍ ဖွဲ့စည်းထူထောင်ရမည်။

(ဂ) ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ဖွဲ့စည်းထားသော အသွင်ကူးပြောင်းရေးကာလပြည်ထောင်စုလွှတ်တော်သည် ကြားကာလ (တော်လှန်ရေးကာလ) ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ (အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ) သည် ကြားကာလ (တော်လှန်ရေးကာလ) အမျိုးသားညီညွတ်ရေးအစိုးရ၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ အသွင်ကူးပြောင်းရေးကာလ အဆင့်ဆင့်သော ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများသည် ကြားကာလ (တော်လှန်ရေးကာလ) အဆင့်ဆင့်သော ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း ဆက်လက်၍ တာဝန်ယူမှု၊ တာဝန်ခံမှု အသီးသီး ရှိကြရမည်။

(ဃ) ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝ အာမခံချက်ရှိသည့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို ဖွဲ့စည်းရမည်။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံး၍ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည်။

(င) ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသော ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေများကို ကျင့်သုံး၍ အသွင်ကူးပြောင်းရေးကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ ဥပဒေပြုလွှတ်တော်၊ အစိုးရနှင့်တရားရုံးတို့ကို ဖွဲ့စည်းထူထောင်ရမည်။ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ အနေဖြင့် ဖက်ဒရယ်စနစ်အရ ကျင့်သုံးအပ်သော ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ''အာဏာခွဲဝေ ကျင့်သုံးခြင်း'' မူအရ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များက ကျင့်သုံးပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝ ကျင့်သုံးခွင့် အာမခံချက်ရှိစေရမည်။

## ပုဒ်မ (၅၈) တိုင်းပြုပြည်ပြုညီလာခံ

ဖက်ဒရယ်ပြည်ထောင်စုတွင် အမြဲတမ်းကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးများ၊ ဒေသပေါင်းစုံနှင့် အလွှာပေါင်းစုံတို့ ပူးပေါင်းပါဝင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခြင်းငှာ အသွင်ကူးပြောင်းရေးကာလတွင် ''တိုင်းပြုပြည်ပြုညီလာခံ'' ကို အခန်း (၄) ပါပြဋ္ဌာန်းချက်နှင့်အညီ ခေါ်ယူကျင်းပစေရမည်။

## ပုဒ်မ (၅၉) ပြည်နယ်ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး အထောက်အကူပြုကော်မရှင်

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များက အမြဲတမ်းကျင့်သုံးကြမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းများကို အထောက်အကူပြုစေရေးအတွက် ပြည်ထောင်စုအဆင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေး အထောက်အကူပြုကော်မရှင်တရပ်ကို ဖွဲ့စည်းရမည်။

(ခ) ထိုကော်မရှင်သည် အသွင်ကူးပြောင်းရေးကာလအတွင်း ရေးဆွဲပြဋ္ဌာန်းသော အမြဲတမ်းကျင့်သုံးမည့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံ၍ ပြည်နယ်/ ဖက်ဒရယ်ယူနစ် အသီးသီးတွင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အကူအညီပေးရမည်။

(ဂ) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပြည်နယ်များအတွင်းတွင် ကျင့်သုံးမည့် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက် ရှိစေရမည်။

## ပုဒ်မ (၆၀) အသွင်ကူးပြောင်းရေးကာလ လွတ်လပ်သောကော်မရှင်များ

အသွင်ကူးပြောင်းရေးကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုတရပ်လုံး၏ ဘဝလုံခြုံရေးနှင့် အနာဂတ် ဖက်ဒရယ် တည်ဆောက်ရေးအတွက် လိုအပ်သောယန္တရားများကို စနစ်တကျ ထူထောင်ဖန်တီးနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရကို အထောက်အကူဖြစ်စေခြင်းငှာသော်လည်းကောင်း၊ တိုင်းပြုပြည်ပြုညီလာခံတွင် ဆောင်ရွက်မည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို အထောက်အကူဖြစ်စေခြင်းငှာသော်လည်းကောင်း အောက်ပါကော်မရှင်များကို အနည်းဆုံးဖွဲ့စည်းထားရမည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်
(Anti-Corruption Commission)

(ခ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်
(Anti-Discrimination and Human Rights Commission)

(ဂ) သတင်းအချက်အလက်များ သိရှိပိုင်ခွင့်ကော်မရှင်
(Right to Information)

(ဃ) ဂျန်ဒါတန်းတူရေးနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုဆန့်ကျင်တားဆီးရေး ကော်မရှင်
(Gendar Equality and Gender-based Violence Commission)

(င) အခြားလိုအပ်သောကော်မရှင်များ

**ပုဒ်မ (၆၁) အသွင်ကူးပြောင်းရေးကာလဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး ကော်မရှင်**

အနှစ် (၇၀) ကျော် ပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ နွေဦးတော်လှန်ရေးကာလ စစ်ကောင်စီ၏ ရက်စက်သောင်းကျန်းမှုများကြောင့်သော်လည်းကောင်း နှစ်ပေါင်းများစွာ ဒုက္ခသည်ဘဝ ရောက်ရှိခဲ့ကြရသူများနှင့် ပြည်တွင်း နေရပ်စွန့်ခွာသူများကို စနစ်တကျ ပြန်လည်နေရာချထားပေးရေးနှင့် လူမှုဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ကော်မတီများနှင့် ကော်မရှင်များကို ပြည်ထောင်စုအတိုင်းအတာဖြင့်သော်လည်းကောင်း၊ ပြည်နယ်ဖက်ဒရယ်ယူနစ်အလိုက်သော်လည်းကောင်း လိုအပ်သလို ဖွဲ့စည်းရမည်။ ထိုပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ကို အသွင်ကူးပြောင်းရေးကာလအတွင်း အပြီးအစီး ဆောင်ရွက်နိုင်ခြင်းမရှိပါက အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပသော ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော အစိုးရသစ်က ဆက်လက်ဆောင်ရွက်ရမည်။

**ပုဒ်မ (၆၂) အသွင်ကူးပြောင်းရေးကာလ နိုင်ငံသားများအဖြစ် ပြန်လည်စိစစ်လက်ခံခြင်း**

အနှစ် (၇၀) ကျော်ပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အခြားသော မတရားခွဲခြားဆက်ဆံသည့် ဥပဒေအမျိုးမျိုးကြောင့် နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး လက်လွှတ်ဆုံးရှုံးနေရသူများကို ပြန်လည်စိစစ်၍ နိုင်ငံသားများဖြစ်ခွင့် ပြန်လည်ရရှိနိုင်ရေးအတွက် နိုင်ငံသားများအဖြစ် ပြန်လည်စိစစ်ရေး ကော်မရှင်တရပ်ကို ဖွဲ့စည်းထူထောင်ရမည်။

**ပုဒ်မ (၆၃) အသွင်ကူးပြောင်းရေးကာလ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပါ ပြည်ထောင်စုအခြေခံမူနှင့် အခန်း (၁၁) ပါ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့အားလုံးသည် အရပ်သားအစိုးရလက်အောက်တွင် တာဝန်ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်နှင့်အညီ နိုင်ငံရေးတွင် အလျှင်းပါဝင်ခြင်း မရှိစေရဟူသော 'မူ' ကို ခိုင်မာစွာ ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ခ) စစ်အာဏာရှင်စနစ် တည်ဆောက်ရေးအတွက် ဖွဲ့စည်းထူထောင်ခဲ့သော တပ်မတော်ဖွဲ့စည်းမှုပုံစံသာမက၊ ထိုကဲ့သို့ ဖွဲ့စည်းနိုင်ရေးအတွက် ပြဋ္ဌာန်းခဲ့သော ဥပဒေအားလုံးကို အသွင်ကူးပြောင်းရေးကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဖျက်သိမ်းကြောင်းကြေညာ၍ ပြည်ထောင်စုတပ်မတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို အသွင်ကူးပြောင်းရေးကာလအတွင်း စတင်ဆောင်ရွက်ရမည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုများကို တိုင်းပြုပြည်ပြုညီလာခံတွင် ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(ဂ) နွေဦးတော်လှန်ရေးတွင် ပေါက်ဖွားလာခဲ့သော ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ အနာဂတ်အရေးသာမက၊ စစ်အာဏာရှင်တို့၏ စစ်တပ်ကို

အသွင်ပြောင်း ဖွဲ့စည်းရေးလုပ်ငန်းစဉ်အပါအဝင် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အသွင်ကူးပြောင်းရေးကာလတွင် စတင်ဆောင်ရွက်ရမည်။ ယင်းလုပ်ငန်းစဉ်ကို အသွင်ကူးပြောင်းရေးကာလအတွင်း အပြီးအစီးဆောင်ရွက်နိုင်ခြင်းမရှိပါက တိုင်းပြုပြည်ပြုညီလာခံတွင် အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပမည့် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော အစိုးရက ဆက်လက်ဆောင်ရွက်ရမည်။

**ပုဒ်မ (၆၄)** **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ဖော်ဆောင်ခြင်း** [JCC – TJ wait state] ရေးရန်

**မှတ်ချက်။** JCC-TJ တွင် ဆွေးနွေးနေဆဲဖြစ်၍ ခေတ္တစောင့်ဆိုင်းသည်။

**ပုဒ်မ (၆၅)** **အသွင်ကူးပြောင်းရေးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်း**

နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကြောင့်သော်လည်းကောင်း၊ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မတရားအာဏာသိမ်းရန် ကြိုးပမ်းခဲ့သော စစ်ကောင်စီ၏ သောင်းကျန်းဖျက်ဆီးမှုကြောင့်သော်လည်းကောင်း၊ ယိုယွင်းပျက်စီးနေသောတိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအတိုင်းအတာဖြင့်သော်လည်းကောင်း၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအနေဖြင့်သော်လည်းကောင်း စီမံဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကော်မတီနှင့် ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရပါမည်။

**ပုဒ်မ (၆၆)** **အသွင်ကူးပြောင်းရေးကာလ နိုင်ငံတကာ၏အကူအညီ ရယူရေးအစီအစဉ်**

အသွင်ကူးပြောင်းရေးကာလအတွင်း လိုအပ်သည့် လူသားချင်း စာနာထောက်ထားရေး အစီအစဉ်များအတွက်သော်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအစီအစဉ်အတွက်သော်လည်းကောင်း၊ တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တရပ်လုံးအတွက်သော်လည်းကောင်း လိုအပ်လျက်ရှိသော ငွေကြေးနှင့် နည်းပညာအထောက်အကူများကို ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများထံမှ လုံလောက်စွာ ရရှိနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရကို ကူညီထောက်ပံ့နိုင်မည့် လိုအပ်သောကော်မတီ၊ ကော်မရှင်များနှင့် ယန္တရားများကို ဖန်တီး ထူထောင်ရမည်။

**ပုဒ်မ (၆၇)** **သက်တမ်း**

ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏သက်တမ်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ စတင်အသက်ဝင်ကျင့်သုံးသည့်အချိန်မှစ၍ တိုင်းပြုပြည်ပြုညီလာခံတွင် အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲအသစ် ကျင်းပ၍ ဖက်ဒရယ် ပြည်ထောင်စုအစိုးရအသစ် ဖွဲ့စည်းထူထောင်သည့်အချိန်အထိဖြစ်သည်။

## အခန်း (၄)

## တိုင်းပြုပြည်ပြုညီလာခံ

### ပုဒ်မ (၆၈) ရည်ရွယ်ချက်

(က) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် အသွင်ကူးပြောင်းရေးကာလအတွင်း အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ဖြစ်ပါသည်။

(ခ) တိုင်းပြုပြည်ပြုညီလာခံကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင် ကျင်းပခဲ့သော ပြည်သူ့ညီလာခံတွင် “ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်” (အစိတ်အပိုင်း ၁) အခန်း (၃) ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၁၀) အတိုင်း ကျင်းပရမည်။

### ပုဒ်မ (၆၉) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပပိုင်ခွင့်အာဏာ

(က) ၂၀၂၀ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံသားများက ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထံ တရားဝင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာ (De Jure Mandate) ကို အသုံးပြု၍သော်လည်းကောင်း၊

(ခ) နွေဦးတော်လှန်ရေးနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများက တရားမဝင် အာဏာသိမ်းစစ်အုပ်စုကို ဆန့်ကျင်တော်လှန်ပိုင်ခွင့်နှင့် ကြားကာလနှင့်အသွင်ကူးပြောင်းရေးကာလများတွင် နိုင်ငံရေးအာဏာများကို လက်တွေ့ဆောင်ရွက် အကောင်အထည်ဖော်ပိုင်ခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ (De Facto Mandate) အသုံးပြု၍သော်လည်းကောင်း၊

(ဂ) De Jure Mandate နှင့် De Facto Mandate များကို ပေါင်းစပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်အာဏာရှိသည်။

### ပုဒ်မ (၇၀) တိုင်းပြုပြည်ပြုညီလာခံ ကိုယ်စားလှယ်များ

အသွင်ကူးပြောင်းရေးကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အောက်ပါအစုအဖွဲ့များမှ ကိုယ်စားလှယ်များ တိုင်းပြုပြည်ပြုညီလာခံသို့ တက်ရောက်ပိုင်ခွင့်ရှိသည်။

(က) ၂၀၂၀ ရွေးကောက်ပွဲ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ

(ခ) ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကောင်စီဝင်များ

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(ဃ) နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများ

(င) နိုင်ငံရေးပါတီများ

**ပုဒ်မ (၇၁) တိုင်းပြုပြည်ပြုညီလာခံ ကိုယ်စားလှယ်များ ပါဝင်မှုအချိုးအစား**

(က) ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ (၃၀) ရာခိုင်နှုန်း

(ခ) ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကောင်စီဝင်များ (၃၀) ရာခိုင်နှုန်း

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (၁၃) ရာခိုင်နှုန်း

(ဃ) အရပ်ဘက်အဖွဲ့အစည်းများ (၁၃) ရာခိုင်နှုန်း

(င) တရားဝင်နိုင်ငံရေးပါတီများ (၁၃) ရာခိုင်နှုန်း

**ပုဒ်မ (၇၂) တိုင်းပြုပြည်ပြုညီလာခံ အထောက်အကူပြုယန္တရားများ ဖန်တီးဖွဲ့စည်းခြင်း**

တိုင်းပြုပြည်ပြုညီလာခံကို သတ်မှတ်ထားသောကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် အောက်ပါယန္တရားများကို ဖန်တီးဖွဲ့စည်းရမည်။

(က) ကဏ္ဍအလိုက် လိုအပ်သော ကော်မတီများ

(ခ) အုပ်ချုပ်စီမံရေး လုပ်ငန်းကော်မတီများ

(ဂ) နည်းပညာအထောက်အကူပြုအဖွဲ့နှင့် အတွင်းရေးမှူးများ

(ဃ) ပြည်တွင်းပြည်ပမှ နည်းပညာအထောက်အကူပြုပညာရှင်များ

(င) တစ်ဆို့မှုများကို ကျော်လွှားနိုင်မည့် ယန္တရားများ ဖန်တီးခြင်း

(စ) အများပြည်သူမှ သိရှိလေ့လာနိုင်မည့် အခင်းအကျင်းဖန်တီးခြင်း

**ပုဒ်မ (၇၃) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ**

တိုင်းပြုပြည်ပြုညီလာခံတွင် အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းမည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းခြင်းဆိုင်ရာအောက်ပါကိစ္စရပ်များကို ဆောင်ရွက်မည်။

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အမည်နာမသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ (ပြည်ထောင်/ ပြည်နယ်/ ပြည်/ တိုင်း … စသည်တို့ဖြင့် သတ်မှတ်ခြင်း)၊

(ခ) ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းခြင်းပုံစံများ သတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ (ပြည်နယ်ဖြင့် ဖွဲ့စည်းခြင်း (သို့မဟုတ်) ပြည်နယ်ခွဲများ စုပေါင်း၍ ပြည်နယ်ကြီး Federated State ထူထောင်ခြင်းစသည့်…)၊

**မှတ်ချက်။** ဗမာပြည်နယ်ဖွဲ့စည်းရေး အပါအဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို ဖက်ဒရယ်ယူနစ်တခုစီ (သို့မဟုတ်) ပြည်နယ်ခွဲများ စုပေါင်းသည့်ပြည်နယ် (Federated State) (သို့မဟုတ်) လက်ရှိပြည်နယ်နှင့် တိုင်းဒေသ

များကို အခြေခံ၍ ဖက်ဒရယ်ယူနစ်များ/ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းရေးကိစ္စရပ်များကို တိုင်းပြုပြည်ပြုညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ရန်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များ၊

(ဃ) ပြည်နယ် နယ်နိမိတ်များ ပြောင်းလဲသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(င) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များ ဖွဲ့စည်းရာတွင်သော်လည်းကောင်း၊ ပြည်နယ် နယ်နိမိတ်များ ပြောင်းလဲသတ်မှတ်ရာတွင်သော်လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်၏ နောက်ခံသမိုင်းနှင့် ပြည်ထောင်စု စုစည်းညီညွတ်ရေးကို အခြေခံရမည်။

## ပုဒ်မ (၇၄) ဆုံးဖြတ်ချက်ချခြင်း

တိုင်းပြုပြည်ပြုညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်သည့်ပုံစံကို အောက်ပါအတိုင်းသတ်မှတ်ရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ အမည်နာမသတ်မှတ်ခြင်း၊ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များ ဖွဲ့စည်းခြင်းပုံစံများ၊ ပြည်နယ်သစ်များ ဖွဲ့စည်းခြင်း၊ ပြည်နယ်နယ်နိမိတ်များ ပြောင်းလဲသတ်မှတ်ခြင်းနှင့်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဖက်ဒရယ်အထက်လွှတ်တော် သို့စေလွှတ်မည့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်းစသည့် ပြည်နယ်ရေးရာနှင့် တိုက် ရိုက်ပတ်သက်သည့်ကိစ္စရပ်များနှင့် ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းခြင်း အပါအဝင် ပြည်ထောင် စုအရေးကိစ္စများနှင့် တိုက်ရိုက်ပတ်သက်သည့် နိုင်ငံရေးအရ အရေးကြီးသောကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် ညီလာခံကိုယ်စားလှယ်၏ သုံးပုံနှစ်ပုံ (၆၅%) ထောက်ခံမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ခ) အထက်ပါအပိုဒ် (က) နှင့် စပ်ဆိုင်ခြင်းမရှိသော နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များကို ညီလာခံ ကိုယ်စားလှယ် ထက်ဝက်ကျော် (၅၁%) ထောက်ခံမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

## ပုဒ်မ (၇၅) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏နိုင်ငံရေးမျှော်မှန်းချက်များ၊ စံတန်ဖိုးများ၊ လမ်းညွှန် အခြေခံ မူများနှင့် ဖက်ဒရယ်ဒီမိုကရေစီ အခြေခံမူဝါဒများကို သဘောတူညီမှုရယူခြင်း [ဖက်ဒရယ်ဒီမို ကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) တွင် ပါရှိသော အခြေခံမူများကို ကြားကာလ (တော်လှန်ရေး ကာလ) တွင် ပါဝင်နိုင်ခြင်း မရှိသေးသော အစုအဖွဲ့များနှင့် ဆက်လက်ညှိနှိုင်း၍ သဘောတူညီမှု ရယူခြင်း]

(ခ) တိုင်းပြုပြည်ပြုညီလာခံ ကျင်းပခြင်း အခင်းအကျင်းများ၊ ယန္တရားများနှင့် လုပ်ငန်းစဉ်များကို သဘောတူညီခြင်း (Agreeing on institutions and procedure for making constitution)

(ဂ) တိုင်းရင်းသားလူထုတရပ်လုံးနှင့် နှီးနှောတိုင်ပင်ခြင်း (Prepairing consultation by providing civic education on process, constitutional history and constitutional options)

(ဃ) ပညာရှင်များ၊ နည်းပညာပိုင်းဆိုင်ရာ တတ်ကျွမ်းသူများနှင့် တိုင်ပင်ခြင်း

(င)	ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို စတင်ရေးဆွဲခြင်း၊ ထိုသို့ရေးဆွဲနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်း ကော်မတီများ ဖွဲ့စည်းခြင်း

(စ)	ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို တိုင်းရင်းသားလူထုတရပ်လုံးနှင့် နီးနှောတိုင်ပင် ဆွေးနွေး ခြင်း

(ဆ)	ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အချောသတ်ခြင်း

(ဇ)	ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အချောသတ်၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြုမူကြမ်းအဖြစ် တိုင်းပြုပြည်ပြုညီလာခံတွင် လက်ခံအတည်ပြုခြင်း

(ဈ)	တိုင်းပြုပြည်ပြုညီလာခံက လက်ခံအတည်ပြုထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုမူကြမ်းကို ထိုအတည်ပြုမူကြမ်းတွင် အဆိုပြုထားသော ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်အလိုက် ဆန္ဒခံယူပွဲများ ကျင်းပ၍ အတည်ပြုပြဋ္ဌာန်းခြင်း (Ratification)။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အလိုက် ဆန္ဒခံယူပွဲ ကျင်းပရာတွင် အသွင်ကူးပြောင်း ရေးကာလတွင် တည်ရှိသည့် ပြည်နယ် ဖက်ဒရယ်ယူနစ် အရေအတွက်ကို အခြေခံရမည်။

(ည)	အသွင်ကူးပြောင်းရေးကာလတွင် တည်ရှိသော ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို အခြေခံ၍ ဆန္ဒ ခံယူပွဲများ ကျင်းပရာတွင် အတည်ပြုမူကြမ်းတွင် အဆိုပြုထားသော ပြည်နယ်အရေအတွက်၏ (၇၅%) ရာခိုင်နှုန်း ထောက်ခံမဲရရှိပါက ထိုဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသည် အတည်ပြုကျင့်သုံးနိုင်ပြီဟု မှတ်ယူစေရမည်။ ထောက်ခံမဲပေးခြင်း မရှိသေးသည့် ပြည်နယ်များ တွင် ဆန္ဒခံယူပွဲများ ပြန်လည်ကျင်းပပေးရမည်။

(ဋ)	ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ကိုအခြေခံသော ဆန္ဒခံယူပွဲတွင် ပြည်နယ်အရေအတွက် (၇၅%) ကျော်သော ထောက်ခံမဲ မရရှိပါက တိုင်းပြုပြည်ပြုညီလာခံ၏ အတည်ပြုမူကြမ်းအဖြစ် သတ်မှတ် ခြင်း ပျက်ပြယ်သည်ဟု မှတ်ယူစေရမည်။ ထိုကဲ့သို့ ပျက်ပယ်သွားသော အတည်ပြုမူကြမ်းကို ပြင်ဆင်မွမ်းမံ၍သော်လည်းကောင်း၊ အသစ်ရေးဆွဲခြင်းဖြင့်သော်လည်းကောင်း၊ တိုင်းပြုပြည်ပြု ညီလာခံက မူကြမ်းသစ်ကို ရေးဆွဲ၍ (၆) လအတွင်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ကို အခြေခံ သည့် ဆန္ဒခံယူပွဲများ ပြန်လည်ကျင်းပရမည်။

(ဌ)	ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို အခြေခံ၍ ကျင်းပသော ဆန္ဒခံယူပွဲတွင် ဖက်ဒရယ်ပြည် ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ပါက ထိုအတည်ပြုပြဋ္ဌာန်းထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၏ ပြဋ္ဌာန်းချက်နှင့်အညီ အသွင်ကူးပြောင်း ရေးကာလ ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှုဖြင့် ရွေးကောက်ပွဲအသစ်ကို ကျင်းပရမည်။ ထိုကဲ့ သို့ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ရွေးကောက်ပွဲကော်မရှင်ကို ပုဒ်မ (၂၂) ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းရမည်။

(ဍ)	ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ကျင်းပသော ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် ပြည်ထောင်စုအစိုးရအသစ်ထံသို့ အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု အစိုးရက တရားဝင်အာဏာလွှဲပြောင်းပေးရပါမည်။ ထိုကဲ့သို့ အာဏာလွှဲပြောင်းပေးသည့် အချိန် တွင် အသွင်ကူးပြောင်းရေးကာလပြည်ထောင်စုအစိုးရကို ဖျက်သိမ်းကြောင်းနှင့် အသွင်ကူး ပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ သက်တမ်းကုန်ဆုံးကြောင်း ကြေညာရမည်။

**ပုဒ်မ (၇၆)	တိုင်းပြုပြည်ပြုညီလာခံ၏သက်တမ်း**

(က)	တိုင်းပြုပြည်ပြုညီလာခံ၏ သက်တမ်းသည် (၄) နှစ်ဖြစ်သည်။ ထို (၄) နှစ်အနက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းကို (၃) နှစ်အတွင်း အပြီးအပြတ်ဆောင်ရွက်၍၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ကို အခြေခံသော ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပခြင်းလုပ်ငန်းများနှင့် အာဏာလွှဲပြောင်းရေးတို့ကို (၁) နှစ်အတွင်း အပြီးအစီး ကျင်းပဆောင်ရွက်ရမည်။

(ခ)	အကယ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို အခြေခံ၍ ကျင်းပသော ဆန္ဒခံယူပွဲတွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်း မရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းအတွက် (၆) လ၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့် အာဏာလွှဲပြောင်းခြင်းအတွက် (၆) လ၊ စုစုပေါင်း (၁၂) လ သက်တမ်းတိုးချဲ့နိုင်သည်။

## အခန်း (၅)

## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်

## (Form of the Pyidaungsu)

**ပုဒ်မ (၇၇) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ**

ဖက်ဒရယ်ပြည်ထောင်စုကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော လူမျိုးကိုအခြေခံသည့် ပြည်နယ်များနှင့် ပထဝီကိုအခြေခံသည့်ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော အောက်ပါပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

(၁) .............................................

(၂) .............................................

(၃) .............................................

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်နယ်သစ်များ ဖွဲ့စည်းသင့်-မသင့်ဆိုသောအချက်နှင့် ပြည်နယ်နယ်နိမိတ်များ ပြောင်းလဲသတ်မှတ် သင့်-မသင့်ဆိုသောအချက်များကို နိုင်ငံရေးအရ သဘောတူညီချက်ရယူပြီးမှသာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အရေအတွက် မည်ရွေ့မည်မျှဖြင့် ဖွဲ့စည်းမည်ကို သတ်မှတ်၍ ဤပုဒ်မတွင် ရေးသားထည့်သွင်းပြဋ္ဌာန်းမည်။

**ပုဒ်မ (၇၈) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ**

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (FDC - ၁၂)

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်သတ်မှတ်မှု၊ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေသတ်မှတ်မှုနှင့် ဒေသန္တရအစိုးရဖွဲ့စည်းမှု အပါအဝင် ဒေသန္တရအစိုးရဆိုင်ရာကိစ္စရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လိုအပ်သလို ထည့်သွင်းပြဋ္ဌာန်းရမည်။ (12 EROs - ၂၀)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ မြေနှင့် သဘာဝသယံဇာတဆိုင်ရာ အောက်ဖော်ပြပါကိစ္စ ရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(၁) မြေပိုင်ဆိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန်ကောက်ခံပိုင်ခွင့်၊ အကျိုးခံစားပိုင်ခွင့်။ (12 EROs – 18)

(၂) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာအရ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုပိုင်ခွင့်။ (12 EROs – 18)

(၃) သဘာဝသယံဇာတပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန်ကောက်ခံခွင့်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်။ (12 EROs – 18)

(ဃ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (Cf: 12 EROs - 10)

(င) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စသည့်ကဏ္ဍအသီးသီးနှင့်သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်ပေးရမည်။ (FDC - ၁၄)

(စ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အား ထိခိုက်ပျက်ယွင်းစေနိုင်သော ပြည်တွင်းရွှေ့ပြောင်းအခြေချမှု မဖြစ်ပေါ်စေရန် စနစ်တကျ စီမံကွပ်ကဲရမည်။ (12 EROs - ၁၃)

(ဆ) ပြည်နယ်များ၏ ရုံးသုံးဘာသာစကားကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာပြည်နယ်က သင့်လျော်သလို သတ်မှတ်နိုင်သည်။ (FDC - ၁၅)

## ပုဒ်မ (၇၉) ပြည်နယ်သစ်များ ဖွဲ့စည်းပိုင်ခွင့်

(က) ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်နယ်သစ်များ ဖွဲ့စည်းပိုင်ခွင့် ရှိစေရမည်။

(ခ) ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို တိုင်းပြုပြည်ပြု ညီလာခံတွင် ဆွေးနွေးသဘောတူညီချက် ရယူပြီး အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်နယ်သစ်များ ဖွဲ့စည်းသင့်-မသင့်ဆိုသောအချက်နှင့် ပြည်နယ် နယ်နိမိတ်များ ပြောင်းလဲသတ်မှတ် သင့်-မသင့်ဆိုသောအချက်များကို နိုင်ငံရေးအရ သဘောတူညီချက် ရယူပြီးမှသာ ဤပုဒ်မထည့်သင့်- မထည့်သင့် ဆုံးဖြတ်မည်။

## ပုဒ်မ (၈၀) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ယူနစ်များ

(က) ကြားကာလ (တော်လှန်ရေးကာလ) တွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၇)၊ ပုဒ်မ (၄၈) အရ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအဖြစ် သတ်မှတ်ခြင်းခံရသော ပြည်နယ် (၇) ခုနှင့် တိုင်းဒေသကြီး (၇) ခုတို့အပြင် လက်ရှိတော်လှန်ရေးလိုအပ်ချက်အရ အသွင်ကူးပြောင်းရေး ကာလတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိသော အသွင်ကူးပြောင်းရေးကာလ ''ဖက်ဒရယ်ယူနစ်'' အသစ်များကို ဖွဲ့စည်းပိုင်ခွင့်ရှိရမည်။

(ခ) ထိုအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ယူနစ်များကိစ္စကို တိုင်းပြုပြည်ပြုညီလာခံတွင် ထပ်မံ ညှိနှိုင်း ဆွေးနွေး၍ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအဖြစ် ဖွဲ့စည်းထူထောင်ခွင့်ရှိစေရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ယူနစ်အသစ်များမှာ-

(၁) ..................................................................

(၂) ..................................................................

(၃) ..................................................................

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလ "ဖက်ဒရယ်ယူနစ်" အသစ်များ ဖွဲ့စည်း သင့်-မသင့်ကို နိုင်ငံရေးအရ ဆွေးနွေးတိုင်ပင်၍ သဘောတူညီချက်ရယူပြီးမှသာ ဤပုဒ်မကို ထည့်သွင်းပြဋ္ဌာန်းရမည်။

**ပုဒ်မ (၈၁) တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးကို ကာကွယ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ပေးရန် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများကို ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းရင်းသားလူနည်းစုများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိသည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများကို လူမျိုးကိုအခြေခံ၍ ဖွဲ့စည်းခွင့်ရှိစေရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ရေးဆွဲပြဋ္ဌာန်းရမည်။

**ပုဒ်မ (၈၂) ဖက်ဒရယ်ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုမြို့တော်

(၂) ..............................................

**ပုဒ်မ (၈၃) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ကျင့်သုံးပိုင်ခွင့်မရှိသောအာဏာများ။**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံခြားတိုင်းတပါးနှင့် စစ်ရေးမဟာမိတ်ပြုခြင်း၊ စစ်ဖက်ဆိုင်ရာစာချုပ်ချုပ်ဆိုခြင်း၊ မိမိပြည်နယ်အတွင်း သီးခြားသုံးစွဲရန် ငွေစက္ကူနှင့်ငွေဒင်္ဂါးထုတ်လုပ်ခြင်း အာဏာတို့ကို ကျင့်သုံးခွင့် မရစေရ။

## အခန်း (၆)
## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး

**ပုဒ်မ (၈၄) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းခြင်း**

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုလွှတ်တော်၏ ဖက်ဒရယ်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့တွင် ၂၀၂၀ နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များ (De Jure Mandate) နှင့် နွေဦးတော်လှန်ရေးတွင် ပါဝင်ကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားလှယ်များ (De Fecto Mandate) တို့ပါဝင်၍ ပုဒ်မ (၈၅) နှင့် ပုဒ်မ (၉၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) ၂၀၂၀ နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခဲ့သော်လည်း အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းရပ်တည်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏လူထုကိုယ်စားပြုမှုကို ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသောနေ့တွင် တရားဝင်ကုန်ဆုံးစေရမည်။ ထိုကိုယ်စားလှယ်လစ်လပ်နေရာများကို အစားထိုးရွေးချယ် ခန့်အပ်ခြင်းများအား အသွင်ကူးပြောင်းရေးကာလအတွင်း မပြုလုပ်ရ။

## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်

**ပုဒ်မ (၈၅) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ဖွဲ့စည်းခြင်း**

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်ကို ၂၀၂၀ နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၆၈) ဦးနှင့် နွေဦးတော်လှန်ရေးတွင် ပါဝင်ကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအပါအဝင် De Fecto Mandate ဖြင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို ကိုယ်စားပြုမည့် ကိုယ်စားလှယ် (၈၄) ဦး (၅၀ %) ဖြင့် ဖွဲ့စည်းရမည်။

**မှတ်ချက်။** De Fecto Mandate ဖြင့် ပါဝင်ကြမည့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားလှယ်များကိစ္စကို အသေးစိတ်ထပ်မံ ဆွေးနွေးမည်။

**ပုဒ်မ (၈၆) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် သဘာပတိ တင်မြှောက်ခြင်း**

(က) အသွင်ကူးပြောင်းရေးကာလ ပထမအကြိမ် ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးကို ကျင်းပသည့်အခါ ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်တဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

(ခ) သဘာပတိသည် ဖက်ဒရယ်အထက်လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာ ပြုရမည်။

(ဂ) သဘာပတိသည် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

**ပုဒ်မ (၈၇) အသွင်ကူးပြောင်းရေးကာလဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း**

(က) ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်များသည် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက် တင်မြှောက်ရမည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်နယ်တခုတည်းမှ ကိုယ်စားလှယ်များ မဖြစ်စေရ။ အကယ်၍ ဥက္ကဋ္ဌသည် De Jure Mandate နှင့် အရွေးချယ်ခံရသူဖြစ်ပါက၊ ဒုတိယဥက္ကဋ္ဌသည် De Facto Mandate ကို အခြေခံ၍ အရွေးချယ်ခံရသူဖြစ်ရမည်။

(ဂ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးတွင် အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(ဃ) ဖက်ဒရယ်အထက်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

(င) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်နည်းလမ်းများကို ဖက်ဒရယ်အထက်လွှတ်တော်မှ ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်။

**ပုဒ်မ (၈၈) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်နှင့် အခွင့်အာဏာ**

(က) ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း ပြည်ထောင်စုသမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုသမ္မတအား ဖိတ်ကြားရမည်။

(ဂ) ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်နေဆဲ အကြောင်းအရာ တရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတရပ်ရပ်ကို ကိုယ်စားပြုသောပုဂ္ဂိုလ်များကို ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးများနှင့် ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့် အာဏာရှိစေရမည်။

(င) ဖက်ဒရယ်အထက်လွှတ်တော်၏ ဥပစာအတွင်း အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုပိုင်ခွင့် မရှိစေရ။

(စ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

**ပုဒ်မ (၈၉) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ပုံမှန်အစည်းအဝေး**

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ပါရှိသည့် လမ်းပြမြေပုံအဆင့် (၈) အရ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး၊ ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ စတင်ပြီးနောက် ရက်ပေါင်း (၃၀) အတွင်း ပထမအကြိမ် ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခေါ်ယူကျင်းပပေးရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ပုံမှန်အစည်းအဝေးကို ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း (၁၅) ရက် ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၉၀) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် အစည်းအဝေး**

(က) အနည်းဆုံး ပြည်နယ်နှစ်ခုမှ ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်အားလုံးကသော်လည်းကောင်း၊ ဖက်ဒရယ်အထက်လွှတ်တော်၏ ကိုယ်စားလှယ်လေးပုံတပုံကသော်လည်းကောင်း တောင်းဆိုလာပါက ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ပြည်ထောင်စုသမ္မတက တင်ပြတောင်းဆိုလာလျှင် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဖက်ဒရယ် အထက်လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) ဖက်ဒရယ်အထက်လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန်အတွက် အနည်းဆုံး (၁၅) ရက် ကြိုတင်အကြောင်းကြားရမည်။

**ပုဒ်မ (၉၁) အစည်းအဝေး အထမြောက်ခြင်းနှင့် မဲပေးခြင်း**

(က) ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်သည်။

(ခ) သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ ကိုယ်စားလှယ်ဦးရေသုံးပုံနှစ်ပုံ တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်သုံးပုံနှစ်ပုံ တက်ရောက်သောအစည်းအဝေးတွင် အများးစုဆန္ဒမဲကိုရယူ၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ သို့ရာတွင် မဲအရေအတွက်တူညီနေသောအခါ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

**ပုဒ်မ (၉၂) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်တွင် လိုအပ်သောရေးရာကော်မတီများကို ဖက်ဒရယ်အထက်လွှတ်တော်၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

**ပုဒ်မ (၉၃) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်သည် ဖက်ဒရယ်အထက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

**ပုဒ်မ (၉၄) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ သက်တမ်း**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ သက်တမ်းသည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁)၊ အခန်း (၃) တွင် ပါရှိသည့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၂)၊ အခန်း (၉) ပုဒ်မ (၅၅) နှင့် (၅၆) တို့ကို စတင်အကောင်အထည်ဖော်သည့်အချိန်မှစ၍ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁)၊ အခန်း (၃) တွင် ပါရှိသည့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၁၂) ကို အကောင်အထည်ဖော် ကျင့်သုံးသည်အထိ ဖြစ်သည်။

**အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်**

**ပုဒ်မ (၉၅) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော် ဖွဲ့စည်းခြင်း**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်ကို ၂၀၂၀ ခုနှစ် နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရခဲ့ကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃၃၀) ဦးနှင့် နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအပါအဝင် De Facto Mandate ဖြင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို ကိုယ်စားပြုသည့်ကိုယ်စားလှယ် (၁၁၀) ဦး (၂၅%) တို့ဖြင့် ဖွဲ့စည်းရမည်။

**မှတ်ချက်။** De Facto Mandate ဖြင့် ပါဝင်ကြမည့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားလှယ်ကိစ္စအတွက် အသေးစိတ် ထပ်မံဆွေးနွေးမည်။

**ပုဒ်မ (၉၆) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော် သဘာပတိ တင်မြှောက်ခြင်း**

(က) ဖက်ဒရယ်အောက်လွှတ်တော် ပထမအကြိမ် လွှတ်တော်အစည်းအဝေး ကျင်းပသည့်အခါ ဖက်ဒရယ် အောက်လွှတ်တော်ကိုယ်စားလှယ်တဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

(ခ) သဘာပတိသည် ဖက်ဒရယ်အောက်လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

(ဂ) သဘာပတိသည် ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ပြီးသည်အထိ ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

**ပုဒ်မ (၉၇) အသွင်ကူးပြောင်းရေးကာလဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း**

(က) ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက် ရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေးတွင် အစားထိုး ရွေးချယ်တင်မြှောက် ရမည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်း မရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

(ဃ) ဖက်ဒရယ်အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်နည်းလမ်းများကို ဖက်ဒရယ်အောက်လွှတ်တော်မှ ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

**ပုဒ်မ (၉၈) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်နှင့် အခွင့်အာဏာ**

(က) ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း ပြည်ထောင်စု သမ္မတ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးချုပ်က အကြောင်းကြားလျှင် ပြည်ထောင်စုသမ္မတ သို့ မဟုတ် ပြည်ထောင်စုဝန်ကြီးချုပ်အား ဖိတ်ကြားရမည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်နေဆဲ အကြောင်းအရာ တရပ် ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတရပ်ရပ်ကို ကိုယ်စားပြုသောပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက် ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌသည် ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့်အာဏာ ရှိစေရမည်။

(င) ဖက်ဒရယ်အောက်လွှတ်တော်၏ ဥပစာအတွင်း ဖက်ဒရယ်အောက်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် မရှိဘဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုပိုင်ခွင့် မရှိစေရ။

(စ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတရပ်ရပ် အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

**ပုဒ်မ (၉၉) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော် ပုံမှန်အစည်းအဝေး**

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ပါရှိသည့် လမ်းပြမြေပုံအဆင့် (၈) အရ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး၊ ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ စတင်ပြီးနောက် ရက်ပေါင်း (၃၀) အတွင်း ပထမအကြိမ် ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခေါ်ယူကျင်းပပေးရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော် ပုံမှန်အစည်းအဝေးကို အနည်းဆုံးတနှစ်လျှင် (၂) ကြိမ် ကျင်းပရမည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော် ပုံမှန်အစည်းအဝေးကို ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) ဖက်ဒရယ်အောက်လွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံးရက်ပေါင်း (၁၅) ရက် ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၁၀၀) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေး အထမြောက်ခြင်း၊ မဲပေးခြင်း**

ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၃၀) ရာခိုင်နှုန်းကျော် တက်ရောက်လျှင် ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေး ကျင်းပနိုင်သည်။ သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တက်ရောက်သူများ၏ အများစုဆန္ဒမဲကို ရယူရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

**ပုဒ်မ (၁၀၁) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်၏ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

ဖက်ဒရယ်အောက်လွှတ်တော်တွင် လိုအပ်သော ရေးရာကော်မတီများကို ဖက်ဒရယ်အောက်လွှတ်တော်၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

**ပုဒ်မ (၁၀၂) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

ဖက်ဒရယ်အောက်လွှတ်တော်သည် ဖက်ဒရယ်အောက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၀၃) အသွင်ကူးပြောင်းရေးကာလ ပြည်သူ့လွှတ်တော်သက်တမ်း**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်၏ သက်တမ်းအတိုင်း ဖြစ်စေရမည်။

## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုခြင်း

**ပုဒ်မ (၁၀၄) ဥပဒေကြမ်းများတင်သွင်းခြင်း**

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်များကသော်လည်းကောင်း တင်သွင်းရမည်။

(ခ) ငွေဥပဒေကြမ်းများကို ဖက်ဒရယ်အောက်လွှတ်တော်၌သာ စတင် တင်သွင်းရမည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအရေးနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဖက်ဒရယ်အထက်လွှတ်တော်၌သာ စတင် တင်သွင်းရမည်။

**ပုဒ်မ (၁၀၅) ဥပဒေကြမ်းများ ဥပဒေဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ရ/သုံးခန့်မှန်းခြေငွေဥပဒေကြမ်းမှအပ ဖက်ဒရယ်အောက်လွှတ်တော်၌ စတင် တင်သွင်းသော ဥပဒေကြမ်းအားလုံးသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော်ဆန္ဒမဲရရှိပြီးနောက် ဖက်ဒရယ်အထက်လွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ ဖက်ဒရယ်အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲရရှိပြီးနောက် ဖက်ဒရယ်အောက်လွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

**ပုဒ်မ (၁၀၆) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရ/သုံး ခန့်မှန်းခြေငွေဥပဒေကြမ်း အတည်ပြုခြင်း**

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ် ရ/သုံးခန့်မှန်းခြေငွေဥပဒေကြမ်းကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်တွင် စတင်တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်တွင် သာမန်အများစုဆန္ဒမဲဖြင့် အတည်ပြုပြီးပါက အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်သို့ ပေးပို့ရ

မည်။ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်မှ (၁၄) ရက်အတွင်း သာမန်အများစုဆန္ဒမဲဖြင့် အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်က အတည်ပြုပြီးသော ငွေဥပဒေကြမ်းကို ဖက်ဒရယ်အထက်လွှတ်တော်က (၁၄) ရက်အတွင်း အတည်မပြုနိုင်လျှင်သော်လည်းကောင်း၊ ပယ်ချလျှင်သော်လည်းကောင်း၊ ဖက်ဒရယ်အောက်လွှတ်တော်သို့ ပြန်ပို့ရမည်။ ဖက်ဒရယ်အထက်လွှတ်တော်တွင် သာမန်ထက်ဝက်မဲဖြင့် ထပ်မံအတည်ပြုပါက ငွေဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

**ပုဒ်မ (၁၀၇) အသွင်ကူးပြောင်းရေးကာလ သာမန်အသုံးစရိတ် သုံးစွဲခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ အသွင်ကူးပြောင်းရေးကာလ နှစ်စဉ် ရ/သုံးခန့်မှန်းခြေငွေဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်သေးလျှင် ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးအတည်ပြုခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ရ/ သုံး ခန့်မှန်းခြေငွေစာရင်းပါ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်းမှ သုံးစွဲနိုင်သည်။

**ပုဒ်မ (၁၀၈) ပူးတွဲညှိနှိုင်းရေးကော်မတီ**

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ အခြားလွှတ်တော်မှအတည်ပြုနိုင်ခြင်းမရှိလျှင် ပူးတွဲညှိနှိုင်းရေးကော်မတီ ဖွဲ့စည်း၍ ထိုဥပဒေကြမ်းကို ညှိနှိုင်းမှုပြုရန် လွှတ်တော် တရပ်ရပ်ကဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရကဖြစ်စေ တောင်းဆိုနိုင်သည်။

(ခ) ပူးတွဲညှိနှိုင်းရေးကော်မတီကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်နှစ်ရပ်မှ တူညီသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပူးတွဲညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာလုပ်ငန်းကို ရက်ပေါင်း (၂၁) ရက်အတွင်း အပြီးအစီးဆောင်ရွက်ရမည်။ ပူးတွဲညှိနှိုင်းရေးကော်မတီအား သက်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပြီးသည်နှင့် ဖျက်သိမ်းပြီး ဖြစ်စေရမည်။

(ဃ) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းသော်လည်း သဘောတူညီမှုမရရှိပါက အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်း ဖြစ်စေရမည်။

(င) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် သဘောတူညီမှုရရှိသော်လည်း ပြင်ဆင်မှုရှိလျှင်သော်လည်းကောင်း၊ ပြောင်းလဲမှုရှိလျှင်သော်လည်းကောင်း၊ ထိုဥပဒေကြမ်းအား စတင်တင်သွင်းသောလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ ယင်းလွှတ်တော်က အတည်ပြုပြီးနောက် အခြားလွှတ်တော်သို့ ပေးပို့ရာ၌ ထိုလွှတ်တော်က ဆက်လက်အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။

(စ) အထက်ပုဒ်မခွဲ (င) အရ ပေးပို့သော်လည်း ပုဒ်မ (၁၀၄) ပြဋ္ဌာန်းချက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း အတည်မပြုနိုင်သော ဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်း ဖြစ်စေရမည်။

**ပုဒ်မ (၁၀၉) ထုတ်ပြန်ကြေညာခြင်း၊ အာဏာတည်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသောဥပဒေကြမ်းတိုင်းကို ဖက်ဒရယ်ပြည်ထောင်စု သမ္မတက (၇) ရက်အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရမည်။ (၇) ရက်ကျော်လွန်လျှင် သမ္မတက လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း ဥပဒေအဖြစ် အာဏာတည်စေရမည်။

**ပုဒ်မ (၁၁၀) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပိုင်ခွင့် မရှိသောကဏ္ဍ**

အသွင်ကူးပြောင်းရေးကာလဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရန် တိုင်းပြုပြည်ပြုညီလာခံကြီးတွင် ဆွေးနွေးလက်စ ဖြစ်သော ကိစ္စရပ်များကို ဥပဒေပြဋ္ဌာန်းပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၁၁၁) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပူးတွဲ အစည်းအဝေး (Joint Session)**

အောက်ဖော်ပြပါ အခြေအနေများတွင် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ် အောက်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပါဝင်တက်ရောက်သည့် ဖက်ဒရယ်ပြည်ထောင် စု လွှတ်တော်ပူးတွဲအစည်းအဝေး (Joint Session) ကို ခေါ်ယူကျင်းပနိုင်သည်။

(က) ပြည်ထောင်စုသမ္မတ (သို့တည်းမဟုတ်) ပြည်ထောင်စုဝန်ကြီးချုပ်က ဖက်ဒရယ်ပြည်ထောင်စု၏ အခြေအနေအရပ်ရပ်ဆိုင်ရာ မိန့်ခွန်းပြောကြားခြင်း

(ခ) နိုင်ငံတကာ ခေါင်းဆောင်များမှ မိန့်ခွန်းပြောကြားခြင်း

(ဂ) အသွင်ကူးပြောင်းရေးကာ ပြည်ထောင်စုလွှတ်တော်မှ ဆောင်ရွက်သည့် အခမ်းအနား၊ ပွဲလမ်း သဘင်များ

(ဃ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပူးတွဲအစည်းအဝေး (Joint Session) တွင် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဖက်ဒရယ် အောက်လွှတ်တော်ဥက္ကဋ္ဌတို့က ပူးတွဲ၍ သဘာပတိအဖြစ် ဆောင်ရွက်ကြရမည်။ အကယ်၍ လွှတ်တော်တရပ်ရပ်၏ ဥက္ကဋ္ဌအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါက၊ သက်ဆိုင်ရာ လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစားထိုး၍ သဘာပတိအဖြစ် ပူးတွဲဆောင်ရွက်နိုင်သည်။

**အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ**

**အထွေထွေပြဋ္ဌာန်းချက်များ**

**ပုဒ်မ (၁၁၂) ကင်းလွတ်ခွင့်အခွင့်အရေး**

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးတရပ်ရပ်တွင် မဲပေးခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရေးသားဖြန့်ဝေခြင်းစသည်တို့နှင့်စပ်လျဥ်း၍ မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ စစ်ဆေးမေးမြန်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း မပြုရ။

(ခ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေစဥ် ကာလအတွင်း မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြစ်မှုကျူးလွန်နေစဥ်တွင် ဖမ်းဆီးအရေးယူခြင်းမှလွဲ၍ သက်ဆိုင်ရာလွှတ်တော်အသီးသီးရှိ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ ပြစ်မှုတစုံတရာအတွက် ဖမ်းဆီးခြင်း၊ အရေးယူ အပြစ်ပေးခြင်း မရှိစေရ။

**ပုဒ်မ (၁၁၃) ထောက်ပံ့ကြေး**

အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် သင့်တင့်လျောက်ပတ်သည့် ငွေကြေးနှင့်ခံစားခွင့်ကို သက်ဆိုင်ရာလွှတ်တော်အသီးသီးမှ ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ခံစားပိုင်ခွင့်ရှိစေရမည်။ ထောက်ပံ့ကြေး တိုးမြှင့်ကြောင်း ဆုံးဖြတ်ချက်သည် နောင်လာမည့် လွှတ်တော်သက်တမ်းအသစ်၌သာ စတင်၍ အကျိုးသက်ရောက်စေရမည်။

## အခန်း (၇)
## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး

**ပုဒ်မ (၁၁၄) ပြည်ထောင်စုသမ္မတ**

ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ဦးသျှောင် ဖြစ်သည်။

**ပုဒ်မ (၁၁၅) ပြည်ထောင်စုသမ္မတ၏ အရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံမည့်သူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(၁) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်။

(၂) သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက် (၃၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၃) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

(၄) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(၅) ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း (၁၀) နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။

(၆) နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်အတွင်းနေရပ်စွန့်ခွာရခြင်းကြောင့်သော်လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများတွင် ပါဝင်ခြင်းကြောင့်သော်လည်းကောင်း၊ ရှစ်လေးလုံးအရေးတော်ပုံနှင့် နွေဦးတော်လှန်ရေးကာလအတွင်း လုံခြုံရေးနှင့် အသက်ဘေးအန္တရာယ်ကြောင့် နိုင်ငံ၏ပြင်ပတွင် ခိုလှုံနေထိုင်ရခြင်းကြောင့်သော်လည်းကောင်း နိုင်ငံသားဖြစ်ခြင်း မရရှိခဲ့သူများနှင့် နိုင်ငံသားဖြစ်ခြင်းအား မတရားရုတ်သိမ်းခံရသူများကို အထက်ပါ အပိုဒ်ခွဲ (၄) နှင့် (၅) ပါ ပြဋ္ဌာန်းချက်များကြောင့် ကန့်သတ်ခြင်း မရှိစေရ။

(ခ) ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတသည် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်အစိုးရ တရပ်ရပ်၏ အဖွဲ့ဝင်သော်လည်းကောင်း၊ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း မဖြစ်စေရ။ လွှတ်တော်ကိုယ်စားလှယ်တဦးဦး (သို့မဟုတ်) အစိုးရအဖွဲ့ဝင် တဦးဦးသည် သမ္မတ

အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်စေရမည်။

### ပုဒ်မ (၁၁၆) ရွေးချယ်ပုံစနစ်

အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ တာဝန်များကို ထမ်းဆောင်ကြမည့်ပုဂ္ဂိုလ်များအား ၂၀၂၀၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များထဲမှသော်လည်းကောင်း၊ အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု သွေးစည်းညီညွတ်ရေးကိုဦးတည်၍ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် နွေဦးတော်လှန်ရေးထဲတွင် ပါဝင်နေကြသူများထဲမှသော်လည်းကောင်း ဖက်ဒရယ်အထက်လွှတ်တော်မှ ရွေးချယ်ခန့်ထားရမည်။

### ပုဒ်မ (၁၁၇) သက်တမ်း

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အတူ ဖြစ်စေရမည်။

### ပုဒ်မ (၁၁၈) တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(က) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုတပ်မတော်အပါအဝင် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်တာဝန်ကို ထမ်းဆောင်ရမည်။ သို့ရာတွင် ဤအခွင့်အာဏာကို ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကာလ၌သာ အပြည့်အဝ ကျင့်သုံးနိုင်ခွင့် ရှိသည်။

(ခ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ သဘောတူညီချက်ကို ရယူပြီး ပြည်ပနိုင်ငံ တခုခုကို စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။

(ဂ) အထက်ပါ အပိုဒ် (ခ) ပါ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတသည် အနီးကပ်ဆုံး ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူရမည်။ ထိုကဲ့သို့ အတည်ပြုချက် ရယူပြီးပြီးချင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ တိုင်းပြည်သို့ ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အောက်လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းသောပုဂ္ဂိုလ်အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ် ခန့်ထားရမည်။

(င) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အထက်လွှတ်တော်၏ အတည်ပြုချက် ရရှိပြီးသူများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်အဖြစ် ခန့်ထားရမည်။

(စ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်ထားရမည်။

(ဆ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စု ရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်ထားရမည်။

(ဇ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသောပုဂ္ဂိုလ်များကို ပြည်ထောင်စုကော်မရှင် အသီးသီးတို့၏ အဖွဲ့ဝင်များအဖြစ် ခန့်ထားရမည်။

(ဈ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပြည်ထောင်စု အစိုးရဝန်ကြီး တဦးဦး၏ ရာထူးမှ နုတ်ထွက်စာကို လက်ခံရမည်။ သို့တည်းမဟုတ် ရာထူးမှ ရပ်စဲရမည်။

(ည) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော (သို့တည်းမဟုတ်) အတည်ပြုပြီး ဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းအား ပြည်ထောင်စုဥပဒေအဖြစ် ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာပေးရမည်။

(ဋ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့် အရေးကြီးသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အမှာလွှာဖြင့်သော်လည်းကောင်း၊ မိန့်ခွန်းဖြင့် သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားနိုင်သည်။

(ဌ) ပြည်ထောင်စုသမ္မတသည် အခါအားလျော်စွာ ပြည်ထောင်စုတဝှန်းလုံးသို့ မိန့်ခွန်းမြွက်ကြားနိုင်သည်။

(ဎ) ပြည်ထောင်စုသမ္မတသည် ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းချက်များမှလွဲ၍ အခြားကိစ္စများတွင် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေရ။

(ဏ) ပြည်ထောင်စုသမ္မတသည် အရေးအပေါ်အခြေအနေကြေညာခြင်းနှင့်ရုပ်သိမ်းခြင်းတို့ကိုထုတ်ပြန်ကြေညာပေးရမည်။

(တ) ပြည်ထောင်စုသမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၁၁၉) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု ဒုတိယသမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ပြည်ထောင်စုဒုတိယသမ္မတသည် ပြည်ထောင်စုသမ္မတမှ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတက တာဝန်များကိုဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု ဒုတိယသမ္မတသည် ပြည်ထောင်စုသမ္မတ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၂၀) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ၏ ခံစားပိုင်ခွင့်များ**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် သီးသန့်သတ်မှတ်ထားသည့် အဆောင်အယောင်နှင့် နေအိမ်တို့ကို ရရှိစေရမည်။ ထို့အပြင် ဥပဒေဖြင့် သတ်မှတ်ထားသော လစာနှင့် စရိတ်များကို ခံစားခွင့်ရှိစေရမည်။

## ပုဒ်မ (၁၂၁) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတကို အရေးယူခြင်း

အောက်ဖော်ပြပါ အကြောင်းအရာ တခုခုအတွက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတကို စွပ်စွဲမှု ပြုလုပ်နိုင်သည်။

(က) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတသည် -

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း

(၂) ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း

(၃) အကျင့်သိက္ခာ လွန်ကဲစွာ ပျက်ပြားခြင်း

(ခ) အထက်ပါ အပိုဒ် (က) အရ သမ္မတအပေါ် စွပ်စွဲချက်အား ပြည်ထောင်စု၏ လွှတ်တော်တရပ်ရပ်တွင် တင်သွင်းနိုင်သည်။ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်အနည်းဆုံး ထက်ဝက်ကျော်၏ အတည်ပြု ထောက်ခံချက်ရရှိမှသာလျှင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု၏လွှတ်တော်တရပ်ရပ်မှ အတည်ပြုပြီးသော ထိုစွပ်စွဲချက်ကို အခြားလွှတ်တော်တရပ်က စုံစမ်းစစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာလွှတ်တော်တရပ်က စုံစမ်းစစ်ဆေးပြီးနောက် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတအား ရာထူးတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ရန်မသင့်သော ပြစ်မှုဖြစ်သည်ဟူ၍ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံက အတည်ပြုခဲ့သော် ထိုအဆိုကို အခြားလွှတ်တော်တရပ်သို့ ဆက်လက်တင်သွင်း၍ အတည်ပြုချက် ရယူစေရမည်။

(င) အထက်ပါ အပိုဒ် (ဃ) အရ တင်သွင်းလာသည့်အဆိုကို သက်ဆိုင်ရာလွှတ်တော်မှ လက်ခံရရှိပြီးနောက် ထိုလွှတ်တော်၏ ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံက ထပ်မံအတည်ပြုပါက ပြည်ထောင်စုသမ္မတအား တာဝန်မှ ရပ်စဲစေရမည်။

(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသောအခါတွင် ပြည်ထောင်စုသမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ခုခံချေပခွင့် ရှိရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုဒုတိယသမ္မတနှင့်လည်း သက်ဆိုင်စေရမည်။

## ပုဒ်မ (၁၂၂) အစားထိုးရွေးချယ်တင်မြှောက်ခြင်း

ပြည်ထောင်စုသမ္မတ ကွယ်လွန်လျှင်ဖြစ်စေ၊ ၎င်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ (၁၂၁) အရ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသောနေရာအတွက် အောက်ပါအတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(က) ပြည်ထောင်စုသမ္မတ၏ မူလသက်တမ်း ကုန်ဆုံးသည်အထိ ဒုတိယသမ္မတသည် ပြည်ထောင်စုသမ္မတတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။ ဒုတိယ သမ္မတအနေဖြင့် ဤကဲ့သို့ သမ္မတ

တာဝန်ကို အစားထိုး ထမ်းဆောင်ခြင်းသည် ပုဒ်မ (၁၁၅) အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အကြုံး မဝင်စေရ။

(ခ) လစ်လပ်သွားသော ဒုတိယသမ္မတနေရာတွင် ဖက်ဒရယ်အထက်လွှတ်တော် ဥက္ကဋ္ဌသည် ဒုတိယ သမ္မတ အဖြစ် တာဝန်ယူရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ ပုံမှန်သက်တမ်းကာလအတွင်း သမ္မတ နေရာလစ်လပ်မှု ထပ်မံ ဖြစ်ပွားပါက သမ္မတအသစ် ရွေးချယ်ခြင်းကို ပုဒ်မ (၁၁၆) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက် ရမည်။

**ပုဒ်မ (၁၂၃) ကင်းလွတ်ခွင့်**

သမ္မတနှင့်ဒုတိယသမ္မတ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်ထောင်စု သမ္မတနှင့် ဒုတိယသမ္မတ ၏ တာဝန်အရ ပြုလုပ်မှုတခုခု (သို့မဟုတ်) ပျက်ကွက်မှု တခုခုအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သူတဦးတယောက်ကမျှ အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု သမ္မတနှင့် ဒုတိယသမ္မတ အပေါ် တရားစွဲဆိုခြင်း မပြုရ။

**ပုဒ်မ (၁၂၄) တားမြစ်ခြင်း**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် လစာပေးသော အခြား လုပ်ငန်းတခုခုတွင်သော်လည်းကောင်း၊ အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ တွင်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

## အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့

**ပုဒ်မ (၁၂၅) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း**

(က) ပြည်ထောင်စုဝန်ကြီးချုပ် ဦးဆောင်သောဝန်ကြီးအဖွဲ့ဖြင့် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(၁) ပြည်ထောင်စုဝန်ကြီးချုပ်

(၂) ပြည်ထောင်စုဒုတိယဝန်ကြီးချုပ်

(၃) ပြည်ထောင်စုဝန်ကြီးများ

(ဂ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့ကို အသွင်ကူးပြောင်းရေးကာလဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် နွေဦးတော်လှန်ရေး တွင် ပါဝင်နေကြသောအစုအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီညွတ်ရေးအသွင်ကို ဆောင်၍ ဖွဲ့စည်းရမည်။

**မှတ်ချက်။** တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် နွေဦးတော်လှန်ရေးအင်အားစုများ ပါဝင်ပုံပါဝင်နည်းနှင့် အချိုးအစားများကို ဆက်လက်ဆွေးနွေးရန်။

(ဃ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ (၈၄) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့်တကွ နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော အစုအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော် အား အဖွဲ့လိုက် စုပေါင်း တာဝန်ခံရမည်။

(င) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်သည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်အားလုံးကို တာဝန်ခံရမည်။

**ပုဒ်မ (၁၂၆) သက်တမ်း**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

**ပုဒ်မ (၁၂၇) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်**

(က) ဖက်ဒရယ်အောက်လွှတ်တော်သည် ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြည်ထောင်စုဝန်ကြီးချုပ်ကို ရွေးချယ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ထောက်ခံမဲရရှိသူ ဖြစ်ရမည်။

(ဂ) မည်သူမျှ ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် ထက်ဝက်ကျော်မဲဖြင့် ရွေးချယ်ခြင်းမခံရလျှင် သာမန်မဲအရေအတွက် အများဆုံးရရှိသူကို (၁၄) ရက်အတွင်း ရွေးချယ်ရမည်။

**ပုဒ်မ (၁၂၈) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်၏ အရည်အချင်း**

အသွင်ကူးပြောင်းရေးကာလပြည်ထောင်စုဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံမည့်သူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက် (၃၀) နှစ် ပြည့်ပြီး သူ ဖြစ်ရမည်။

(ဂ) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(င) ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း (၁၀) နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ် ရမည်။

(စ) နှစ်ပေါင်း (၇၀) ကျော်ပြည်တွင်းစစ်အတွင်း နေရပ်စွန့်ခွာရခြင်းကြောင့်သော်လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများတွင် ပါဝင်ခြင်းကြောင့်သော်လည်းကောင်း၊ ရှစ်လေး

လုံးအရေးတော်ပုံနှင့် နွေဦးတော်လှန်ရေးကာလအတွင်း လုံခြုံရေးနှင့် အသက်ဘေးအန္တရာယ်ကြောင့် နိုင်ငံ၏ပြင်ပတွင် ခိုလှုံနေထိုင်ရခြင်းကြောင့်သော်လည်းကောင်း နိုင်ငံသားဖြစ်ခြင်း မရရှိခဲ့သူများနှင့် နိုင်ငံသားဖြစ်ခြင်းအား မတရားရုတ်သိမ်းခံရသူများကို အထက်ပါ အပိုဒ်ခွဲ (ဃ) နှင့် (င) ပါ ပြဋ္ဌာန်းချက်များကြောင့် ကန့်သတ်ခြင်း မရှိစေရ။

**ပုဒ်မ (၁၂၉) ပြည်ထောင်စုဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေနှင့်အညီ ဝန်ထမ်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက် အားလုံးကို ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေနှင့်အညီ အမိန့်ထုတ်ပြန်ခြင်း၊ စာချုပ်စာတမ်းချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) ပြည်ထောင်စုဝန်ကြီးချုပ်သည် မိမိ၏ တာဝန်ဝတ္တရားများကို ဝန်ကြီးဌာနဆိုင်ရာအလိုက် ခွဲဝေအပ်နှင်းနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများနှင့် အခြေအနေ အရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော် ပူးတွဲအခမ်းအနားတွင်ဖြစ်စေ၊ နိုင်ငံတဝန်းလုံးသို့ဖြစ်စေ အခါအားလျော်စွာ မိန့်ခွန်းပြောကြားခြင်း၊ သဝဏ်လွှာ ပေးပို့ခြင်း ဆောင်ရွက်နိုင်သည်။

**ပုဒ်မ (၁၃၀) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု ဒုတိယဝန်ကြီးချုပ်**

(က) ပြည်ထောင်စုဒုတိယဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးချုပ်က ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်က ၎င်း၏တာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်ပါက အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်စား ဒုတိယဝန်ကြီးချုပ်က တာဝန်ယူဆောင်ရွက်ခွင့်ရှိသည်။

**ပုဒ်မ (၁၃၁) အစားထိုးရွေးချယ်ခန့်အပ်ခြင်း**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဝန်ကြီးချုပ်ရာထူး လစ်လပ်ခဲ့လျှင် ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၂၇) နှင့်အညီ ပြန်လည်အစားထိုး ရွေးချယ်ခန့်အပ်ခြင်းပြုရမည်။

**ပုဒ်မ (၁၃၂) အယုံအကြည်မရှိ အဆို**

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းတာဝန်ယူပြီးနောက် ရက်ပေါင်း (၁၀၀) အတွင်း အစိုးရတဖွဲ့လုံး သို့မဟုတ် အစိုးရအဖွဲ့ဝင် တဦးချင်းအပေါ် အယုံအကြည်မရှိအဆို တင်သွင်းပိုင်ခွင့် မရှိစေရ။

(ခ) အယုံအကြည်မရှိအဆိုကို ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်အတည်ပြုလျှင် အစိုးရတဖွဲ့လုံး သို့မဟုတ် အယုံအကြည်မရှိအဆို တင်သွင်းခြင်းခံရသူ အစိုးရအဖွဲ့ဝင်သည် တာဝန်မှ နုတ်ထွက်ပေးရမည်။

(ဂ) ဝန်ကြီးချုပ် သို့မဟုတ် အစိုးရတဖွဲ့လုံး နုတ်ထွက်ရပါက ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၂၇) နှင့်အညီ ရွေးချယ်ခံရသူအား ပြည်ထောင်စုသမ္မတက ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးချုပ်အသစ်ကိုခန့်အပ်ခြင်းမပြုနိုင်မီကာလအတွင်းတွင် ပြည်ထောင်စုသမ္မတက တောင်းဆိုလျှင် တာဝန်မှနုတ်ထွက်ရမည့် ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးချုပ်၏ တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်သည်။

## ပုဒ်မ (၁၃၃) နုတ်ထွက်ခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို မိမိ၏နုတ်ထွက်လွှာကို ပြည်ထောင်စုသမ္မတထံသို့ ပေးအပ်ခြင်းဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

(ခ) ပြည်ထောင်စုသမ္မတထံသို့တင်သွင်းစေရန် မိမိ၏နုတ်ထွက်လွှာကို ဝန်ကြီးချုပ်ထံသို့ပေးအပ်ခြင်းဖြင့် မည်သည့်အစိုးရအဖွဲ့ဝင် ဝန်ကြီးမဆို ရာထူးမှ နုတ်ထွက်နိုင်သည်။

## ပုဒ်မ (၁၃၄) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့၏ တာဝန်

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့သည် အသွင်ကူးပြောင်းရေးကာလအတွင်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ နှစ်စဉ်ရ/သုံးခန့်မှန်းခြေငွေစာရင်းကို ပြုစု၍ ဖက်ဒရယ် အောက်လွှတ်တော်သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအား ပြည်ပနိုင်ငံတခုခုမှ ထိပါးတိုက်ခိုက်လာလျှင် သို့မဟုတ် ထိပါးတိုက်ခိုက်ခံရရန် အခြေအနေရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် သမ္မတ၏ ခွင့်ပြုချက်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် (၂) ရပ်လုံး ကျင်းပနေဆဲကာလ မဟုတ်လျှင်၊ အနီးကပ်ဆုံး ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် (၂) ရပ်လုံးသို့ တင်ပြရမည်။

(ဂ) နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ပြည်ထောင်စုတပ်မတော်မှ ပါဝင် တာဝန်ယူမည့်ကိစ္စရပ်များ၊ ပြည်ထောင်စုတပ်မတော်၏ စစ်ရေးစွမ်းရည်များ မြင့်မားလာစေရေးအတွက် နိုင်ငံတကာတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရေးကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သည် သမ္မတနှင့် ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (သို့တည်းမဟုတ်) နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့်စာချုပ်များအရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်တိုင်းကို အသိအမှတ်ပြု မှတ်တမ်းတင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

**ပုဒ်မ (၁၃၅) ကြားကာလ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ မူဝါဒများကို ဆက်လက် အကောင်အထည် ဖော်ခြင်း**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒများနှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၄) တွင် ဖော်ပြထားသည့် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များထဲမှ အသွင်ကူးပြောင်းရေးကာလတွင် လျော်ကန်သင့်မြတ်သော နိုင်ငံရေး၊ နိုင်ငံခြားရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်ခွင့်ရှိသည်။

**ပုဒ်မ (၁၃၆) ဝန်ကြီးဌာနများ**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါဝန်ကြီးဌာနများ အပါအဝင် (၃၀) ထက် မပိုသော ဝန်ကြီးဌာနများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(၁) နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
(၃) ကာကွယ်ရေးဝန်ကြီးဌာန
(၄) ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန
(၅) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန
(၆) လူသားချင်းစာနာထောက်ထားခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာဝန်ကြီးဌာန
(၇) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန
(၈) ပညာရေးဝန်ကြီးဌာန
(၉) ကျန်းမာရေးဝန်ကြီးဌာန
(၁၀) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၁၁) လူ့အခွင့်ရေးရာဝန်ကြီးဌာန
(၁၂) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
(၁၃) အလုပ်သမားဝန်ကြီးဌာန
(၁၄) ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန
(၁၅) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
(၁၆) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၁၇) တရားရေးဝန်ကြီးဌာန

**ပုဒ်မ (၁၃၇) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်တို့သည် ၎င်းတို့ တာဝန်ယူ ဆောင်ရွက်သည့် တာဝန်များမှတပါး -

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၈)

## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး

**ပုဒ်မ (၁၃၈) ပြည်ထောင်စုတရားစီရင်ပိုင်ခွင့်အာဏာ**

ပြည်ထောင်စုတရားစီရင်မှုအာဏာသည် ပြည်ထောင်စုတရားရုံးများတွင် တည်ရှိရမည်။ ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ဥပဒေနှင့်အညီ အဆင့်ဆင့် တည်ထောင်ထားသော ပြည်ထောင်စုတရားရုံးများတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်စေရမည်။

**ပုဒ်မ (၁၃၉) ပြည်ထောင်စုနှင့် ပြည်နယ်တရားစီရင်ရေး**

ပြည်ထောင်စုတရားစီရင်ရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ တရားစီရင်ရေးကို သီးခြားစီဖွဲ့စည်း ထူထောင်ရမည်။

**ပုဒ်မ (၁၄၀) ပြည်နယ်တရားစီရင်ရေး**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ တရားစီရင်ရေးကို သက်ဆိုင်ရာပြည်နယ်များ၏ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးတွင် ရေးဆွဲပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၄၁) လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်**

တရားသူကြီးများသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံရမည်။

**ပုဒ်မ (၁၄၂) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ ဖွဲ့စည်းခြင်း**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ၎င်း၏လက်အောက်ခံ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများကို ဖွဲ့စည်းထားရှိရမည်။

## အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

### ပုဒ်မ (၁၄၃) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (၉) ဦးအပါအဝင် ဖက်ဒရယ်အထက်လွှတ်တော်မှရွေးချယ်ခန့်အပ်သောပုဂ္ဂိုလ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

(သို့မဟုတ်)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးမှ တဦးကျစီပါဝင်သော တရားသူကြီးများဖြင့် ဖွဲ့စည်းရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုသမ္မတမှ ဖက်ဒရယ်အထက်လွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူပြီး ခန့်အပ်ရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးအဖြစ်မည်သည့် လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ အမည်စာရင်း တင်သွင်းခြင်း မပြုရ။

(ဃ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအနက်မှ တဦးကို တရားသူကြီးဥက္ကဋ္ဌအဖြစ် မိမိတို့အချင်းချင်းထဲမှ ရွေးချယ်ပြီး ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

င) တရားသူကြီးများအား ရွေးချယ်ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်ခွဲခြားမှု မရှိစေရ။

### ပုဒ်မ (၁၄၄) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏ အရည်အချင်း

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံး အသက် (၄၅) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) ဥပဒေရေးရာလုပ်ငန်းများတွင် အနည်းဆုံး (၁၀) နှစ် အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

### ပုဒ်မ (၁၄၅) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏သက်တမ်းကာလ

(က) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏ သက်တမ်းသည် ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သက်တမ်းနှင့် အညီဖြစ်သည်။

(ခ) အောက်ပါအခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏ သက်တမ်း ကုန်ဆုံးရမည်။

(၁) တရားသူကြီးကိုယ်တိုင်က ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ နုတ်ထွက်လွှာ တင်သွင်းလျှင် ဖြစ်စေ၊

(၂) မိမိ၏တာဝန်ကိုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင်ဖြစ်စေ၊

(၃) အသက် (၇၅) နှစ် ပြည့်မြောက်လျှင်ဖြစ်စေ၊ သက်တမ်းကာလ ကုန်ဆုံးစေရမည်။

**ပုဒ်မ (၁၄၆) ရုံးထိုင်ရာနေရာ**

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု၏ မြို့တော်တွင် ရုံးထိုင်ရမည်။

**ပုဒ်မ (၁၄၇) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ**

(က) ပြည်နယ်အချင်းချင်းကြားနှင့် ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင် ဖြစ်ပွားသော အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ခြင်း

(ခ) အသွင်ကူးပြောင်းရေးကာလအတွင်း ပြဋ္ဌာန်းသည့် ပြည်ထောင်စုနှင့် ပြည်နယ်များ၏ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

(ဃ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များ

**ပုဒ်မ (၁၄၈) ခံစားခွင့်လစာ**

အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများသည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးသော လစာကို ရယူခံစားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၄၉) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း**

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးတာဝန်မှတပါး -

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကိုအခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ) လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့တခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

**ပုဒ်မ (၁၅၀) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများကို စွပ်စွဲပြစ်တင်ခြင်း**

(က) အောက်ဖော်ပြပါ အခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများကို စွပ်စွဲ ပြစ်တင်နိုင်သည်။

(၁) အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကိုချိုးဖောက်ခြင်း

(၂) အကျင့်သိက္ခာ ပျက်ပြားခြင်း

(၃) သတ်မှတ်ပြဋ္ဌာန်းထားသောအရည်အချင်းနှင့် တာဝန်များ မကျေပွန်ခြင်း

(ခ) အထက်ပုဒ်မခွဲ (က) ပါ အခြေအနေတရပ်ရပ်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးတဦးဦးကို စွပ်စွဲပြစ်တင်လိုကြောင်း ပြည်ထောင်စုအဆင့် လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ် စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော်က တင်ပြလာပါက အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်နှင့် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်မှ တူညီသော ကိုယ်စားလှယ်အရေအတွက် ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အသွင်ကူး ပြောင်းရေးကာလလွှတ်တော်နှစ်ရပ် ညှိနှိုင်း၍ ဖွဲ့စည်းရမည်။

(ဂ) ယင်းကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက် လွှတ်တော်နှင့်အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်သို့ အသီးသီး တင်သွင်း ၍ အဆုံးအဖြတ် ရယူရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ လွှတ်တော် (၂) ရပ်စလုံးတွင် သီးခြားစီမဲခွဲ၍ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်ထက်ဝက်ကျော်စီမှ တရားစွဲဆိုခြင်း မှန်ကန်သည်ဟု ဆုံးဖြတ်မှသာ စွပ်စွဲပြစ်တင် ခြင်းခံရသည့် တရားသူကြီးကို တာဝန်မှရပ်စဲကြောင်း ပြည်ထောင်စုသမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ရမည်။

**ပုဒ်မ (၁၅၁) ကင်းလွတ်ခွင့်**

ဖက်ဒရယ်တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်းမှလွဲ၍ ၎င်းတို့၏ တရား စီရင်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အရေးယူတရားစွဲဆိုခြင်း မခံထိုက်စေရ။

## အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်

**ပုဒ်မ (၁၅၂) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း**

(က) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုသမ္မတမှ ဖက်ဒရယ်အထက်လွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူပြီး ခန့်အပ်ရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် မည်သည့်လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ အမည်စာရင်းတင်သွင်းခြင်း မပြုရ။

(ဃ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအနက်မှ တဦးကို တရားသူကြီးချုပ်အဖြစ် မိမိတို့ အချင်းချင်းထဲမှ ရွေးချယ်ပြီး၊ ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

## ပုဒ်မ (၁၅၃) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်း

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် -

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံး အသက် (၄၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) ဥပဒေရေးရာလုပ်ငန်းများတွင် အနည်းဆုံး (၁၀) နှစ် အတွေ့ အကြုံရှိပြီးသူ ဖြစ်ရမည်။

## ပုဒ်မ (၁၅၄) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ သက်တမ်းကာလ

(က) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ သက်တမ်းသည် ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သက်တမ်းအတိုင်းဖြစ်သည်။

(ခ) အောက်ပါအခြေအနေများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ သက်တမ်းကုန်ဆုံးရမည်။

(၁) တရားသူကြီးကိုယ်တိုင်က ပြည်ထောင်စုသမ္မတထံသို့ နုတ်ထွက်လွှာတင်သွင်းလျှင်ဖြစ်စေ၊

(၂) မိမိ၏တာဝန်ကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင်ဖြစ်စေ၊

(၃) အသက် (၇၅) နှစ်ပြည့်မြောက်လျှင်ဖြစ်စေ၊ သက်တမ်းကာလ ကုန်ဆုံးစေရမည်။

## ပုဒ်မ (၁၅၅) ရုံးထိုင်ရာနေရာ

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု၏ မြို့တော်တွင် ရုံးထိုင်ရမည်။ အသွင်ကူးပြောင်းရေးကာလ တရားလွှတ်တော်ချုပ်ကို ပြည်နယ်များရှိ ပြည်ထောင်စု တရားရုံးများတွင် ရုံးထိုင်ခွင့်ရှိစေရမည့်အပြင် လိုအပ်ပါက အခြားနေရာများတွင်လည်း ရုံးထိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၁၅၆) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့် အာဏာ

(က) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများသည် ပုဒ်မ (၁၄၇) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) ပြည်နယ်တခု၏ပြည်နယ်သားများနှင့် အခြားပြည်နယ်တခု၏ ပြည်နယ်သားများ အကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများနှင့် မှုခင်းများ

(၂) ပြည်နယ်တရားရုံးချုပ်တခုမှ အခြားပြည်နယ် တရားရုံးချုပ်တခုသို့ လွှဲပြောင်းစစ်ဆေးရန် အမှုများ

(၃) ပြည်နယ်တရားရုံးတခုနှင့် အခြားပြည်နယ်တရားရုံးတခုအကြား စီရင်ပိုင်ခွင့်နှင့် ပတ်သက်သည့် အငြင်းပွားမှုများ

(၄) နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) ပြည်နယ်အစိုးရ (သို့မဟုတ်) ဖက်ဒရယ် ပြည်ထောင်စုတို့အကြားချုပ်ဆိုသော စာချုပ်စာတမ်းများကိုအကြောင်းပြု၍ ပေါ်ပေါက်သော အငြင်းပွားမှုများ

(၅) လူမဲ့ဖြစ်ခြင်းနှင့် ဒေဝါလီခံခြင်းဆိုင်ရာမှုခင်းများ

(ခ) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါ စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်ရှိသည်။

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်

(၂) အာဏာပေးစာချွန်တော်အမိန့်

(၃) တားမြစ်စေစာချွန်တော်အမိန့်

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်

(၅) အမှုခေါ်စာချွန်တော်အမိန့်

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များ

**ပုဒ်မ (၁၅၇) ခံစားခွင့်လစာ**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးသော လစာကို ရယူခံစားပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၅၈) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း**

အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးတာဝန်မှတပါး -

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကိုအခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ) လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့ တခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

**ပုဒ်မ (၁၅၉) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို စွပ်စွဲပြစ်တင်ခြင်း**

(က) အောက်ဖော်ပြပါအခြေအနေများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများကို စွပ်စွဲပြစ်တင်နိုင်သည်။

(၁) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ချိုးဖောက်ခြင်း

(၂) အကျင့်သိက္ခာပျက်ပြားခြင်း

(၃) သတ်မှတ်ပြဋ္ဌာန်းထားသော အရည်အချင်းနှင့် တာဝန်များ မကျေပွန်ခြင်း

(ခ) အထက်ပုဒ်မခွဲ (က) ပါ အခြေအနေတရပ်ရပ်ကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးတဦးဦးကို စွပ်စွဲပြစ်တင်လိုကြောင်း လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော်က တင်ပြလာပါက အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်နှင့် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်မှ တူညီသောကိုယ်စားလှယ်အရေအတွက် ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အသွင်ကူးပြောင်းရေးကာလ လွှတ်တော်နှစ်ရပ် ညှိနှိုင်း၍ ဖွဲ့စည်းရမည်။

(ဂ) ယင်းကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော်နှင့် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်သို့ အသီးသီးတင်သွင်း၍ အဆုံးအဖြတ် ရယူရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ လွှတ်တော် (၂) ရပ်စလုံးတွင် သီးခြားစီမဲခွဲ၍ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ် ထက်ဝက်ကျော်စီမှ စွပ်စွဲပြစ်တင်ခြင်း မှန်ကန်သည်ဟု ဆုံးဖြတ်မှသာ စွပ်စွဲပြစ်တင်ခံရသည့် တရားသူကြီးကို တာဝန်မှရပ်စဲကြောင်း ပြည်ထောင်စုသမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ရမည်။

**ပုဒ်မ (၁၆၀) ကင်းလွတ်ခွင့်**

ဖက်ဒရယ်တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်းမှလွဲ၍ ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆိုခြင်း မခံထိုက်စေရ။

## အခန်း (၉)

## ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာခွဲဝေခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း

**ပုဒ်မ (၁၆၁) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်း**

(က) ဖက်ဒရယ်စနစ်၏အခြေခံမူဖြစ်သော စုပေါင်းအုပ်ချုပ်ခြင်း (Shared-rule) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) အရ ဖွဲ့စည်းထားသော ပြည်နယ်များ အကြားတွင် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာခွဲဝေကျင့်သုံးခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် အာဏာများကို ခွဲဝေကျင့်သုံးခြင်း 'မူ' အရ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာ၊ ထပ်တူပြုအာဏာများနှင့် ကြွင်းကျန်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သော အခွင့်အာဏာများကို ပြည်ထောင်စုသို့ အပ်နှင်းသည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်းဖေါ်ပြထားခြင်း မရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။ (FDC - ၆)

**ပုဒ်မ (၁၆၂) ပြည်ထောင်စုအာဏာ**

(၁) ဖက်ဒရယ် ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုလုံခြုံရေးဆိုင်ရာအဖွဲ့များ

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်

(၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့

(၄) ပြည်ထောင်စုလုံခြုံရေးကောင်စီ

(၅)	ပြည်ထောင်စုရဲတပ်ဖွဲ့

(၆)	လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း

(၇)	နိုင်ငံသားများ စစ်မှုထမ်းခြင်း

(၈)	အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ သဘောတူညီချက်များ

(၉)	ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များ

(၁၀)	နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေး

(၁၁)	ငွေစက္ကူထုတ်လုပ်ဖြန့်ချိရေး

(၁၂)	ပြည်ထောင်စုဘဏ်

(၁၃)	ပြည်ထောင်စု စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး

(၁၄)	အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း

(၁၅)	ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ် အသားဆိုင်ရာ

(၁၆)	အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ

(၁၇)	နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်း

(၁၈)	ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း

(၁၉)	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၂၀)	ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲစနစ်

**ပုဒ်မ (၁၆၃) ပြည်နယ်အာဏာ**

(၁)	ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

(၂)	ဒေသန္တရအစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခြင်း

(၃)	မြေနှင့် သဘာဝသယံဇာတ

(၄)	ပြည်နယ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ

(၅)	ပြည်နယ်ကုန်သွယ်ရေး

(၆)	ပြည်နယ်လမ်းပန်းဆက်သွယ်ရေး

(၇)	နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

(၈)	ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ (Cultural Self-Determination)

(၉)	ပညာရေး

(၁၀) ပြည်နယ် စက်မှုလက်မှုနှင့် နည်းပညာ

(၁၁) ကျန်းမာရေး

(၁၂) ပြည်နယ်လူမှုဖူလုံရေး

(၁၃) စိုက်ပျိုးရေး

(၁၄) မွေးမြူရေး

(၁၅) ပြည်နယ်သားဆိုင်ရာ ကိစ္စရပ်များ

(၁၆) ပြည်နယ်ဝန်ထမ်းများနှင့် သင်ကြားလေ့ကျင့်ရေး

(၁၇) ပြည်နယ်ရွေးကောက်ပွဲကော်မရှင်

(၁၈) ပြည်နယ်ရွေးကောက်ပွဲစနစ်

(၁၉) ပြည်နယ်တရားရေး (Customary law ကိုအခြေခံသော တရားစီရင်ရေး)

**ပုဒ်မ (၁၆၄) ထပ်တူပြုအာဏာ**

(၁) ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးများနှင့် လေကြောင်းလုပ်ငန်းများ

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် အပါအဝင် အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ

(၃) နယ်စပ်ကုန်သွယ်ရေးနှင့် သွင်းကုန်ထုတ်ကုန် အခွန်ကောက်ခံခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ထောင်စုအတွင်း ကုန်သွယ်ရေး

(၄) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းဆိုင်ရာများ

(၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ

(၆) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(၇) အခွန်ဘဏ္ဍာခွဲဝေခြင်း

(၈) အခြေခံအဆောက်အအုံများ

(၉) ပြည်သူ့ကြွေးမြီ

(၁၀) ဝန်ထမ်းလစာ၊ ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေဆိုင်ရာ ကိစ္စရပ်များ

(၁၁) နိုင်ငံရေးတာဝန်ထမ်းဆောင်သူပုဂ္ဂိုလ်များ၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

(၁၂) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရက်များနှင့်လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး စံနှုန်း သတ်မှတ်ချက်များ

(၁၃) အမျိုးသမီးများအတွက် လုပ်ငန်းခွင်ဆိုင်ရာ အထူးအစီအမံများ

(၁၄) အလုပ်သမားနှင့် တောင်သူလယ်သမားဆိုင်ရာ ကိစ္စရပ်များ

(၁၅) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ခြားနားစွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး

(၁၆) ကလေးများအခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(၁၇) အခြေခံပညာကို အခမဲ့သင်ကြားခွင့်

(၁၈) ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာကိစ္စရပ်များ

(၁၉) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ

(၂၀) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ

(၂၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၂၂) လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(၂၃) ဖွားသေစာရင်း မှတ်ပုံတင်ခြင်း

(၂၄) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေဆိုင်ရာ ကိစ္စရပ်များ

(၂၅) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာ ကိစ္စရပ်များ

(၂၆) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

(၂၇) အသင်းအဖွဲ့များနှင့် သမဂ္ဂများဖွဲ့စည်းခြင်း

(၂၈) ဓလေ့ထုံးတမ်း ကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း

(၂၉) လူနည်းစုအခွင့်အရေးများကာကွယ်ခြင်း

(၃၀) ဝန်ထမ်းလေ့ကျင့်ရေး

(၃၁) ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာနှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ

(၃၂) နိုင်ငံရေးပါတီများဆိုင်ရာ ကိစ္စရပ်များ

(၃၃) အရေးပေါ်အခြေအနေဆိုင်ရာကိစ္စရပ်များ

(၃၄) ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းနှင့် ပြည်နယ်နိမိတ်သတ်မှတ်ခြင်း

(၃၅) ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

**ပုဒ်မ (၁၆၅)** ထပ်တူဥပဒေပြုအညွန်းများနှင့်ပတ်သက်လျှင် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု တစ်ဝန်းလုံးကို လွှမ်းခြုံမည့် မူဘောင်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရမည်။ ပြည်နယ်များမှ အသေးစိတ်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။

**ပုဒ်မ (၁၆၆) ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဆိုင်ရာ အခြေခံမူဝါဒများ**

(က) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော ပြည်နယ်၏ လုပ်ပိုင်ခွင့် ကဏ္ဍများကို ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပြည်နယ်များသည် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

(ခ) ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲနိုင်သည့် ဘဏ္ဍာရေး အရင်းအမြစ်များ၊ ပြည်နယ်မှ စီမံခန့်ခွဲနိုင်သည့် ဘဏ္ဍာရေး အရင်းအမြစ်များ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အကြား အညီအမျှခွဲဝေရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ၎င်းတို့ကိုသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ဘဏ္ဍာရေးဆိုင်ရာ ပူးတွဲကော်မတီတရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို စီမံခန့်ခွဲမည့် သီးခြားယန္တရားကို ဖွဲ့စည်းထူထောင်ရမည်။

(ဃ) ပြည်နယ်အစိုးရသည် ပြည်နယ်အစိုးရက စီမံခန့်ခွဲရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို စီမံ ခန့်ခွဲမည့် သီးခြားယန္တရားကို ဖွဲ့စည်းထူထောင်ရမည်။

(င) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အကြား အညီအမျှခွဲဝေရမည့် ဘဏ္ဍာရေး အရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ ပူးတွဲကော်မတီက စီမံခန့်ခွဲရမည်။

(စ) ဘဏ္ဍာရေးဆိုင်ရာပူးတွဲကော်မတီသည် အခွန်နှုန်းထား သတ်မှတ်ခြင်းနှင့် ခွဲဝေခြင်းကို (၅) နှစ် လျှင် တကြိမ် ပြန်လည်သုံးသပ်ရမည်။

(ဆ) ပြည်ထောင်စုအစိုးရမှ ပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲပြောင်းခြင်းကို ပြည်ထောင်စုအစိုးရမှ စီမံ ဆောင်ရွက်ရမည်။

(ဇ) ပြည်ထောင်စုအစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဘဏ္ဍာငွေကို အသုံးပြု၍ ပြည်နယ်များအကြား သာတူညီမျှရေးအစီအစဉ်ကို ဖော်ဆောင်ရန်အတွက် သီးခြားလွတ်လပ်သည့် ကော်မရှင်တရပ်ကို ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဈ) ပြည်နယ်တခုနှင့် တခုအကြား ဘဏ္ဍာငွေလွှဲပြောင်းခြင်းကို သက်ဆိုင်ရာပြည်နယ်များမှ ညှိနှိုင်း ဆောင်ရွက်ရမည်။

(ည) ပြည်နယ်တခုနှင့်တခုအကြား အခွန်နှုန်းထား သတ်မှတ်ချက်များ ကွာဟမှု ကျဉ်းမြောင်းရေး အတွက် ပြည်နယ်အသီးသီးမှ တာဝန်ခံဆောင်ရွက်ရမည်။

(ဋ) ပြည်နယ်အစိုးရသည် အခြေခံအဆောက်အဦအသုံးစရိတ်များအတွက် ပြည်ထောင်စုအစိုးရနှင့် ဘွန်းစာချုပ် ဈေးကွက်များမှ ချေးငွေများ ရယူပိုင်ခွင့်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ အစည်းများနှင့် နိုင်ငံခြားအစိုးရများထံမှ ချေးငွေရယူပိုင်ခွင့် မရှိစေရ။

(ဌ) ဒေသန္တရအစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဘဏ္ဍာရေးအရင်းအမြစ်များကို ပြည်နယ်၏ စီမံခန့်ခွဲပိုင် ခွင့်ရှိသော အရင်းအမြစ်များထဲမှ ခွဲဝေ၍ သက်ဆိုင်ရာပြည်နယ်မှ သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဍ) ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းရမည်။

(ဃ) ပြည်နယ်နှင့် ဒေသန္တရအစိုးရများ၏ အသုံးစရိတ်များကို ပြည်နယ်လွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းရမည်။

(ဏ) သဘာဝသယံဇာတ ရောင်းချခြင်းမှ ရရှိသည့် အကျိုးအမြတ်များကို ခွဲဝေရန်အတွက် သဘာဝသယံဇာတဆိုင်ရာ ပူးတွဲကော်မတီတရပ်ကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်များမှ ဖွဲ့စည်းရမည်။

(တ) သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ဒေသနေပြည်သူလူထု၏ သဘောထားကို ရယူခြင်း၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုကို စောင့်ကြည့်ခြင်း၊ သဘာဝသယံဇာတ ထုတ်ယူ သုံးစွဲမှုကြောင်း နစ်နာသူများကို လျော်ကြေးပေးခြင်းနှင့် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုကြောင်း ပျက်စီးယိုယွင်းမှုများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုပေးမည့် သီးခြားလွတ်လပ်သော သဘာဝ သယံဇာတဆိုင်ရာကော်မရှင်တရပ်ကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်များမှ ညှိနှိုင်းဖွဲ့စည်းရမည်။

## အခန်း (၁၀)

## နိုင်ငံသားဖြစ်ခြင်း

### ပုဒ်မ (၁၆၇) နိုင်ငံသားအခွင့်အရေး

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၌ နိုင်ငံသားတဦး ရသင့်ရထိုက်သောအခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို တူညီစွာ ခံစားရရှိစေရမည်။

### ပုဒ်မ (၁၆၈) နိုင်ငံသားဖြစ်ခြင်းဆိုင်ရာဥပဒေ

နိုင်ငံသားဖြစ်ခြင်းဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းရမည်။

### ပုဒ်မ (၁၆၉) နိုင်ငံသား အလိုအလျောက်ဖြစ်ခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုခု၏ ပြည်နယ်သားတဦးသည် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်သည်။

(ခ) နိုင်ငံသားမိဘနှစ်ဦးမှ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဂ) နိုင်ငံသားမိဘ တဦးဦးမှ ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်အတွင်း၌ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဃ) ဤအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်အချိန်တွင် နိုင်ငံသားဖြစ်ပြီးသူများသည် အလိုအလျောက်နိုင်ငံသားဖြစ်သည်။

**ခြွင်းချက်။** ဤပုဒ်မ (၁၆၉) ပုဒ်မခွဲ (ဃ) အရ နိုင်ငံသားဖြစ်ပြီးသူများဟုဆိုရာတွင် တရားမဝင်သောနည်းလမ်းတခုခုကို အသုံးပြု၍ နိုင်ငံသားဖြစ်ထားသူများ အကျုံးမဝင်စေရ။

### ပုဒ်မ (၁၇၀) ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီအချိန်တွင် မြန်မာနိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူများသည် ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားလာလျှင် နိုင်ငံသားဖြစ်ခွင့် ပြန်လည်ရရှိစေ

ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု နယ်နိမိတ်ပြင်ပ၌ နိုင်ငံသားမိဘ တဦးဦးမှ မွေးဖွားလာသောကလေးသည် နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၇၁) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခွင့်**

(က) ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မတိုင်မီကပင် မြန်မာနိုင်ငံအတွင်း၌ မွေးဖွား၍ အစဉ်တစိုက်နေထိုင်လာခဲ့သော နိုင်ငံခြားသားများသည် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသား ဖြစ်ခွင့်ရှိစေရမည်။

(ခ) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၇၂) တပြိုင်နက် နိုင်ငံသားဖြစ်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် အခြားနိုင်ငံတခု၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ ထိုသို့ခံယူခြင်းကြောင့် မူလဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်မှုကို အလိုအလျောက် ဆုံးရှုံးခြင်း မရှိစေရ။ တပြိုင်နက်တည်း နိုင်ငံသားဖြစ်ခွင့်ရှိသည်။

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလတွင် ဆောင်ရွက်ရန် မဖြစ်နိုင်သေးပါ။

**ပုဒ်မ (၁၇၃) နိုင်ငံသားအဖြစ် မဲပေးပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တခုသို့သော်လည်းကောင်း၊ အခြားနိုင်ငံတခုသို့သော်လည်းကောင်း ယာယီပြောင်းရွှေ့နေထိုင်သော်လည်း ဖက်ဒရယ်ပြည်ထောင်စု တခုလုံးနှင့် သက်ဆိုင်သော ဆန္ဒခံယူပွဲ၊ ရွေးချယ်တင်မြှောက်ပွဲများတွင် မဲပေးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၇၄) ပြည်နယ်သားဖြစ်ခြင်း**

(က) ၁၉၄၈၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်ရေးရရှိချိန်ကတည်းက ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုခု၏ နယ်နိမိတ်အတွင်း မျိုးရိုးစဉ်ဆက်နေထိုင်လာခဲ့ကြသော ဒေသခံဌာနေ တိုင်းရင်းသားလူမျိုးများသည် ထိုပြည်နယ်၏ ပြည်နယ်သား အလိုအလျောက်ဖြစ်ခွင့်ရှိသည်။

(ခ) ပုဒ်မ (၁၆၉) ပြဋ္ဌာန်းချက်နှင့်အညီ အလိုအလျောက်နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းသည့်အချိန်တွင် နေထိုင်ရာပြည်နယ်၏ ပြည်နယ်သား အလိုအလျောက်ဖြစ်ခွင့်ရှိသည်။

(ဂ) ပုဒ်မ (၁၇၀)၊ (၁၇၁) နှင့် (၁၇၂) တို့၏ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းသည့်အချိန်တွင် နေထိုင်ရာပြည်နယ်၏ ပြည်နယ်သားလျှောက်ထားပိုင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုတာဝန်များကို ထမ်းဆောင်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားစီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တခုမှ အခြားပြည်နယ်တခုသို့ ပြောင်းရွှေ့နေထိုင်သူများသည် ယင်းပြောင်းရွှေ့နေထိုင်ရာဒေသ၌ ပြည်နယ်သားအဖြစ် ခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။

(င) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုခု၏ ပြည်နယ်သား (ဌာနေတိုင်းရင်းသား) ဖြစ်ခဲ့သော်လည်း

အကြောင်း အမျိုးမျိုးကြောင့် အခြားပြည်နယ်တခုခုတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီးနောက်၊ မိမိ၏ ဇာတိ ပြည်နယ်သားအဖြစ် ပြန်လည်ခံယူလိုသူများသည် ပြည်နယ်သားအဖြစ် ခံယူရန် လျှောက်ထားပိုင်ခွင့် ရှိသည်။

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလတွင် ဤပုဒ်မ ထည့်သွင်းပြဋ္ဌာန်းရန် လို-မလို ဆက်လက်ဆွေးနွေးရန်။

**ပုဒ်မ (၁၇၅) ပြည်နယ်သားဖြစ်ခြင်းဆိုင်ရာဥပဒေ**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်လွှတ်တော်တို့သည် သက်ဆိုင်ရာပြည်နယ်သားဖြစ်ခြင်း ဥပဒေများကို ပြည်ထောင်စုလွှတ်တော်နှင့် ညှိနှိုင်းတိုင်ပင်၍ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလတွင် ဆောင်ရွက်ရန် မဖြစ်နိုင်သေးပါ။

**ပုဒ်မ (၁၇၆) ပြည်နယ်သားအခွင့်အရေး**

နိုင်ငံသားတဦးသည် မိမိနေရင်းဒေသပြည်နယ်မှ အခြားပြည်နယ်တခုအတွင်းသို့ ပြောင်းရွှေ့နေထိုင်သောကိစ္စတွင် ပြောင်းရွှေ့နေထိုင်ရာ ပြည်နယ်၏ ဥပဒေနှင့်အညီသာလျှင် အဆိုပါပြည်နယ်၏ ပြည်နယ်သားဖြစ်ခွင့်နှင့် မဲပေးပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ရရှိစေရမည်။

**ပုဒ်မ (၁၇၇) ပြည်နယ်သားအဖြစ် မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် သက်ဆိုင်ရာ ပြည်နယ်တခုခုတွင်သာ မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကိုကျင့်သုံးပိုင်ခွင့်ရှိသည်။ ယင်းအခွင့်အရေးကို ပြည်နယ်တခုထက်ပို၍ ကျင့်သုံးပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၁၇၈) အဝေးရောက်နိုင်ငံသားများ**

ဖက်ဒရယ်ပြည်ထောင်စု၏ပြင်ပ အခြားနိုင်ငံများသို့ ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားဆိုင်ရာကိစ္စရပ်များအတွက် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၇၉) နိုင်ငံသားအဖြစ် ပြန်လည်လက်ခံခြင်း**

(က) တစ်ပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်ခေတ်များတွင် မတရားသောဥပဒေများကြောင့် နိုင်ငံသားဖြစ်ခွင့် အခွင့်အရေးဆုံးရှုံးသူများနိုင်ငံသားဖြစ်ခွင့်ပြန်လည်ရရှိနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကော်မရှင်ကို ဖွဲ့စည်း၍ အသွင်ကူးပြောင်းရေးကာလအတွင်း စတင်ဆောင်ရွက်နိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပုဒ်မ (၆၁) နှင့် (၆၂) ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းစစ်နှင့် အခြားသော နိုင်ငံရေးအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားဖြစ်ခွင့် လက်လွတ်ဆုံးရှုံးသူများကို နိုင်ငံသားပြန်လည်ရရှိခွင့် ရရှိနိုင်ရေးအတွက် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် တွဲဖက်၍ နိုင်ငံသားပြန်လည်စိစစ်ရေးကော်မရှင်ကို ဖွဲ့စည်း၍ အသွင်ကူးပြောင်းရေးကာလအတွင်း စတင်ဆောင်ရွက်နိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပုဒ်မ (၆၁) နှင့် (၆၂) ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး

**ပုဒ်မ (၁၈၀) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအခြေခံမူများ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့အားလုံးသည် ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူအားလုံး၏ လူသားလုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမူ ပုဒ်မ (၁၅- က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့အားလုံးသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်အခါမဆို အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိစေရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမူ ပုဒ်မ (၁၅- ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လူသားလုံခြုံရေးကို အခြေခံသောမူဝါဒများ ချမှတ်ကျင့်သုံးနိုင်ရေးအတွက် အောက်ပါလူသား လုံခြုံရေးကဏ္ဍ (၇) ရပ်ကို အကောင်အထည်ဖော်ကျင့်သုံးရမည်။

(၁) အစားအသောက်လုံခြုံမှု (Food Security)

(၂) ကျန်းမာရေးလုံခြုံမှု (Health Security)

(၃) စီးပွားရေးလုံခြုံမှု (Economic Security)

(၄) နိုင်ငံရေးလုံခြုံမှု (Political Security)

(၅) ပုဂ္ဂိုလ်ရေးလုံခြုံမှု (Personal Security)

(၆) ရပ်ရွာအသိုင်းအဝိုင်းလုံခြုံမှု (Community Security)

(၇) သဘာဝပတ်ဝန်းကျင်လုံခြုံမှု (Environmental Security)

(ဃ) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများအတွက် လိုအပ်သောဥပဒေနှင့် နည်းဥပဒေများကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စု၏ ''ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ'' ကို ဖွဲ့စည်းရမည်။ ယင်း ကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီများမှ အနည်းဆုံး တဦးစီ အပါအဝင် ကောင်စီဝင် စုစုပေါင်း (၅၀) ရာခိုင်နှုန်းမကျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ပါဝင်၍ ဖွဲ့စည်းစေရမည်။

(ဇ) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံရေးပါတီ၏ ပါတီဝင်မျှ မဖြစ်စေရ။ မည်သည့်နိုင်ငံရေးပါတီ (သို့မဟုတ်) လူပုဂ္ဂိုလ်တို့၏ သြဇာခံ မဖြစ်စေရ။

(ဈ) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဖွဲ့စည်း တာဝန်ပေးအပ်မှုတွင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ အချိုးကျ ကိုယ်စားပြုမှု ရှိစေရမည်။

(ည) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အတွင်း လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်နှင့် လိင်စိတ်ခံယူမှုတို့အပေါ် အခြေခံ၍ ခွဲခြား ဆက်ဆံခြင်း မရှိစေရ။

(ဋ) ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ရဲတပ်ဖွဲ့များကို သီးခြားစီဖွဲ့စည်းပေးရမည်။ (FDC- )

(ဌ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ပြည်နယ်ရဲတပ်ဖွဲ့များကို ပုဒ်မ (၁၈၅) နှင့် (၁၈၆) တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းရမည်။

**ပုဒ်မ (၁၈၁) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ**

(က) ပြည်ပကျူးကျော်မှုကို ကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ပြည်ထောင်စု တပ်မတော်တရပ်ကို ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် ပြည်နယ်လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ရှိသည်။

(ဂ) နယ်စပ်လုံခြုံရေးတပ်ဖွဲ့၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ ထောက်လှမ်းရေးအဖွဲ့၊ အကောက်အခွန်ဌာနနှင့် လူဝင်မှု ကြီးကြပ်ရေးဌာနတို့၏ လက်နက်ကိုင်ဆောင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအဖွဲ့များကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

**ပုဒ်မ (၁၈၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်**

(က) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပရန်မှ ကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်တရပ်ကို ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများနှင့်အညီ ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် လိုအပ်ချက်နှင့် . အညီ ဖွဲ့စည်းထားရှိရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ စစ်သေနာပတိချုပ်ဖြစ်စေရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသော ပြည်ထောင်စုတပ်မတော်၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများကို တာဝန်ခံဆောင်ရွက်ရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ နေ့စဉ်လုပ်ငန်းဆိုင်ရာကိစ္စများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် ရှိစေရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးအဖြစ် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသူ မည်သူ့ကိုမျှ ခန့်အပ်ခြင်း မရှိစေရ။ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးသည် အရပ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ဖြစ်စေရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ခွဲဝေသတ်မှတ်ထားသည့် ပြည်ထောင်စုဘဏ္ဍာငွေဖြင့်သာ သုံးစွဲလည်ပတ်ရမည်။ တပ်မတော်အကျိုးစီးပွားအတွက် သီးသန့်စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်းမရှိစေရ။

(ဇ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ဘဏ္ဍာရေးတာဝန်ခံမှုရှိပြီး တပ်ဖွဲ့ဝင်များ၏ အဂတိလိုက်စားမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

(ဈ) အုပ်ချုပ်ခြင်း၊ ကွပ်ကဲခြင်း၊ တရားရေးသုံးသပ်ချက်များ ပြုလုပ်ခြင်းတို့မှအပ တပ်မတော်၏ လုပ်ငန်းဆောင်တာများတွင် နိုင်ငံရေးအရ တာဝန်ရှိသူများက ဥပဒေနှင့်အညီ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ။

(ည) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သီးခြားစစ်တက္ကသိုလ်များ ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ မှ အချိုးကျတက်ရောက်သင်ကြားခွင့် ရှိစေရမည်။

(ဋ) စစ်ပညာသင်တန်းအဆင့်ဆင့်တွင် စစ်ဘက်ဆိုင်ရာဘာသာရပ်များအပြင် ဒီမိုကရေစီအခြေခံကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာသဘောတရားများ၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ

ဥပဒေအပါအဝင် အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာ အခြေခံသဘောတရားများကိုပါ ထည့်သွင်းသင်ကြားပို့ချရမည်။

(ဌ) နိုင်ငံသားများ စစ်မှုထမ်းရေးဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၈၃) ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့

(က) ဖက်ဒရယ် ပြည်ထောင်စုနှင့် သက်ဆိုင်သော အမျိုးသားလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများနှင့်အညီ ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ထားရှိရမည်။

(ဂ) ပြည်ထောင်စုအဆင့်လွှတ်တော်များတွင် ပြည်ထောင်စုဆိုင်ရာ ပြည်တွင်းလုံခြုံရေးကော်မတီ (Domestic Security Affairs) ထားရှိပြီး ပြည်ထောင်စုရဲတပ်ဖွဲ့ရေးရာကိစ္စရပ်များကို ကွပ်ကဲရမည်။

(ဃ) ပြည်ထောင်စုရဲတပ်ဖွဲ့မှ လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးဆိုင်ရာကွပ်ကဲမှု (Judicial Oversight) ရှိရမည်။

(င) ပြည်ထောင်စုရဲတပ်ဖွဲ့၏ အသုံးစရိတ်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ စိစစ်အတည်ပြုပေးရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပတ်သက်သည့်ဥပဒေများကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၈၄) ပြည်ထောင်စုရဲတပ်ဖွဲ့၏ တာဝန်များ

(က) ပြည်ထောင်စုအဆင့် သတ်မှတ်ကိုင်တွယ်ရမည့် မှုခင်းကြီးတင်ကာကွယ်တားဆီးခြင်း၊ မှုခင်းစုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်း၊ တရားစွဲဆိုခြင်း

(ခ) အပြည်ပြည်ဆိုင်ရာ လေဆိပ်များလုံခြုံရေး၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ လုံခြုံရေးများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း

(ဂ) သံတမန်ရေးရာ လုံခြုံရေး

(ဃ) ပြည်ထောင်စုအဆင့် အဆောက်အဦးများနှင့် ပြည်ထောင်စုအဆင့် အကြီးအကဲများ၏ နေအိမ်များကို လုံခြုံရေး တာဝန်ယူဆောင်ရွက်ရေး

(င) အမြန်လမ်းများ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

(စ) Cyber မှုခင်းများအား တားဆီးနှိမ်နင်းရေး

(ဆ) နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများအား ကိုင်တွယ်ဖြေရှင်းရေး

(ဇ) ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တပြေးညီ သက်ဆိုင်ရာဌာနများသို့ သတင်းပို့ခြင်း

(ဈ) ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(ဋ) အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်ရေးနှင့်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(ဌ) ပြည်ထောင်စုဥပဒေအရ ပေးအပ်သောတာဝန်များ

**ပုဒ်မ (၁၈၅) ပြည်နယ်ရဲတပ်ဖွဲ့**

(က) ပြည်နယ်ရဲတပ်ဖွဲ့များကို ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများနှင့်အညီ ဖွဲ့စည်းထူထောင်ရမည်။

(ခ) ပြည်နယ်ရဲတပ်ဖွဲ့များကို သက်ဆိုင်ရာပြည်နယ်လူဦးရေ၏ (၀.၂) ရာခိုင်နှုန်းထက်မပိုသော အင်အားဖြင့် ဖွဲ့စည်းခွင့်ရှိစေရမည်။

(ဂ) ပြည်နယ်ရဲတပ်ဖွဲ့ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရလက်အောက်တွင် ထားရှိရမည်။

(ဃ) ပြည်နယ်ရဲတပ်ဖွဲ့၏ အင်အားသတ်မှတ်ချက်အား ထူးခြားသော အခြေအနေအရ တိုးချဲ့သတ်မှတ်ရန်လိုအပ်ပါက ပြည်နယ်တခုခုသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက် တောင်းခံနိုင်ခွင့် ရှိစေရမည်။

(င) ပြည်နယ်ရဲတပ်ဖွဲ့၏ အသုံးစရိတ်ကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်မှ စိစစ်အတည်ပြုပေးရမည်။

(စ) ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပတ်သက်သည့်ဥပဒေများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၈၆) ပြည်နယ်ရဲတပ်ဖွဲ့၏ တာဝန်များ**

(က) ပြည်နယ်အဆင့် သတ်မှတ်ကိုင်တွယ်ရမည့် မှုခင်းကြိုတင်ကာကွယ်တားဆီးခြင်း၊ မှုခင်းစုံစမ်းခြင်း၊ ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်း၊ တရားစွဲဆိုခြင်း

(ခ) ယာဉ်စည်းကမ်းထိန်းသိမ်းရေး

(ဂ) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

(ဃ) အဓိကရုဏ်း နှိမ်နင်းရေး

(င) သစ်တောနှင့် သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး

(စ) ပြည်တွင်းခရီးသွား လုံခြုံရေး (ကားဂိတ်၊ ရထားဆိပ်၊ သင်္ဘောဆိပ်၊ လေဆိပ်)

(ဇ) ပြည်တွင်းခရီးသွားလုံခြုံရေး

(ဈ) အမြန်လမ်းများ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး

(ည) ပြည်နယ်အကြီးအကဲများ၏ လုံခြုံရေး

(ဋ) အရေးကြီးသောပုဂ္ဂိုလ်များ၏ လုံခြုံရေး

(ဎ) စည်ပင်ရဲ

(ဍ) ကမ္ဘာလှည့်ခရီးသွား ရဲလုပ်ငန်း

(ဎ) လူကုန်ကူးမှု တိုက်ဖျက်ရေး

(ဏ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေး

(တ) ပြည်နယ်ဥပဒေများမှ ပေးအပ်သောတာဝန်များ

**ပုဒ်မ (၁၈၇) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့**

(က) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များကို ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများနှင့်အညီ ဖွဲ့စည်းထူထောင်ရမည်။

(ခ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များကို သက်ဆိုင်ရာပြည်နယ် လူဦးရေ၏ (၀.၂) ရာခိုင်နှုန်းထက် မပိုသောအင်အားဖြင့် ဖွဲ့စည်းခွင့်ရှိစေရမည်။

(ဂ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရလက်အောက်တွင် ထားရှိရမည်။

(ဃ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့၏ အင်အားသတ်မှတ်ချက်အား ထူးခြားသော အခြေအနေအရ တိုးချဲ့သတ်မှတ်ရန် လိုအပ်ပါက ပြည်နယ်တခုခုသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တောင်းခံနိုင်ခွင့်ရှိစေရမည်။

(င) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့သည် ဖက်ဒရယ်ပြည်ထောင်စုမှ တာဝန်ပေးအပ်ချိန်တွင် ပြည်ထောင်စုတပ်မတော်နှင့် တွဲဖက်ဆောင်ရွက်ရသော ကာကွယ်ရေးအင်အားစုတရပ်ဖြစ်သည်နှင့်အညီ ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်၏ အခြေခံမူများကို လိုက်နာရမည်။

(စ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့သည် ဖက်ဒရယ်ပြည်ထောင်စုတာဝန်နှင့် ပြည်နယ် တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရမည်။

(ဆ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့သည် ဖက်ဒရယ်ပြည်ထောင်စုတာဝန်များကို ထမ်းဆောင်သည့်ကာလအတွင်း ကုန်ကျသည့်အသုံးစရိတ်များကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ကျခံပေးရမည်။ ပြည်နယ်များတွင် တာဝန်ပေးအပ်မှုဆိုင်ရာ အသုံးစရိတ်များကို ပြည်နယ်အစိုးရမှ ကျခံရမည်။

(ဇ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**မှတ်ချက်။** အသွင်ကူးပြောင်းရေးကာလတွင် ဤပုဒ်မကို ထည့်သွင်းပြဋ္ဌာန်းရန် လို-မလို ဆက်လက်ဆွေးနွေးရန်။

**ပုဒ်မ (၁၈၈) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့၏ တာဝန်များ**

(က) ပြည်ပရန် ကျူးကျော်မှုများကို ကာကွယ်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုမှ ပေးအပ်သောတာဝန်များအား ထမ်းဆောင်ရမည်။

(ခ) ပြည်နယ်အတွင်း အရေးပေါ်အခြေအနေနှင့် လိုအပ်ချက်အရ ပြည်နယ်အစိုးရမှ ပေးအပ်သောတာဝန်များ ကို ထမ်းဆောင်ရမည်။

(ဂ) အထက်ပါတာဝန်များကိုထမ်းဆောင်ရာတွင် အမြဲတမ်းအသင့်အနေအထားဖြစ်စေရန် စဉ်ဆက်မပြတ် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ရမည်။

(ဃ) အခြားပြည်နယ်များ၏ လိုအပ်ချက်အရ ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အရေးပေါ်အခြေအနေ ကြေညာလျှင် သက်ဆိုင်ရာပြည်နယ်အစိုးရမှ ပေးအပ်သော တာဝန်များကိုထမ်းဆောင်ရမည်။ ထိုသို့ထမ်းဆောင်ရာတွင် ရောက်ရှိရာပြည်နယ်၏ ပြည်နယ်အစိုးရကွပ်ကဲမှုအောက်တွင် ထမ်းဆောင်ရမည်။

(င) အရေးပေါ်ကာလတွင် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့တို့ကို တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာကိစ္စရပ်များကို ပုဒ်မ (၁၉၆) နှင့် ပုဒ်မ (၁၉၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## ပုဒ်မ (၁၈၉) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ပူးတွဲကော်မတီ

(က) ပြည်နယ်အသီးသီးရှိ လုံခြုံရေးတပ်ဖွဲ့များအား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုအား အကြံပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ပူးတွဲကော်မတီတရပ်ကို ထားရှိရမည်။

(ခ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ပူးတွဲကော်မတီ၏ အကြီးအကဲသည် ပြည်ထောင်စု စစ်ဦးချုပ်များ ပူးတွဲကော်မတီအဖွဲ့တွင် ပါဝင်ရမည်။

## ပုဒ်မ (၁၉၀) ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ (FCDCC)

(က) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ကို အရပ်သားအစိုးရအုပ်ချုပ်ရေး လက်အောက်တွင် ထားရှိရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၉၁) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ

(က) အသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(၁) ပြည်ထောင်စုသမ္မတ

(၂) ပြည်ထောင်စုဒုတိယသမ္မတ

(၃) ပြည်ထောင်စုဝန်ကြီးချုပ်

(၄) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ

(၅) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ

(၆) နိုင်ငံခြားရေးဝန်ကြီး

(၇) ကာကွယ်ရေးဝန်ကြီး

(၈) ပြည်ထဲရေးဝန်ကြီး

(၉) ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး

(၁၀) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

(ခ) ပြည်နယ်/ ဖက်ဒရယ်ယူနစ် ''လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီဝင်'' များမှ ပုဒ်မ (၁၈၀-ဆ) အရ စေလွှတ်သော ကိုယ်စားလှယ်များ၊

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ ဖွဲ့စည်းခြင်း ဆိုင်ရာဥပဒေကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၉၂) အသွင်ကူးပြောင်းရေးကာလ အရေးပေါ်အခြေအနေ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ် ပြည်ထောင်စုသမ္မတ သည် -

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် အပါအဝင် ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့ကို မဆို ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့်ရှိစေရမည်။

(ခ) ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်သော်လည်းကောင်း၊ သဘာဝကပ်ဘေး အန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့က ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည်။ (FDC - ၅၈)

**ပုဒ်မ (၁၉၃) အသွင်ကူးပြောင်းရေးကာလ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကော်မရှင် ဖွဲ့စည်းခြင်း**

လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်းကို ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရန် အသွင်ကူး ပြောင်းရေးကာလတွင် စတင်၍ လုံခြုံရေးဆိုင်ရာ ပြုပြင်ရေးကော်မရှင်တရပ်ကို ပုဒ်မ (၆၃) နှင့်အညီ ဖွဲ့စည်း ရမည်။

## အခန်း (၁၂)

## အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ

**ပုဒ်မ (၁၉၄) အရေးပေါ်အခြေအနေ**

အောက်ပါအခြေအနေ တရပ်ရပ်တွင် ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကို ကြေညာပိုင်ခွင့်ရှိသည်။

(က) ဖက်ဒရယ်ပြည်ထောင်စု နယ်နိမိတ်ကို ပြည်ပလက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း (သို့တည်းမဟုတ်) တိုက်ခိုက်မည်ဟု ခိုင်လုံသော အကြောင်း ရှိခြင်း။

(ခ) ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး အများပြည်သူ၏လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို သိသာထင်ရှားစွာ ခြိမ်းခြောက်၊ ထိပါး၊ ပျက်ပြားသည့် အခြေအနေ ပေါ်ပေါက်ခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်ပေါ် ခြင်း (သို့တည်းမဟုတ်) ဖြစ်ပေါ်လာရန် ခိုင်လုံသော အကြောင်းရှိခြင်း။

**ပုဒ်မ (၁၉၅) အရေးပေါ်အခြေအနေ ကြေညာခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အထက်ပုဒ်မ (၁၉၄) ပုဒ်မခွဲ (ခ) (ဂ) တို့အတွက် အရေးပေါ်အခြေအနေကြေညာပေးရန် တောင်းဆိုလာလျှင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု တဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသတခုအတွက်ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာပေးရမည်။

(ခ) အရေးပေါ်အခြေအနေကြေညာခြင်းသည် ပုဒ်မ (၁၉၄) ပုဒ်မခွဲ (က) ပါကိစ္စရပ်အတွက်ဖြစ်ပါက ဖက်ဒရယ် ပြည်ထောင်စုသမ္မတသည် အနီးကပ်ဆုံးဖက်ဒရယ် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကို ခေါ်ယူ၍ တင်ပြအတည်ပြုချက်ရယူရမည်။ လွှတ်တော် (၂) ရပ်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

**ပုဒ်မ (၁၉၆) တည်ရှိသည့်သက်တမ်းကာလ**

(က) အရေးပေါ်အခြေအနေ ကြေညာပြီးနောက် တည်ရှိရမည့်သက်တမ်းကာလကို အရေးပေါ်အခြေအနေ ကြေညာရန် လိုအပ်သည့် အကြောင်းရင်းပေါ် မူတည်၍ အောက်ပါတိုင်းသတ်မှတ်နိုင်သည်။

(၁) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်းကာလကို (၆) လအထိ သတ်မှတ်နိုင်သည်။

(၂) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်းကာလကို (၃) လအထိ သတ်မှတ်နိုင်သည်။

(၃) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်းကာလကို (၁) လအထိ သတ်မှတ်နိုင်သည်။

(ခ) အရေးပေါ်အခြေအနေ သက်တမ်းကာလကို ထပ်မံသက်တမ်းတိုးမြှင့်ရန် လိုအပ်ပါက ပုဒ်မ (၁၉၆) ပုဒ်မခွဲ (က) (၁) ပါ သတ်မှတ်ထားသည့်ကာလထက် မကျော်လွန်သော တိုးမြှင့်မှုတိုင်းကို ပြည်ထောင်စုလွှတ်တော်၏သဘောတူအတည်ပြုချက်ဖြင့်သာတိုးမြှင့်နိုင်သည်။ အကယ်၍ လွှတ်တော်နှစ်ရပ်၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုချက်မရရှိလျှင် မည်သည့်သက်တမ်းတိုးခြင်းကိုမျှ တရားဝင်မဖြစ်စေရ။

**ပုဒ်မ (၁၉၇) လုပ်ပိုင်ခွင့်နှင့်တာဝန်**

(က) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (က) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ် ပြည်ထောင်စုသမ္မတသည် -

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့ကိုမဆို ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့နှင့်ညှိနှိုင်းပြီးဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

(ခ) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (ခ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်နယ်လုံခြုံရေးတပ်များကိုစုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့်ရှိစေရမည်။

(ဂ) ပုဒ်မ (၁၉၄) ပုဒ်မခွဲ (ဂ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် -

(၁) ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့်ရှိစေရမည်။

(၂) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များနှင့် လုံလောက်ခြင်းမရှိမှသာလျှင် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို အကန့်အသတ်ဖြင့် အသုံးပြုစေရမည်။

(ဃ) အရေးပေါ်အခြေအနေကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက် မှန်သမျှကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ပုဒ်မ (၁၉၈) ဖွဲ့စည်းပုံအခြေခံဥပဒေအရ စိစစ်ခြင်း**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် -

(က) အရေးပေါ်အခြေအနေတရပ်ကြေညာခြင်း

(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်း

(ဂ) အရေးပေါ်အခြေအနေတရပ် ကြေညာခြင်းကြောင့် ပြဋ္ဌာန်းထားသောဥပဒေ (သို့တည်းမဟုတ်) အခြား လုပ်ဆောင်မှုတရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိကို စိစစ် ဆုံးဖြတ်နိုင်သည်။

**ပုဒ်မ (၁၉၉) အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး**

မည်သို့သော အရေးပေါ်အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည် တရားရုံးများတွင်သာ တည်ရှိရမည်။ တည်ဆဲဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများကသာ တရားစီရင်ရမည်။

**ပုဒ်မ (၂၀၀) ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေတရပ် ကြေညာခြင်း၏ အကျိုးဆက်ကြောင့် ပြဋ္ဌာန်းသောဥပဒေ (သို့တည်းမဟုတ်) မည်သည့်လုပ်ဆောင်မှုကမျှ အခန်း (၂) ပုဒ်မ (၂၄)၊ (၂၅) နှင့် (၂၆) ပါ အခွင့်အရေးများအပါအဝင် နိုင်ငံသားတဦး၏ လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ကို မထိခိုက်စေရ။

**ပုဒ်မ (၂၀၁) အရေးပေါ်ကာလအတွင်း ဥပဒေပြဋ္ဌာန်းချက်**

အရေးပေါ်အခြေအနေကြေညာခြင်း၏နောက်ဆက်တွဲကြောင့် လူပုဂ္ဂိုလ်နှင့်ပတ်သက်၍ဖြစ်စေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ပုဒ်မ (၂၆) ပါ ရုပ်သိမ်းပိုင်ခွင့်မရှိသောအခြေခံအခွင့်အရေးများမှလွဲ၍ မည်သည့်အခွင့်အရေးနှင့် ကန့်သတ်ချက်များအတွက်မဆို လိုအပ်သောဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၂၀၂) အရေးပေါ်အခြေအနေပြီးဆုံးခြင်း**

(က) သတ်မှတ်ထားသည့်အရေးပေါ်အခြေအနေသက်တမ်းကာလ အလိုအလျောက် ကုန်ဆုံးလျှင်ဖြစ်စေ၊ သမ္မတမှ ရုပ်သိမ်းလျှင်ဖြစ်စေ၊ လွှတ်တော်တရပ်ရပ်မှ အတည်မပြုလျှင်ဖြစ်စေ အရေးပေါ် အခြေအနေ သက်တမ်းကာလ ပြီးဆုံးစေရမည်။

(ခ) အရေးပေါ်သက်တမ်းကာလပြီးဆုံးကြောင်းကို တရားဝင်နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၃)

## အထွေထွေပြဋ္ဌာန်းချက်များ (FCDCC)

**ပုဒ်မ (၂၀၃) ဖက်ဒရယ်ပြည်ထောင်စုအလံတော်**

ဖက်ဒရယ်ပြည်ထောင်စု၏ အလံတော်မှာ ---------------

**ပုဒ်မ (၂၀၄) ဖက်ဒရယ်ပြည်ထောင်စုတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုတံဆိပ်မှာ -------------

**ပုဒ်မ (၂၀၅) ဖက်ဒရယ်ပြည်ထောင်စုရုံးတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးတံဆိပ်မှာ --------------

**ပုဒ်မ (၂၀၆) ဖက်ဒရယ်ပြည်ထောင်စုသီချင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုသီချင်းမှာ --------------

**ပုဒ်မ (၂၀၇) ဖက်ဒရယ်ပြည်ထောင်စုမြို့တော်**

ဖက်ဒရယ်ပြည်ထောင်စု၏မြို့တော်မှာ ( ) ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးစိုက်ရာ နယ်မြေကို ဖက်ဒရယ်ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်သည်။ ဖက်ဒရယ်ပြည်ထောင်စု မြို့တော်နယ်မြေအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၂၀၈) ရုံးသုံးဘာသာ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအဖြစ် ဗမာဘာသာနှင့် အင်္ဂလိပ်ဘာသာကို သတ်မှတ်သည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးတွင် ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအပြင် ယင်းပြည်နယ်၏ အမျိုးသားဘာသာကိုလည်း ရုံးသုံးဘာသာအဖြစ် သတ်မှတ်နိုင်သည်။

**ပုဒ်မ (၂၀၉) ကျမ်းသစ္စာကျိန်ဆိုခြင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ -

(က) သမ္မတ

(ခ) ဒုတိယသမ္မတ

(ဂ) ဝန်ကြီးချုပ်

(ဃ ) ဒုတိယဝန်ကြီးချုပ်

(င) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ

(စ) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

(ဆ) ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်

(ဇ) ဖက်ဒရယ်ပြည်ထောင်စု စာရင်းစစ်ချုပ်

တို့သည် မိမိတို့အားရွေးချယ်ခန့်အပ်တာဝန်ပေးခြင်း အတည်ပြုပြီးသည်နှင့်တပြိုင်နက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျမ်းကျိန်လွှာအတိုင်း သက်ဆိုင်ရာနေရာဌာနများတွင် မဆိုင်းမတွ ကျမ်းသစ္စာကျိန်ဆိုရမည်။

## အခန်း (၁၄)

## အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ (FCDCC)

**ပုဒ်မ (၂၁၀) တည်ဆဲဥပဒေများ**

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

(ခ) တည်ဆဲစည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

**ပုဒ်မ (၂၁၁) တည်ဆဲတရားရုံးများ**

အဆင့်ဆင့်သော တရားရုံးများသည် ဤအသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရေးစနစ်တရပ် ဖွဲ့စည်းပေါ်ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့်အာဏာများကို ဆက်လက် ကျင့်သုံးခွင့်ရှိစေရမည်။

**ပုဒ်မ (၂၁၂) ဝန်ထမ်းများ**

ဤအသွင်ကူးပြောင်းရေးကာလ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အစိုးရအမှုထမ်းအားလုံးသည် မူလရာထူးတာဝန်များအတိုင်း ဆက်လက်အမှုထမ်းဆောင်စေရမည်။

**မှတ်ချက်။** CDM policy နှင့် ချိတ်ဆက်၍ ပြန်လည်ညှိနှိုင်း ဖြည့်စွက်ရန်။ ပြည်နယ်ခန့်ဝန်ထမ်း၊ ပြည်ထောင်စုအစိုးရခန့် ဝန်ထမ်းကိစ္စ ဖြည့်စွက်ရန်။

**ပုဒ်မ (၂၁၃) နိုင်ငံတကာနှင့်ချုပ်ဆိုထားသော စာချုပ်စာတမ်းများ**

(က) နိုင်ငံတကာဥပဒေများနှင့်အညီ သဘောတူချုပ်ဆိုထားသော နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ် စာတမ်းများမှအပ ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက မြန်မာနိုင်ငံအစိုးရ ပါဝင်ချုပ်ဆိုခဲ့သော စာချုပ်များနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ပြန်လည်သုံးသပ်ပြီး ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ထပ်မံအတည်ပြုသော စာချုပ်စာတမ်းများသာလျှင် ဆက်လက် အတည်ဖြစ်စေရမည်။

**ပုဒ်မ (၂၁၄) လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း**

အသွင်ကူးပြောင်းရေးကာလအတွင်း လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် ယာယီလူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မရှင်တရပ် ဖွဲ့စည်းပြီး ဆောင်ရွက်စေရမည်။

## အခန်း (၁၅)

## အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း (FCDCC)

**ပုဒ်မ (၂၁၅) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း**

ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းဖြင့် အတည်ဖြစ်စေရမည်။

(က ) ပြည်ထောင်စုအဆင့် ဖက်ဒရယ်အထက်လွှတ်တော် (သို့မဟုတ်) ဖက်ဒရယ်အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံးသုံးပုံတပုံ ထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း ပြင်ဆင်ချက်ဥပဒေမူကြမ်းကို စတင်အဆိုပြုတင်သွင်းနိုင်သည်။

(ခ) ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုအဆင့် ဖက်ဒရယ်အထက်လွှတ်တော် (သို့မဟုတ်) ဖက်ဒရယ်အောက်လွှတ်တော်သို့ အကြောင်းကြား အသိပေးရမည်။

(ဂ) ပြင်ဆင်ရန်အဆိုပြုချက်ကို လက်ခံရရှိပြီးနောက် ၎င်းတို့၏ သဘောထားများကို (၃၀) ရက်အတွင်း ပြန်လည်ပေးပို့ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်တရပ်စီတွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရှိလျှင် ဥပဒေကြမ်းသည် အတည်ဖြစ်စေရမည်။

(င) အထက်ပါ အပိုဒ်ခွဲ (ဃ) အရ အတည်ပြုပြီးသော ဥပဒေကြမ်းကို ပုဒ်မ (၁၀၅) အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

**Presentation by the National Unity Government (NUG)**
**to the National Unity Consultative Council (NUCC)**
**on the preparation of the Transitional Constitution.**

1. According to Article (83) of the Term of Reference (ToR) of the National Unity Consultative Council, the National Unity Government has the right to participate in the drafting of the transitional constitution. In accordance with that provision, (2) NUG representatives have been allowed to participate in the "Transitional Constitution Drafting Working Group" (TCWG) established by the NUCC.
2. In order to assist the (2) representatives who are participating in the TCWG on behalf of the NUG and also to ensure that the activities of those (2) representatives are accountable to representing the entire NUG government, the ``Transitional Constitution Preparation Team" (TCPT) was established on 2 July in 2022 and it was then upgraded and assigned as "Transitional Constitution Preparation Committee" (TCPC) on 24 December 2022.
3. The purpose of forming the TCPC is to make the necessary preparations for the participation of the (2) representatives in TCWG to draft the transitional constitution on behalf of the NUG and then to present and discuss the "preparatory draft" to the TCWG.
4. However, the TCWG encountered a stalemate and activities were halted. While the TCWG was halted, the TCPC continued with its regular operations. Therefore, the necessary preparations were made by TCPC on a weekly basis, and the full preparatory draft was submitted to the NUG on 4 April 2023, and was officially recorded.
5. The TCPC preparatory draft recorded in the NUG cabinet was again presented at the "Ministerial Meeting" from 7 April to 26 June 2023, with the participation of all NUG ministers and deputy ministers, and weekly discussions were held. Based on the results of

the discussion at the ministerial meeting, changes were made again, and recorded for a second time at the NUG cabinet meeting held on 27 June 2023.

6. In preparing for the drafting of a transitional constitution, the NUG's TCPC used the Federal Democratic Charter Part (1) and the "Constitution of the Federal Republic of the Union of Burma (Second Draft)" by Federal Constitution Drafting and Coordinating Committee (FCDCC) as a backbone and relevant papers, drafts and proposals (Eg. (22) Basic principles of PPST, (24) Basic principles of 12 EROs…etc.) have been quoted as completely as possible.
7. The NUG's TCPC preparation draft solely focuses on the necessary preparations from the technical and legal point of view, leaving articles blank that should be included in the transitional constitution only after obtaining political agreement. Although proposals are mentioned in certain places, it is not a definitive decision and notes such as ``to continue to discuss'' are included for clarity.
8. The basic political problem of three military coups and over 75 years of ongoing armed conflicts in the country can be described as a 'Constitutional Crisis'. Therefore, constitution-making, which addresses this root cause of the country's longstanding problem for over 75 years, is not an easy task. It is not something that can be done by only one nationality, one region or one group. It is a matter that requires collaborative effort and participation from all nationalities, all regions, all ethnicities and all levels. To be able to collaborate given such a large historical responsibility of the country, the NUG conducted the necessary preparations to help the drafting of a transitional constitution and submitted it to the TCWG of the NUCC.
9. However, as the TCWG of NUCC has been in a deadlock to date, it was decided at the NUG Cabinet Meeting held on 22 August 2023 to directly submit the (preparatory draft) prepared by the NUG-TCPC to the regular monthly meeting of the NUG and the NUCC. In accordance with that decision, it has been decided to present the draft to the NUG-NUCC monthly meeting held on 25 August 2023.
10. In accordance with the decision of the National Unity Government (NUG) cabinet meeting, it was decided to formally record the NUG-TCPC's Transitional Federal Union Constitution (preparatory draft) which was submitted to the NUG-NUCC regular monthly meeting on 25 August 2023. In accordance with that decision, this complete Transitional Federal Constitution (preparatory draft) is officially submitted to the NUCC meeting on 8 September 2023 for further action as necessary.

8 September 2023

# Transitional Federal Union Constitution

(Preparatory Draft)
8 September 2023

prepared by Transitional Constitution Preparation Committee (TCPC), National Unity Government

Contents


| | |
|---|---|
| Chapter (1) | Basic Principles of the Federal Union |
| Chapter (2) | Bill of Rights, Guarantees and Duties |
| Chapter (3) | Transitional Period Arrangements |
| Chapter (4) | Constituent Assembly |
| Chapter (5) | Form of the Pyidaungsu during the Transitional Period |
| Chapter (6) | Transitional Federal Union Legislation |
| Chapter (7) | Transitional Federal Union Executive |
| Chapter (8) | Transitional Federal Union Judiciary |
| Chapter (9) | Division of Power and Resources Sharing between the Federal Union and the member states of the Federal Union |
